www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
GHOST STORY
သရဲစာစဉ်(၁၉)/GHOST STORY။ –ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၅။
၁၇၁ – စာ၊ ၁၃.၅ × ၂၁ စင်တီ။
(1) GHOST STORY

ထုတ်ဝေသူ ဦးအောင်မြင့်၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ် ၂၀၀၅ ခုနှစ်၊ (မတ်လ) အုပ်ရေ(၅၀၀)။



www.burmeseclassic.com

www.burmeseclassic.com

# GHOST STORY

သရဲဇာတ်အမှတ် (၁၉)

## မာတိကာ


| | | |
|---|---|---|
| ၁။ | ရာစိမကောင်းဆိုးဝါး | ၄ |
| ၂။ | သရဲခြောက်တဲ့သတို့သမီးဝတ်စုံ | ၂၂ |
| ၃။ | အရိုးခေါင်းမျှော်စင် | ၃၆ |
| ၄။ | ကိုးမြို့ရှင် | ၄၄ |
| ၅။ | သရဲအရုပ်လေးရောဘတ် | ၆၂ |
| ၆။ | သရဲအရုပ်လေးရောဘတ် | ၇၁ |
| ၇။ | မယုံနိုင်ဖွယ်ရာအချက်များ | ၈၈ |
| ၈။ | ဧဝေဇွန်သရဲ | ၁၀၀ |
| ၉။ | ဥမင်လိုဏ်ခေါင်းထဲက သရဲမြွေ | ၁၀၆ |
| ၁၀။ | အော်သံပေးတဲ့အရိုးခေါင်းများ | ၁၁၄ |
| ၁၁။ | တငွေ့တစ်ကောင်ရဲ့ဒသသန | ၁၃၂ |


BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဂျာစီ jersey devil မကောင်းဆိုးဝါး

အမေရိကတိုက်ရဲ့ အတ္တလန္တိတ်သမုဒ္ဒရာကမ်း ခြေတစ်လျှောက်က ပြည်နယ်တွေမှာ သရဲတစ္ဆေ [illegible] ကြောက်မက်ဖွယ် [illegible] ဖြစ်ရပ်တွေကို [illegible] ပြောဆိုလာခဲ့တာ နှစ်ပေါင်းများစွာ ရှိသွားပါပြီ။

ကိုလိုနီခေတ် [illegible] [illegible] [illegible] [illegible] မကောင်းဆိုးဝါးကြီး [illegible] [illegible] ဝါကြီးကို [illegible] [illegible] [illegible] [illegible] [illegible] [illegible]



www.burmeseclassic.com

www.burmeseclassic.com



...မြို့ကြီးလို လှပအောင်ကြည့်ထားကြပါတယ်။

ဒီဇာတ်လမ်းလေး စတင်ပေါ်ပေါက်လာတဲ့အချိန်မှာ နယူးယောက်မြို့ဟာ အင်္ဂလိပ်ကိုလိုနီလက်အောက်ခံ ဖြစ်နေပါသေးတယ်။

မြောက်အမေရိက မန်ဟက်တန်ကျွန်းရဲ့ ... ဆိုက်ကပ်လာကြသူများ နယူးယောက်မြို့ ... အခြေချ နေထိုင်ကြပြီး ... ဆင်းဆင်းရဲရဲနဲ့ အသက်မွေးခဲ့ရပါတယ်။ ဒီ ... မှာ ကျယ်ပြန့်လှတဲ့ သစ်တောကြီးတွေ သဲသောင်တွေ ... တွေနဲ့ ဖွံ့ဖြိုးတိုးတက်မှု နည်းပါးနေပါတယ်။

(၁၇၇၆)ခုနှစ်မှာ မန်ဟက်တန်ကျွန်းထိပ်ပိုင်းမှာ ... (၂၀) လောက်ရှိနေပြီး (၁၀)လောက်ကတော့ ... ရွှေ့ပြောင်းနေထိုင်ကြ ... အခုလို ... ခြံမြေကြီးတွေ ... ပါတယ်။

... ညတစ်ညမှာ ... ပါတယ်။ ... တွေနဲ့ ... တွေ အစဉ်အလာ ... ကြီး တယ်။ ဒီအချိန်မှာ ... ကြည့်ရတာဟာ ... ကိုက်နေပြီး ... ဆိုးဝါးကြီးဖြစ်နိုင် တယ်လို့ အားလုံးက ... ကြပါတယ်။

... တဲ့အခါ ... ပါ ... ပါတယ်။ ... ဖြစ်ပျက်သွားပါတော့တယ်။

... မြို့မြောက်ဘက် ... လင်နို

...

www.burmeseclassic.com



ပါနဲ့ အမြီးနှစ်ခုရှည်ကြီးကို ပါဝင်ပါတယ်။ ဖျက်ချင်းဆိုသလို ဒီကောင်လေးဟာ ဦးခေါင်းနဲ့အမြီးကို ပေ(၂၀)ကျော်ရှည်တဲ့ ဧရာမ သတ္တဝါနဲ့ [illegible]ကြီးအဖြစ် ဆူဆူညံညံ အော်ရင်း ကြီးထွားလာခဲ့ပါတယ်။

ထို့နောက် သတ္တဝါကြီးဟာ အိမ်ထဲကလူတွေကို ကြမ်းကြမ်းကြုတ်ကြုတ်ကိုက်ပြီး ဝမ်းနှိုက်သည်းကို သတ်ဖြတ်ပစ်လိုက်ပါတယ်၊ ပြီးမှ မီးခိုးခေါင်းတိုင်ကနေတစ်ဆင့် လွတ်မြောက်သွားခဲ့ပါတယ်၊ ထိုသတ္တဝါကြီးဟာ ရွာထဲကိုလည်းပတ်ပြီးမှ တောနက်ပင်မတွေ ပေါက်ရာတော ဆီသို့ ပြန်လည်ထွက်ခွာသွားခဲ့တာပါ။

ထိုအချိန်ကစပြီး ဂျာစီမကောင်းဆိုးဝါးကြီးလို့ခေါ်ကြတဲ့ [illegible] သတ္တဝါ[illegible] [illegible]ကြီးဟာ နယူးဂျာစီပြည်နယ်က ရွာတွေကို လှည့်ပတ်ခြောက်လှန့်လာပါတော့တယ်။



ဂျာစီမကောင်းဆိုးဝါး

www.burmeseclassic.com

www.burmeseclassic.com


ဒီသတင်းဟာ တောမီးပမာ တစ်မုဟုတ်ချင်းပျံ့နှံ့သွားလို့ သောက်သွေးရှင့်မာကြီးတွေတောင် ညဘက်ဆိုရင် အပြင်မထွက်ရဲ ကြတော့ပါဘူး။ ဒီသတ္တဝါကြီးဟာ ခွေး၊ ကြောင်၊ ဘဲ၊ ငန်း . . စတဲ့ အိမ်မွေးသတ္တဝါတွေအပြင် တစ်ခါတစ်ခါဆိုရင် ကလေးငယ်တွေ တိုတောင် ဖမ်းဆီးစားသောက်အထိ အတင့်ရဲလာပါသတဲ့။

ဒီသတ္တဝါကြီး ဖမ်းဆီးခေါ်သွားတဲ့ကလေးတွေဟာ ပြန် လမ်းမရှိတော့ပါဘူး။ ထိုသတ္တဝါကြီးစားသောက်ထားတဲ့ တိရစ္ဆာန် အရိုးတွေကို မကြာမကြာတွေ့ရတတ်ပါတယ်။

ထိုမိစ္ဆာသတ္တဝါကြီး အနားရောက်လာပြီး အသက်ရှူတဲ့ လေနဲ့မှုတ်လိုက်ရင်တောင် နွားခြံထဲက နို့စားနွားမတွေရဲ့ နို့တွေခမ်း ခြောက်သွားသလို . .၊ စမ်းချောင်းထဲကငါးတွေလည်း အကုန်သေ သွားတတ်တာကြောင့် ဒေသတစ်ခုလုံးကလူတွေရဲ့ အသက်မွေး ကျောင်းလုပ်ငန်းကိုတောင် ခြိမ်းခြောက်သလို ဖြစ်လာပါတယ်။

(၁၇၄၀)ပြည့်နှစ်မှာတော့ ဒီမကောင်းဆိုးဝါး သရဲမိစ္ဆာကြီး ကို ကမ္မဝါစာဖတ်ပြီး မောင်းထုတ်ပေးဖို့ ဒေသခံတွေက ဒေသအုပ် ချုပ်သူကို ပိုင်းတောင်းဆိုကြပါတယ်။ ကမ္မဝါစာဖတ်တဲ့နည်းနဲ့ နှင် ထုတ်မယ်ဆိုရင် နှစ်ပေါင်း(၁၀၀)လောက် နှင်ထုတ်နိုင်လိမ့်မယ်လို့ ဆိုတာကြောင့် ဘုန်းတော်ကြီးတွေနဲ့ ကမ္မဝါစာဖတ်ပြီး နှင်ထုတ်ကြ ကြပါတော့တယ်။ သို့သော် ဒီမကောင်းဆိုးဝါးကြီး ထွက်မသွား ခင်မှာ ထိုအရပ်ကို နှစ်ကြိမ်လောက် လာသောင်းကျန်းသွားခဲ့ပါ သေးတယ်တဲ့။

(၁၈၀၀)ပြည့်နှစ်ရောက်တဲ့အခါမှာ ရေတပ်ဗိုလ်မှူးချုပ် စတီဗင်ဒီကေတာဟာ ထိုဒေသမှာရှိတဲ့ အမြောက်ကျည်ဆံတွေ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လုပ်တဲ့ ဟန်နိုဗာသံထည်ပစ္စည်း စက်ရုံကို လာရောက်စစ်ဆေးခဲ့ပါတယ်။ အမြောက်ကျည်ဆံတွေရဲ့ အဖျက်စွမ်းအားကို စမ်းသပ်စစ်ဆေးကြည့်ဖို့ပါ။

အမြောက်စမ်းသပ်ပစ်ခတ်ဖို့လုပ်နေတုန်းမှာပဲ ထူးဆန်းလှတဲ့ သတ္တဝါကြီးတစ်ကောင်ကို တွေ့လိုက်ရပါတယ်။ ဒါနဲ့ သတ္တဝါကြီးကို အမြောက်နဲ့ချိန်ရွယ်ပစ်ခတ်လိုက်တာ ထိမှန်သွားပေမဲ့ သတ္တဝါကြီးဟာ မသေဘဲ ပျံသန်းသွားခဲ့ပါတယ်တဲ့။



ရေတာ်ဖိုလ်မှူးချုပ် ဝေါ်မင်ဒီကောဘာ

နောက်နှစ်အနည်းငယ်အကြာမှာတော့ ဒုတိယအကြိမ်ပြန်လည်ရောက်လာတဲ့ ဒီသတ္တဝါကြီးကို နပိုလီယံရဲ့ အစ်ကိုဖြစ်သူ

ကျော်မှကောင်းဆိုးဝါး

www.burmeseclassic.com

www.burmeseclassic.com



စပိန်ဘုရင်ဟောင်း ဂျိုးဇက်ဗိုနာပတ်က တွေ့မြင်သွားပါတော့တယ်။ သူဟာ နယ်စပ်မြို့လေးတစ်မြို့ အိမ်တစ်အိမ်ကိုငှားနေတာ (၁၈၁၆)ကနေ (၁၈၃၉)ခုနှစ်အထိပါပဲ။ သူဟာ နာနတ်တောအရပ်မှာ တောလိုက်ထွက်တုန်း ဒီမကောင်းဆိုးဝါးကြီးကို တွေ့မြင်ခဲ့ရတဲ့အကြောင်း မှတ်တမ်းတင်ထားခဲ့ပါတယ်။



စပိန်ဘုရင်ဂျိုးဇက်ဗိုနာပတ်

(၁၈၄၀)ပြည့်နှစ်မှာတော့ နှစ်(၁၀၀)ပြည့်သွားတဲ့အတွက် ကမ္ဘာ့ဝါစာအစွမ်းပြယ်သွားပြီး သတိပေးထားတဲ့အတိုင်း မကောင်း



www.burmeseclassic.com

www.burmeseclassic.com





ဆိုးဝါးသရဲမိစ္ဆာကြီး ရွာတွေဆီကိုပြန်ရောက်လာပြီး နှောက်ယှက် ဖျက်ဆီး သောင်းကျန်းပါတော့တယ်။

နေဝင်ပြီဆိုတာနဲ့ သိုးခြံတွေထဲကသိုးတွေကို ဖမ်းဆီးစား သောက်ရုံတင်မကဘူး၊ ကလေးငယ်တွေကိုပါ လိုက်ဖမ်းလာပါ တယ်။ ဂျာစီပြည်နယ်တောင်ပိုင်းကလူတွေဟာ မိုးချုပ်ပြီဆိုတာနဲ့ အိမ်တံခါးတွေအကုန်ပိတ်ပြီး ခွေးကတက်မှာ ရေနံဆီမီးအိမ်တစ် လုံး ထွန်းထားကြရပါတယ်။ ရည်ရွယ်ချက်ကတော့ သရဲမိစ္ဆာကြီး



www.burmeseclassic.com

www.burmeseclassic.com



မလာရဲအောင်လို့ပါ။

(၁၈)ရာစုနှောင်းပိုင်းမှာတော့ ဒီမကောင်းဆိုးဝါးကြီးအကြောင်းကို လူတွေက ဒဏ္ဍာရီသဖွယ်ပြောဆိုနေခဲ့ကြပြီး မျက်မြင်တွေ့ရှိခဲ့သူ အနည်းငယ်သာရှိခဲ့ပါတယ်။

(၁၉၀၉)ခုနှစ်မှာတော့ သရဲမိစ္ဆာကြီး နောက်တစ်ကြိမ် ပေါ်လာပြီး. . သူ့ရဲ့ခြေရာကြီးတွေကို မြင်တွေ့ကြရတဲ့လူတွေ ထောင်ပေါင်းများစွာတောင်ရှိခဲ့ပါသတဲ့။ ထိုသရဲမိစ္ဆာကြီးသောင်းကျန်းလွန်းလို့ ကျောင်းတွေတောင်ပိတ်ထားလိုက်ရပြီး လူတွေလည်းမှောင်ပြီဆိုတာနဲ့ အပြင်မထွက်ရဲကြတော့ပါဘူး။


WHAT-IS-IT VISITS ALL SOUTH JERSEY

THREE STATES

owns In New Jersey, Pennsylvania and Delaware Shaken

Confined Beneath Waters of Lake Mid gan

ခြေရာကြီးများကို သတင်းစာတွင် ဖော်ပြထားပုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ ဂျိမ်းစ်ဆက်ပီးလ်ဆိုတဲ့ ရဲအရာရှိဟာ ကင်းလှည့်နေတုန်း ဒီမကောင်းဆိုးဝါးကြီးကို မြင်တွေ့သွားခဲ့ပါတယ်။ မကောင်းဆိုးဝါးကြီးက မှောင်မှောင်မည်းမည်း လမ်းကြိုလမ်းကြားထဲကနေ လမ်းမပေါ်ကို ခုန်ဆွခုန်ဆွနဲ့ တက်လာပါတယ်။ အော်သံကြီးကလည်း ကြောက်စရာ အလွန်ကောင်းလှပါတယ်။ မကောင်းဆိုးဝါးကြီးကို အဲဒီရဲအရာရှိက ခြောက်လုံးပြူးနဲ့ လှမ်းပစ်လိုက်ပေမဲ့ သတ္တဝါကြီးက အတောင်ပံဖြန့် ပျံသန်းပျောက်ကွယ်သွားပါတော့တယ်။

ဒီသတ္တဝါကြီးအကြောင်းကို လူတိုင်းပြောဆိုနေတဲ့အထိ လူသိများလာပါတယ်။ လက်တွေ့မြင်မှ ယုံနိုင်မယ်ဆိုတဲ့ သုတေသီတွေတောင် ရှင်းမပြနိုင်တဲ့ အဖြစ်အပျက်တွေကို လက်ခံအသိအမှတ်ပြုလာပါတယ်။

(၁၉၀၉)ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ အဲဒီမကောင်းဆိုးဝါးကြီးကို လူအတော်များများ မြင်တွေ့ခဲ့ကြပါတယ်။ မြင်တွေ့လိုက်တဲ့ သူတွေထဲမှာ နယူးဂျာစီပြည်နယ်နဲ့ကပ်လျက်က ပင်နီဆူလာဗေးနီးယားပြည်နယ်၊ ဘော့စတန်မြို့ရဲ့ ဆက်သွယ်ရေးစခန်းမှူး အီးဒဗလျူ မင်စတာလည်း ပါပါတယ်။

နံနက်(၂)နာရီလောက်မှာ ဒယ်လာဝဲယား မြစ်ဘက်တထူးဆန်းတဲ့အော်သံကြီးကို ကြားလိုက်ရတော့ သူ လန့်နိုးသွားပါတယ်။ ပြူတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ ရောမကြီးကြာငှက်ပုံသဏ္ဍာန် သတ္တဝါကြီးတစ်ကောင် ပျံသန်းသွားတာကိုတွေ့လိုက်ရပါတယ်။

လည်ပင်းရှည်ကြီး၊ ပါးလျတဲ့အတောင်ပံနှစ်ဖက်၊ ခြေတံ



www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြီးတွေနဲ့ အနည်းငယ်ပိုတိုတဲ့ လက်နှစ်ဖက်တို့ပါဝင်ပါတယ်။
စူးစူးရှရှအော်မြည်ရင်းကနေ မှောင်ထဲပျောက်ကွယ်သွားပါတယ်။



သတ္တဝါကြီး၏
မျက်မြင်များပြောကြားချက်အတိုင်း
သရုပ်ဖော်ထားပုံ

ဂျာစီမကောင်းဆိုးဝါး

www.burmeseclassic.com

www.burmeseclassic.com



(၁၉၀၉)ခုနှစ် ဇန်နဝါရီလ(၂၉)ရက်နေ့မှာ မစ္စတာနဲ့မစ္စ နယ်လ်ဆင်အီဗန်စ်တို့လင်မယားနှစ်ယောက် အော်သံကြီးတစ်သံ ကြားလိုက်ရလို့ လန့်နိုးသွားခဲ့ပါတယ်။ အိပ်ခန်းပြတင်းကနေ လှမ်းကြည့်လိုက်တော့ ငှက်လိုလိုသတ္တဝါကြီးကို မြင်တွေ့လိုက်ရပါတယ်။




**ဂျာစီပြည်နယ်တစ်ခွင် သတ္တဝါကြီးတွေ့ရသည့် နေရာများပြမြေပုံ**

ဂျာစီမကောင်းဆိုးဝါး

www.burmeseclassic.com

www.burmeseclassic.com



သိုးထိန်းခွေးလိုမျက်နှာ၊ မြင်းခေါင်းပုံစံဦးခေါင်း၊ လည်ပင်းရှည်ကြီး၊ ရှည်လျားတဲ့အတောင်ပံကြီးတွေ၊ ကြိုးကြာငှက်ခြေထောက်နဲ့တူတဲ့ ခြေတံကြီးတွေ၊ မြင်းခွာပုံသဏ္ဍာန် ခွာကြီးတွေနဲ့ ရှိပါတယ်။ နောက်ခြေထောက်နှစ်ချောင်းနဲ့ လမ်းလျှောက်ပြီး ရှေ့ခြေနှစ်ဖက်မှာတော့ လက်သည်းရှည်ကြီးတွေပါပါသတဲ့။

ထိုဇန်နဝါရီလရဲ့ နေ့လယ်ခင်းတစ်နေ့မှာပဲ မစ္စဂျေအိတ်ချ်ဝှိုက်တစ်ယောက် အဝတ်လှန်းနေတုန်း အိမ်နောက်ခြံဝန်းထဲကို ရောက်နေတဲ့ ထူးဆန်းတဲ့မိစ္ဆာသတ္တဝါကြီးကို လှမ်းတွေ့လိုက်ရပါတယ်။ ငယ်သံပါအောင်အော်ပြီး မေ့လဲသွားကာ. . ခင်ပွန်းဖြစ်သူ ပြေးအလာမှာ သတ္တဝါ ကြီးက ခြံစည်းရိုးအပြင်ဘက်ကိုခုန်ထွက်ပြီး ပျောက်ကွယ်သွားပါတယ်။

များမကြာမီမှာတော့ ထိုအနီးအနားကို ဒီသတ္တဝါကြီး ပြန်ရောက်လာပြန်ပါတယ်။ ကင်ဒမ်းမြို့တောင်ဘက်ပိုင်းက မစ္စမာရီဆော့ဗင်စကီးရဲ့ခွေးကို ညဘက်မှာ လိုက်ဖမ်းနေပါတယ်။ မှောင်ထဲကလာတဲ့ စူးစူးဝါးဝါးအော်သံ ကြားလိုက်ရလို့ အိမ်ပြင်ပြေးထွက်အကြည့်မှာ သူ့မခွေးကိုတိုက်ခိုက်နေတဲ့ ထူးဆန်းတဲ့သတ္တဝါကြီးကိုမြင်တွေ့လိုက်ရတဲ့အတွက် တံမြက်စည်းနဲ့ လိုက်ရိုက်ပါသတဲ့။ သတ္တဝါကြီးဟာ ထွက်မပြေးခင်မှာ ခွေးကို အသားတွေပြဲထွက်တဲ့အထိ ကုတ်ခြစ်သွားခဲ့ပါသေးတယ်။

မစ္စမာရီဆော့ဗင်စကီးလည်း ဒဏ်ရာရသွားတဲ့သူ့မခွေးကို အိမ်ထဲခေါ်လာပြီး ရဲကိုဖုန်းဆက်အကြောင်းကြားလိုက်ပါတယ်။ ပတ္တရောင်ရဲတွေရောက်လာတော့ အိမ်နီးနားချင်းလူတွေပါ ရောက်နေတာ (၁၀၀)ကျော်လောက်တောင် ရှိနေပါပြီ။ ထိုအချိန်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com




ရှုးရှူးဝါးဝါးအော်သံကြီးကို လူအုပ်ကြီးလည်း နားနဲ့ဆတ်ဆတ် ကြားလိုက်ရပါတယ်။ ထိုအခါ ရဲတွေက အသံကြားရတဲ့ဘက်ကို ချိန်ပြီး သေနတ်တွေနဲ့ ပိုင်းပစ်ခတ်ကြပေမဲ့ မကောင်းဆိုးဝါးကြီး လွတ်သွားမြဲပါတယ်။

ဒီသတ္တဝါကြီးအကြောင်းကို သတင်းစာတွေထဲမှာဆောင်ဖော်ပြလာကြပါတယ်။ ဓာတ်ပုံတွေ၊ ခြေရာတွေကိုလည်း တင်ပြ


www.burmeseclassic.com

www.burmeseclassic.com



ထားပါတယ်။ ဒီသတ္တဝါကြီးကို ဖမ်းပေးနိုင်ရင် ဆုငွေဒေါ်လာတစ်သောင်း ချီးမြှင့်မယ်လို့ ဗီလာဒဲဖီးယားတိရစ္ဆာန်ရုံက ကြေညာခဲ့ပေမဲ့ ဘယ်သူမှမဖမ်းပေးနိုင်ခဲ့ပါဘူး။

ထို့နောက် သတ္တဝါကြီးဟာ (၁၉၂၇)မှ တစ်ခေါက်ပြန်ပေါ်လာခဲ့ပါတယ်။ ညတစ်ညမှာ တက္ကစီဒရိုင်ဘာတစ်ယောက် ကားဘီးပေါက်သွားလို့ ဘီးလဲအပြီးမှာ ကားကတအားလှုပ်နေလို့ လှမ်းကြည့်လိုက်တော့ ကားခေါင်မိုးပေါ်မှာ ခုန်ဆွခုန်ဆွလုပ်နေတဲ့ ရောမငှက်သတ္တဝါကြီးကို တွေ့လိုက်ရပါတယ်။

ကားထောက်ဂျိုက်နဲ့ ကားဘီးပေါက်ကိုတောင် မယူနိုင်တော့ပါဘူး၊ ကားထဲကိုကမန်းကတမ်းဝင်ပြီး မောင်းပြေးခဲ့ရပါတယ်။ ရဲကိုလည်း ဖုန်းဆက်အကြောင်းကြားခဲ့ပါတယ်။

(၁၉၃၀)ပြည့်နှစ်၊ ဩဂုတ်လမှာလည်း လိဒ်ပ္ပိုင့်နားမှာ ဘယ်ရီသီးကောက်တဲ့သူတွေဟာ စိုက်ခင်းတွေကို ဖျက်ဆီးနေတဲ့ မကောင်းဆိုးဝါးငှက်ကြီးကို တွေ့မြင်ခဲ့ကြပါတယ်။ ဒီတစ်ခါမှာလည်း မကောင်းဆိုးဝါးသတ္တဝါကြီး ပျံသန်းပျောက်ကွယ်သွားပြန်ပါတယ်။

(၁၉၅၁)ခုနှစ်၊ နွေဝင်ဘာလမှာ ဂစ်ဘွန်းမြို့က ဒူပို့ကလပ်ရဲ့ အဆောက်အအုံဝင်းထဲမှာ ဒီသတ္တဝါကြီးနဲ့ ပက်ပင်းတွေ့လိုက်ရတဲ့ ကလေးတစ်သိုက် ထောင့်တစ်ထောင့်မှာ ကြောက်လန့်တကြားနဲ့ ကပ်နေခဲ့ကြရပါတယ်။ သို့သော် ဘယ်သူ့ကိုမှရန်မလုပ်ဘဲ ပျံသန်းထွက်ခွာသွားပါတယ်။ မြင်တွေ့လိုက်ရတဲ့ကလေး နှစ်ဆယ်သုံးဆယ်လောက်ရှိပါတယ်။

ထိုသတ္တဝါကြီးကို (၁၉၆၀)ပြည့်နှစ်မှာ ဟိုနားတွေ့ရလိုက်




www.burmeseclassic.com

www.burmeseclassic.com



သည်နားတွေ့ရလိုက်နဲ့ တွေ့ရများလာပါတယ်။ မေးစ်လန်းဒင်းအာရပ်နားက လူတစ်စုဟာ သွေးပျက်ဖွယ်ကောင်းတဲ့ ငှက်ဆိုးထိုးသံကြီးကို ကြားခဲ့ရပါတယ်။ ပြည်နယ်အရာရှိတွေက အထိတ်တလန့်မဖြစ်ကြဖို့ သတိပေးပေမဲ့ ဒီသတ္တဝါကြီးနဲ့ပတ်သက်ပြီး ရှင်းမပြနိုင်ခဲ့ပါဘူး။

ထို့ပြင် ထိုသတ္တဝါကြီးရှိတယ်ဆိုတာ လိမ့်လုံးလှန့်လုံးတွေသာဖြစ်ကြောင်း ရေးထားတဲ့ ဆိုင်းဘုတ်တွေ၊ ပိုစတာတွေကိုလည်း ရဲတွေက လူစည်ကားရာနေရာတိုင်းမှာ လိုက်စိုက်ပါတယ်။ ဒါပေမဲ့ သတ္တဝါကြီးကို တွေ့ချင်မြင်ချင်ကြတဲ့လူတွေဟာ အဲဒီဒေသကို အများအပြား ရောက်လာခဲ့ကြပါတယ်။




သတ္တဝါကြီးဟာ ကောလဟာလပါဟု ရဲများဆိုင်းဘုတ်ကပ်နေပုံ

ဂျာစီကောင်ဆိုးဝါး

www.burmeseclassic.com

www.burmeseclassic.com



ဟန့်ထ်ညီအစ်ကိုများဆပ်ကပ်ပိုင်ရှင် ဟယ်ရီဟန့်ထ်က လည်း ဒီသတ္တဝါကြီးကို ဖမ်းဆီးပေးနိုင်ရင် ဒေါ်လာတစ်သိန်းချီးမြှင့် မယ်လို့ ကြေညာခဲ့ပြန်ပါတယ်။ သူ့ဆပ်ကပ်ထဲမှာ ပြသဖို့ပါ။ နောက် ဆုံးမှာ ဆုကြေးငွေဟာ ဒေါ်လာနှစ်သိန်းခွဲအထိ ရောက်ခဲ့ပါတယ်၊ ဒါပေမဲ့ ဒီသတ္တဝါကြီးကို ဘယ်သူမှ မဖမ်းနိုင်ခဲ့ပါဘူး။




**သတ္တဝါကြီးအား အလိုရှိသည် ကြော်ငြာ**

(၁၉၉၃)ခုနှစ်မှာ သစ်တောအုပ် ဂျွန်အိုင်ရင်း နယူးဂျာစီ ပြည်နယ်တောင်ပိုင်းက မူလစ်ကာမြစ်ကမ်းတစ်လျှောက် ကား မောင်းနေရင်း ကားလမ်းမပေါ်မှာနားနေတဲ့ ဒီသတ္တဝါကြီးကို မြင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရတယ်လို့ ဆိုပါတယ်။ အရပ်(၆)ပေလောက်မြင့်ပြီး ချို
တွေနဲ့ အနက်ရောင်အမွေးတွေနဲ့လို့ သူကဆိုပါတယ်။

သတ္တဝါကြီးနဲ့သူနဲ့ ခဏလောက် အပြန်အလှန်စိုက်ကြည့်နေခဲ့ကြတယ်လို့လည်း ပြောပြပါတယ်။ နောက်တော့ တောထဲကို ပြန်ဝင်သွားပါတယ်လို့ ဆိုပါတယ်။ ဒီသတ္တဝါကြီးဟာ ဂျာစီပြည်နယ်က မကောင်းဆိုးဝါး သတ္တဝါကြီးလား၊ အခြားအကောင်ကြီးတစ်ကောင်လားဆိုတာကိုတော့ ခွဲခြားမပြောနိုင်ပါဘူး။

ယနေ့အခါမှာတော့ ဂျာစီမကောင်းဆိုးဝါးသတ္တဝါကြီးကို မြင်တွေ့ကြရတဲ့သူတွေ မရှိသလောက်ဖြစ်လာပါပြီ။ ဒီသတ္တဝါကြီးကိုတွေ့မြင်လာခဲ့ကြရတာဟာ ရာစုနှစ်နှစ်စုခွဲလောက်တောင်ရှိနေပြီဖြစ်ပေမဲ့ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံမရှိတော့ နယူးဂျာစီပြည်နယ်က လုပ်ကြံဖန်တီးထားတဲ့ အိပ်ရာဝင်ပုံပြင်ပါလို့ အများကဆိုကြပါတယ်။

ဒါက ဒဏ္ဍာရီတစ်ခုသာဖြစ်တယ်ဆိုရင် ဒီသတ္တဝါကြီးကို မျက်စိနဲ့တပ်အပ်မြင်တွေ့ခဲ့ကြရတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ရဲအရာရှိတွေနဲ့ အရပ်ဘက်အရာရှိတွေပါဝင်တဲ့ မျက်မြင်သက်သေပေါင်း(၂၀၀၀)ကျော်ရဲ့ ပြောပြချက်တွေကိုကော ဘယ်လိုထင်မြင်ချက်မျိုး ပေးမှာပါလဲ။

တကယ်ရှိတာ သေချာတယ်ဆိုရင်တော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သေချာပေါက်ထပ်တွေ့ကြရဦးမှာပါ။

## Jersey Devil

ဂျာစီမကောင်းဆိုးဝါး

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# သရဲခြောက်တဲ့ သတို့သမီးဝတ်စုံ

## The Haunted Wedding Dress

www.burmeseclassic.com

www.burmeseclassic.com





ဘိတ်ကာအိပ်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သံရည်ကျိုစက်ရုံကြီးနဲ့ စီးပွားရှာရာကနေ အမြတ်အစွန်း များစွာ ဖြစ်ထွန်းလာခဲ့ပါတယ်။



**အယ်လိစ်ဘိတ်ကာ**

အယ်လိစ်ဘိတ်ကာဟာ ညီဝမ်းကွဲရဲ့ရှယ်ယာကို (၁၈၄၄) ခုနှစ်မှာ ပြန်ဝယ်ယူလိုက်ပါတယ်။ အဲဒီအချိန်တုန်းက စီးပွားအဖြစ်ဆုံးအချိန် ဖြစ်ခဲ့တာမို့ သူဟာ ပထမတန်းစားသူဌေးကြီး ဖြစ်လာခဲ့ပါတယ်။

ထို့နောက် နန်းတော်တမျှ ခမ်းနားလှတဲ့ရဲတိုက်အိမ်ကြီးကို သူတို့မိသားစုနေဖို့ ဆောက်လုပ်ခဲ့ပါတယ်။ သူဌေးကြီးဟာ ဒီအိမ်တော်ကြီးကို ဘယ်လောက်ကုန်ကုန် ပြီးအောင်ဆောက်မယ်လို့ စိတ်ပိုင်းဖြတ် ထားပုံရပါတယ်။ ဒေါ်လာ (၁၅၀၀၀)လောက်ကုန်ကျခဲ့ပါတယ်။ ဒီငွေဟာ (၁၈၄၉)ခုနှစ်တာကာလတုန်းက တကယ့်



www.burmeseclassic.com

www.burmeseclassic.com


ထိုများပြောတဲ့ပမာဏပါ။

သို့သော် သူ့ရဲ့သမီးလေး အန်နာဟာ အဖေပိုင်ဆိုင်တဲ့ သံမဏိစက်ရုံမှာ အလုပ်လုပ်တဲ့ လုပ်သားလေးတစ်ယောက်နဲ့ မေတ္တာမျှခဲ့ပါတယ်။

သူမချစ်ရတဲ့သူဟာ ကျားကျားလျားလျားနဲ့ ယောက်ျားပီပီ သသ ချောမောပေမဲ့ လစာနည်းအလုပ်သမားလေးတစ်ယောက် မျှသာဖြစ်ပြီး သံရည်ကျိုစက်က မီးပြင်းဖိုထဲမှာ နေထွက်နေဝင် အလုပ်လုပ်ရသူတစ်ယောက်ပါ။

ဒါကြောင့် ဖခင်ဖြစ်သူ သိသွားတဲ့အခါမှာတော့ ကောင်လေးနဲ့ အဆင့်အတန်းချင်းမတူဆိုကာ တားမြစ်ခဲ့ပါတယ်။

ထိုကိစ္စကြောင့် ဖအေနဲ့သမီးဖြစ်သူတို့ စကားများရင်းနဲ့ အပြန်အလှန် အော်ဟစ်ပြောဆိုသံတွေဟာ ခတ်ဝေးဝေးကတောင် ကြားရမတတ် ကျယ်လောင်ခဲ့ပါတယ်။

ကိုကိုတက်ချမ်းသာတဲ့ သူဌေးကြီးအယ်လိစ်ဘိတ်ကာဟာ သူ့မိသားစုအတွက် အကောင်းတကာ့အကောင်းဆုံး၊ ဈေးအကြီးတကာ့ အကြီးဆုံးတွေပဲ ဝယ်ယူပေးခဲ့သလို ဘိတ်ကာအိမ်တော်ကြီးကိုလည်း ဆက်လက်တည်ဆောက်နေပါတယ်။

သမီးဖြစ်သူ အန်နာဟာ ခေါင်းအတော်မာသူပါ။ သူမဟာ နန်းတော်တမျှ ကြီးကျယ်ခမ်းနားတဲ့ အိမ်တော်ကြီး၊ စိန်ရွှေရတနာတွေ၊ တန်ဖိုးကြီးအဝတ်အစားတွေ၊ ဖခင်ရဲ့ ပိုင်ဆိုင်မှုပစ္စည်းတွေအပေါ်မှာ ပျော်မွေ့မှုမရှိတော့ပါဘူး။

သူမရဲ့အကြီးမားဆုံးဆန္ဒက အသည်းပေါက်မတတ်ချစ်ရတဲ့ စက်ရုံလုပ်သား လူချောလေးနဲ့ လက်ဆက်ဖို့ပါပဲ။ ဒါ့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com




သတို့သမီးဝတ်စုံ ကြိုပြီးချုပ်ထားခဲ့ပါတယ်။

အဲဒီသတို့သမီးဝတ်စုံဟာ ထိုခေတ်အခါကာလမှာတော့ ဈေးအကြီးဆုံးဝတ်စုံ ဖြစ်ပါတယ်။ အဲဒီလိုသတို့သမီးဝတ်စုံကိုဝတ်ပြီး ချစ်ရတဲ့သူနဲ့ ရွှေလည်တွဲကာ ချစ်ပွဲဝင်မယ်လို့ စိတ်ကူးတွေအယဉ်ကြီးယဉ်ခဲ့တဲ့ မိန်းမချောလေး အန်နာရဲ့ အိပ်မက်တွေဟာ ကံဆိုးမိုးမှောင်ကျမှုတွေနဲ့သာ အဆုံးသတ်ခဲ့ရပါတယ်။

သူဌေးကြီးဘိတ်ကာဟာ အလုပ်သမားလေးကို အကြောင်းမရှိအကြောင်းရှာပြီး အလုပ်ဖြုတ်ပစ်ခဲ့သလို မြို့ကနေထွက်သွားရအောင်ပါ ပြုလုပ်ခဲ့ပါတယ်။

အန်နာတစ်ယောက် ချစ်ရတဲ့သူနဲ့ ရှင်ကွဲကွဲခဲ့ရလို့ အသည်းကွဲခဲ့ရပါတယ်။ သူဌေးကတော်ကြီးကတော့ သမီးဖြစ်သူကို နားလည်ပေးခဲ့ပေမဲ့ ခင်ပွန်းဖြစ်သူကို မလွန်ဆန်နိုင်လို့ ဘာမျှဝင်မပြောနိုင်ခဲ့ပါဘူး။





www.burmeseclassic.com

www.burmeseclassic.com



အန်နာဟာ တစ်သက်မှာတစ်ခေါက်ကိုသာချစ်မယ် ဆို [illegible]မျိုးမို့ အခြားသောယောက်ျားကိုမျှ မယူခဲ့ဘဲ တစ်သက်လုံး အပျိုကြီးဘဝ နေထိုင်ခဲ့ပါတယ်။

မောင်ကိုနာကြည်းတုန်းတာတွေ ဆောင်းလာလို့ ကျန်းမာရေးချွတ်ခြုံကျလာပါတယ်။ ဆိုအတော့ သံမချိုးလျှော်တွေ ကုဆောင်း [illegible] သူဌေးကြီးအယ်ဝိနိဗ်တာဟာ ဇီမွား [illegible] တီဗာဆာဗီမ်ဘော်ကြီးကို ခက်ခက် [illegible] ဆက်ဆောက်မှုရှိခဲ့ပါ။ (၁၈၄၅)မှာ သူတို့ပိုသားစု ဆိုင် [illegible] မှာစနေခဲ့ကြပြီး (၁၈၆၄)မှာ သူဌေးကြီးကွယ်လွန်သွားပါတယ်။

ဟာဗီရှိန်ဆုန်းက ဆက်ဆက်ယိုင်အောင် ချစ်ပေးခဲ့တယ် [illegible] အပျိုကြီးအန်နာဟာ ကျန်းမာရေးထိုးတဲ့ကောင်းတော့ [illegible] ငယ်သူကမှ မကြည်ဖြူ စကားမပြောမင်းတော့ [illegible] ကိုမှ ရှန်ရှည်တော့ ပြောင်းလဲသွားပါတယ်။ အပျိုကြီး [illegible] (၁၈၉၈)ခုနှစ်မှာ သူမ ကွယ်လွန်သွား ခဲ့ပါတယ်။

ထို့နောက် [illegible] အီဗာဆာဗင်ဘော်ကြီးဟာ ပိုင်ရှင် [illegible] မရှိတော့ပါ ခဲ့ပါတယ်။ (၁၈၉၃)မှာ လူမှုကာ ဇော်ပိုင်ရှင် [illegible] ဆိုက်ကျော်ဘော်ကြီးကိုပြန်ဝယ်ခဲ့ပါတယ်။ ထို့နောက် ပြည်တိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ထားပါတယ်။

အန်နာဟာ [illegible] ဖြစ်ခဲ့တဲ့ အဆိုပါ သတို့သမီးဝတ်စုံကို [illegible] သူဌေးကြီးတစ်ဦးရဲ့ အကျော်ခံဝတ်စုံ [illegible] သူ အဲလတ်ဆက်ဆက်ပိုမဲ့ ဝယ်ယူသွားတယ်လို့ ဆိုပါတယ်။



www.burmeseclassic.com



အဲလစ်ဇဘက်က ဒီဝတ်စုံကိုတစ်ခါမှမဝတ်ခဲ့ရပေမယ့် ရှုံးနိမ့် သွားရရှာတဲ့ အန်နာကို လှောင်ပြောင်ခဲ့ပါသေးတယ်။ သူမ မင်္ဂလာဆောင်မှာလည်း အဲဒီဝတ်စုံကိုဝတ်ဆင်မှာပါဆိုတဲ့ [illegible] အဆုံးမှာတော့ ဒီဝတ်စုံဟာ သူရဲ့မြောက်ပြီး [illegible] ခြံသားနဲ့ မြို့တော်ကို ပြန်လျှောက်ရှာပါတယ်။

ထိုအခါ မှာတော့ သတို့သမီးဝတ်စုံလေးကို အန်နာ့ [illegible] အမှာပဲ ပြသထားကြပါတယ်

သရဲခြောက်တဲ့သတို့သမီးဝတ်စုံ

www.burmeseclassic.com




ဘန်ဘာငေါ်သတို့သမီးဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com


နှစ်အနည်းငယ်ကြာလာတော့ အန်နာရဲ့ သတို့သမီးဝတ်စုံဟာ သရဲခြောက်တယ်ဆိုတဲ့သတင်း ထွက်လာပါတယ်။ အဲဒီသတို့သမီးဝတ်စုံဟာ လေမတိုက်တဲ့မှန်ခန်းထဲမှာ ဟိုဘက်သည်ဘက် ရွေ့လျားနေတာကို မြင်တွေ့ခဲ့ရတယ်လို့ ပြတိုက်ကို လာကြည့်သူတွေထဲက အတော်များများက ပြောလာကြပါတယ်။

အထူးသဖြင့် လပြည့်ညတွေမှာဆိုရင် အဲဒီဝတ်စုံဟာ ကြွမ်းကြွမ်းတမ်းတမ်းကို လှုပ်နေတတ်တယ်လို့ ဆိုပါတယ်။ ရွေ့လျားတယ်ဆိုတာကလည်း အမှန်တော့ သတို့သမီးတစ်ယောက်က ဒီဝတ်စုံကို စမ်းဝတ်ကြည့်ပြီး ကိုယ်နဲ့လိုက်မလိုက် သိနိုင်ဖို့ ဟိုဘက်လှည့်လိုက် သည်ဘက်လှည့်လိုက်နဲ့ မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်နေသလိုမျိုးပါတဲ့။

ပြခန်းထဲက သတို့သမီးဝတ်စုံကို လှုပ်နေတာဟာ အန်နာ သရဲမဖြစ်ကြောင်း ပြခန်းတာဝန်ရှိသူတွေက ပြောဆိုကြပါတယ်။

သူမဟာ သတို့သမီးဝတ်စုံကို တစ်ခါမျှမဝတ်လိုက်ရလို့ ဒေါသတွေ ပေါက်ကွဲပြီး ဝတ်စုံမှာ စွဲကပ်နေပုံရပါတယ်။

ဖခင်ဖြစ်သူ အယ်လိစ်ဘိတ်ကာရော သမီးဖြစ်သူအန်နာတို့ နှစ်ယောက်စလုံး ဆိုင်ရာပစ္စည်းတွေကို စွဲလန်းတဲ့စိတ်နဲ့ ကွယ်လွန်ခဲ့တာမို့ ထိုဘိတ်ကာအိမ်တော်ထဲမှာပဲ သရဲတစ္ဆေတွေ ဖြစ်နေကြပါတယ်။ သူတို့နှစ်ယောက်တည်းပဲလားဆိုတော့ မဟုတ်ပြန်ပါဘူး၊ မကျွတ်မလွတ်ဖြစ်နေတာတော့ တစ်မိသားစုလုံးလိုလိုပါပဲ။

ပြတိုက်အမှုထမ်းတွေနဲ့ လာရောက်လည်ပတ်သူအများအပြားပါ တွေ့မြင်ဖူးကြတယ်လို့ ဆိုပါတယ်။ သူ့ဧဇ္ဖဇကြီး အယ်လိစ်ဘိတ်ကာသရဲက ထမင်းစားခန်းထဲမှာ နေတယ်လို့ ပြောဆို


www.burmeseclassic.com

www.burmeseclassic.com



တာတွေရှိပါတယ်။

အနက်ရောင် ဝတ်စုံရှည်ကြီးကိုဝတ်ထားတဲ့ အမျိုးသမီး တစ်ယောက်ကိုတော့ တတိယထပ်မှာ ဟိုဟိုသည်သည် လျှောက်သွားနေတာကို မြင်တွေ့ရတတ်ပါတယ်။ သူမကတော့ အန်နာရဲ့ အမေဖြစ်သူပါ။

ကျောက်တုံးတွေနဲ့ အခိုင်အမာဆောက်လုပ်ထားတဲ့ အိမ်ကြီးရဲ့ ကျောက်သားနံရံတွေပေါ်မှာ သရဲလိုလိုအရိပ်တွေ ပေါ်ထွက်လာတတ်တယ်လို့လည်း ဆိုကြပါတယ်။

အန်နာရဲ့အစ်ကိုဖြစ်သူ ဒေးဗစ်ဘိတ်ကာဟာ (၁၈၅၂) ခုနှစ် ဆောင်းရာသီမှာ စက်လှေမှောက်ပြီး သေဆုံးသွားခဲ့တာပါ။ သူသေဆုံးသွားတော့ သူ့အလောင်းကို မြေအောက်အထပ်ထဲက အအေးခန်းထဲမှာ ဒီအတိုင်း ထားခဲ့ကြပါတယ်။ အချိန်အတော်ကြာမှ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပါတယ်။ အဲဒီမြေအောက်ခန်းရဲ့ အအေးခန်းဘက်ကလာတဲ့ အသံနက်ကြီးတွေကိုလည်း ကြားရတယ်လို့ ဆိုသူတွေကလည်း မနည်းပါဘူး။

ဒီကြမ္မာဆိုးကြီးတွေ တစ်ခုပြီးတစ်ခု ဖြစ်ခဲ့ရတာဟာ ဒေါသကြီးတဲ့၊ သမီးကိုသည်းသည်းလှုပ်ချစ်တဲ့၊ မောက်မာတဲ့ ဖခင်ဖြစ်သူကြောင့်လို့ဆိုရင် မမှားပါဘူး။ ဖအေလုပ်တဲ့သူက အိမ်တွင်းကိစ္စမှန်သမျှကို မလျော်ဩဇာသုံးပြီး သူ့လက်သူ့ခြေလုပ်ခဲ့တာကြောင့်ပါ။

အန်နာဟာ သူမသေဆုံးသွားပြီးတဲ့နောက် ရောင်းချခဲ့လိုက်ရတဲ့ သူ့ရဲ့သတို့သမီးဝတ်စုံကို ရအောင်ပြန်ယူပြီး ထာဝရဝတ်ဆင်သွားမယ်လို့ စိတ်ပိုင်းဖြတ်ထားပုံရပါတယ်။

**သရဲခြောက်တဲ့သတို့သမီးဝတ်စုံ**

www.burmeseclassic.com

www.burmeseclassic.com



အချို့ညှော်သည်တွေကလည်း ဒီဝတ်စုံနေရာရွှေ့ရွှေ့သွားတာဟာ အောက်ခံမျက်နှာပြင်က မခိုင်လို့ ချောင်နေလို့ဖြစ်မှာပါလို့ ကောက်ချက်ချပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



လှို့ဝှက်ကင်မရာတွေ တပ်ဆင်ပြီး ကြည့်တော့မှ အဖြေက ရှင်းသွားပါတယ်။ အခန်းထဲမှာ ဘယ်သူမှမရှိဘဲနဲ့ ဝတ်စုံက အလိုလိုလှုပ်ရှားနေတာကို တွေ့ရတာပါပဲ။ သတို့သမီးဝတ်စုံကို စိတ်ကစွဲလမ်းပြီးသေဆုံးသွားခဲ့တဲ့ အန်နာဟာမကျွတ်မလွတ်ဘဲ ပြခန်းထဲကိုလာလာပြီး ပြန်တောင်းယူဖို့ ကြိုးစားနေတာလဲ ဖြစ်နိုင်ပါတယ်။



သရဲခြောက်တဲ့သတို့သမီးဝတ်စုံ

www.burmeseclassic.com

www.burmeseclassic.com



ဒါ့အပြင်. . ယူနီဖောင်းဝတ်ဆင်ထားတဲ့ ယောက်ျားသရဲ တစ်ယောက်ကိုလည်း မြေအောက်ခန်းထဲမှာ တွေ့မြင်ကြသူတွေရှိ တယ်။ သူကတော့ အန်နာရဲ့အစ်ကိုဖြစ်သူ ဒေးဗစ်ပါ။

မိသားစုဝင်တွေအားလုံး သရဲတွေဖြစ်နေကြလို့ အိမ်တော် ကြီး တစ်ခုလုံးမှာလည်း အေးစက်နေတဲ့နေရာတွေ၊ ပရိဘောဂ တွေ ရွေ့လျားနေတာတွေ၊ ထူးဆန်းတဲ့အနံ့အသက်တွေ၊ ခြေသံ တွေ၊ ဆန်းကြယ်တဲ့အဖြစ်အပျက်တွေနဲ့ ပြည့်နှက်နေပါတယ်။

အခန်းထဲ ဘယ်သူမျှရှိမနေချိန်တွေမှာလည်း တစ်ခါတစ် ခါ စန္ဒယားသံတွေ ထွက်လာတတ်ပါတယ်။ ရဲခွေးတစ်ကောင်ကို ခေါ်လာပြီး ရှာကြည့်တော့လည်း ဘာမျှမတွေ့ရပါဘူး။

မိုးချုပ်ညဥ့်နက်မှ အိမ်တော်ကြီးနားကနေ ဖြတ်သန်းသွား တဲ့သူတွေကလည်း ဘိတ်ကာမိသားစုဝင်မဟုတ်တဲ့ သရဲတွေကို လည်း မြင်တွေ့ရတယ်လို့ ဆိုပါတယ်။ အဲဒီသရဲတွေဝတ်ထား တဲ့ အဝတ်အစားတွေက ဘိတ်ကာမိသားစုဝင်တွေဝတ်တဲ့ အဝတ် အစားတွေမဟုတ်လို့ အခြားသရဲတွေလို့ ပြောနိုင်တာပါတဲ့။

သရဲတစ္ဆေကို စိတ်ဝင်စားသူတွေအတွက် အကောင်းဆုံး အချိန်ကတော့ လပြည့်ညတွေဖြစ်တယ်လို့ ဆိုပါတယ်။

ယနေ့အခါမှာတော့ ဘိတ်ကာမိသားစုဝင်သရဲတွေဟာ မြို့တိုက်သမိုင်းကြောင်းရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်နေပါတော့တယ်။

## The Haunted Wedding Dress

သရဲခြောက်တဲ့သတို့သမီးဝတ်စုံ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# အရိုးခေါင်း မျှော်စင်

ဆားဘီးယားနိုင်ငံ နစ်ရ်မြို့မှာရှိတဲ့ အထိမ်းအမှတ် မျှော်စင်ကြီးအကြောင်းတွေ တည်ဆောက်မှုအဖြစ် ကမ္ဘာပေါ်မှာ သတိထားပါတယ်။ အားဖြင့်အသည်းဆိုတော့ အဆိုပါမျှော်စင်ကို

[illegible]

www.burmeseclassic.com

www.burmeseclassic.com


လူဦးခေါင်းခွံတွေနဲ့ တည်ဆောက်ထားတာကြောင့် ဖြစ်ပါသတဲ့။

(၁၈၀၉)ခုနှစ်၊ ဧပြီ (၁၅)ရက်နေ့ မှာက ဆားဗီးယားတော်လှန်ရေးတပ်ဟာ အင်အား(၁၀၀၀၀)ခန့်လောက်နဲ့ တူရကီတွေကျူးကျော်သိမ်းပိုက်ထားတဲ့ နစ်မြို့ရှိ ဆီးဂါးတောင်ကုန်းပေါ်က ခံတပ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ ဆားဗီးယားတော်လှန်ရေးသမားတွေဟာ ကတုတ်ကျင်းမြောင်း (၆)မြောင်းအထိတူးပြီး ခံတပ်ထဲက အင်အား(၈၀၀၀)ခန့်ကို ပိတ်ဆို့တိုက်ခိုက်ခဲ့ကြပါတယ်။

သို့သော်လည်း တူရကီတို့၏ လက်နက်ကြီးများကြောင့် မသိမ်းပိုက်နိုင်ဘဲရှိနေခဲ့ပါတယ်။ အခြေအနေမလှတဲ့ ခံတပ်အတွင်းက တူရကီစစ်တပ်ဟာ စစ်ကူရောက်လာချိန်အထိ အချိန်ရသလောက်ဆွဲပြီး ခုခံခဲ့ပါတယ်။ နောက်ဆုံးမှာတော့ မျိုးချစ်တော်လှန်ရေးသမားတွေဟာ နောက်ထပ်ရောက်လာတဲ့ တူရကီစစ်ကူတို့ရဲ့အဝိုင်းခံရပြီး ရှုံးနိမ့်ခဲ့ရပါတော့တယ်။

ဆားဗီးယားတော်လှန်ရေးခေါင်းဆောင် စင်ဒီလစ်ဟာ ထိုတိုက်ပွဲ သူ့သေနတ်ကိုထုတ်ကာ အလွန်များပြားလှတဲ့ ပစ်ခတ်မှုတွေကြားက ရှုပ်ရှုပ်ချွံချွံ ဦးဆောင်ထွက်တိုက်ခဲ့တာကြောင့် တူရကီစစ်သားတွေနားအရောက်မှာ ပေါက်ကွဲမှုကြောင့် သေဆုံးသွားခဲ့ရပါတယ်။

တော်လှန်ရေးမှာ ဆားဗီးယား(၃၀၀၀)လောက် သေဆုံးခဲ့ပြီး တူရကီဘက်မှာတော့ အနည်းဆုံး(၂)ဆလောက် ကျဆုံးခဲ့ပါတယ်။

ထိုတော်လှန်ရေးအပြီးမှာ ခံတပ်ကိုဦးစီးတဲ့ တူရကီစစ်ဗိုလ်


www.burmeseclassic.com

www.burmeseclassic.com


ချုပ် 'ဟာစစ်ပါရှား'ဟာ ဆားဗီးယားတော်လှန်ရေးသမားတွေရဲ့ အလောင်းတွေကိုရွေးပြီး ခေါင်းတွေဖြတ်၊ နောက်. . အရေခွံနွှာပြီး ဝါဂွမ်းတွေနဲ့ သိမ်းထုတ်ကာ တူရကီကိုပို့ဆောင်ပြီး အောင်ပွဲခံခဲ့ခဲ့ပါတယ်။

ဒါ့အပြင် ဆားဗီးယန်းတွေကို ပညာပေးချင်တဲ့ စစ်ဗိုလ်ချုပ်က ထိုဦးခေါင်းခွံတွေကို နစ်မြို့သို့ ပြန်လည်ယူဆောင်ပြီး လူဦးခေါင်းမျှော်စင်တည်ဆောက်စေခဲ့ပါတယ်။ အဆိုပါ ထိတ်လန့်ဖွယ်ရာ အထိမ်းအမှတ်မျှော်စင်ကို တူရကီကိုသွားရာလမ်းရဲ့ဘေးဖက်မှာ တည်ဆောက်စေခဲ့တာဖြစ်ပါတယ်။



**ဆားဗီးယားတော်လှန်ရေးသမားများ၏အရိုးခေါင်းမျှော်စင်**

အရိုးခေါင်းမျှော်စင်

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်က တူရကီအင်ပါယာကြီးကို နှောက်ယှက်သူဆာဗီးယားတွေ နောက်နောင်ပုန်ကန်ရင်လည်း ခုလိုမျိုးဖြစ်မယ်လို့ အတွေးဝင်ကာ ထိတ်လန့်ခြောက်ခြားနေစေရန်နှင့် အမြဲတမ်းအမှတ်ရနေစေရန် ဖြစ်ပါတယ်။

ထိုစဉ်က စစ်ပွဲမှာသေဆုံးခဲ့ကြတဲ့ တော်လှန်ရေးသမားတွေရဲ့ဝိညာဉ်တွေကို သူတို့ဦးခေါင်းတွေရှိရာ အရိုးခေါင်းမျှော်စင်တပိုက်မှာ တဝဲလည်လည်တွေ့နေရတယ်လို့ ဆိုခဲ့ကြပါတယ်။

ဆာဗီးယားတော်လှန်ရေးခေါင်းဆောင် စင်ဒီလစ်ရဲ့ ဦးခေါင်းခွံကို (၄. ၅)မီတာအကျယ် စတုရန်းပုံစံ၊ (၁၅)ပေ အမြင့်ရှိတဲ့မျှော်စင်ရဲ့ ထိပ်ဆုံးမှာ ထားထားပါတယ်။ တူရကီတွေဟာ ထိုမျှော်စင်ထဲမှာ တစ်တန်းလျှင်(၁၇)ခု၊ အတန်းပေါင်း(၅၆)တန်းဖြင့် ဦးခေါင်းခွံ(၉၅၂)ခု ထည့်သွင်းတည်ဆောက်ခဲ့ပါတယ်။

သို့သော်. . ယခုအခါမှာ ဦးခေါင်းခွံ(၅၄)ခုပဲ ကျန်ပါတော့တယ်။ များပြားလှတဲ့ ဦးခေါင်းခွံတွေ ဘာကြောင့်ပျောက်ဆုံးကုန်ရတာလဲဆိုတော့. . တချို့. . မျှော်စင်ပေါ်က ကျွတ်ကျသွားသလို၊ တချို့. . ဆွေမျိုးတွေ၊ ပတ်သက်မှုရှိသူတွေက သူတို့ချစ်ခင်ရသူတွေကို ကောင်းကောင်းမွန်မွန်သင်္ဂြိုလ်ဖို့ လာရောက်ဖြုတ်ယူသွားကြသလို၊ တိုးရစ်ခရီးသွားတွေက အမှတ်တရအဖြစ် ဖြုတ်ခိုးသွားတာတွေကြောင့် ဖြစ်ပါတယ်။

(၁၈၃၀)ခုနှစ်မှာတော့ ဆာဗီယားတွေ လွတ်လပ်ရေးရခဲ့ပါတယ်။ (၁၈၉၂)ခုနှစ်မှာ မျိုးချစ်တော်လှန်ရေးသမားတွေရဲ့ မှတ်တမ်းတွေကို လေ့လာနိုင်တဲ့ ဘုရားရှိခိုးကျောင်းကို ထိုဦးခေါင်းခွံမျှော်စင်ကိုငုံပြီး တည်ဆောက်လိုက်ပါတယ်။

အရိုးခေါင်းမျှော်စင်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





ဘုရားကျောင်းမြေတိုက်



မြေတိုက်အတွင်းရှိ
အရိုးခေါင်းမျှော်စင်

www.burmeseclassic.com

www.burmeseclassic.com



(၁၉၄၈)ခုနှစ်မှာ ဆာဗီးယားအစိုးရ ဦးခေါင်းခွံမျှော်စင်ကို သမိုင်းအမွေအနှစ် အထိမ်းအမှတ်အဖြစ် ကြေငြာပြီး ထိမ်းသိမ်းခဲ့ပါတယ်။ ကျိုးပဲ့ပျက်ဆီးနေတဲ့ စင်ဒီလစ်ရဲ့ ဦးခေါင်းခွံကိုလည်း မှန်ခန်းထဲထည့်သွင်းပြီး ပြသထားသလို အထိမ်းအမှတ်ရုပ်တုကို ဝင်ပေါက်မှာ ထုလုပ်ခဲ့ပါတယ်။

ထိုဝင်ပေါက်မှာပဲ (၁၈၃၃)ခုနှစ် ဦးခေါင်းခွံမျှော်စင်ကို ရောက်လာခဲ့တဲ့ လူသိများကျော်ကြားတဲ့ ပြင်သစ်ကဗျာဆရာကြီး လမာတင်ရဲ့ပြောဆိုမှုကိုလည်း ကြေးပြားကြီးပေါ်မှာထွင်းထားတာကို တွေ့ရမှာပါ။

“ဆားဗီးယားတွေဟာ ဒီအထိမ်းအမှတ်ကို ထိမ်းသိမ်းထားရမှာပါ၊ ဒီဦးခေါင်းခွံမျှော်စင်ဟာ ဆာဗီးယားရဲ့ နောင်လာနောက်သား လူငယ်တွေကို သူတို့အဖေတွေအဘိုးတွေ တန်ဖိုးကြီးကြီး ပေးဆပ်ပြီးမှရခဲ့တဲ့ လွတ်လပ်ရေးရဲ့တန်ဖိုးကိုနားလည်ဖို့ အမြဲတမ်း သင်ကြားပေးနေမှာပါ..”တဲ့။ ။



တော်လှန်ရေးခေါင်းဆောင်
ဝင်ဒီလစ်

SKULL TOWER

အရိုးခေါင်းမျှော်စင်

www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com



# ကိုးမြို့ရှင်

ထြိုခထ္ထ

နတ်ကိုးကွယ် တင်မြှောက်ပသမှုသည် ယခုခေတ်မှသာ မဟုတ်၊ ရှေးအစဉ်အဆက်ကပင် ထင်ရှားစွာ ပေါ်ထွန်းခဲ့သည်။ ထို့ပြင် နတ်ကိုးကွယ်မှုအစဉ်အလာသည် မြန်မာနိုင်ငံ၌သာ ရှိနေခဲ့သည်မဟုတ်၊ မိမိတို့လူမျိုး၏ ဓလေ့ထုံးစံနှင့်အညီ ကမ္ဘာအရပ်ရပ်၌လည်း ရှိနေခဲ့ပေသည်။

ကမ္ဘာအရပ်ရပ်ရှိ လူမျိုးပေါင်းစုံတို့ကလည်း မိမိတို့၏ ကိုးကွယ်ရာ သက်ဆိုင်ရာ နတ်များအပြင် အခြားတိုင်းပြည်မှ လူမျိုးများရဲ့ ဓလေ့ထုံးစံ၊ နတ်ကိုးကွယ်မှု အစဉ်အလာများကို စိတ်ဝင်စားမှု ရှိကြသည်။ မြန်မာနိုင်ငံသို့ ခေတ္တရောက်ခိုက်တွင် ပုပ္ပါးမြေမှ နတ်ကွန်းများဆီသို့ တကူးတကန့် သွားရောက်လေ့လာကြသည်ကိုကြည့်၍ သိနိုင်ပေသည်။

ယခုကျွန်တော်ဆက်လက်ရေးသားမည့် အကြောင်းကတော့ အမြင်(၃၇)မင်းတွင် စာရင်းမပါဝင်သော်လည်း တောင်မြို့တွင် နာမည်ကြီး နတ်ကြီးများစာရင်းတွင် ပါဝင်သော 'ကိုးမြို့ရှင်'



www.burmeseclassic.com

www.burmeseclassic.com



နတ်အကြောင်းနှင့် ယင်း၏နေရာများ အကြောင်းပင် ဖြစ်ပါသည်။

နတ်သမိုင်းတွင် ကိုးမြို့ရှင်နှင့်တစ်စပ်တည်း ကွင်းဆက်ဖြစ်ခဲ့သော နတ်(၁၀)ပါး ရှိပါသည်။

၁။ မင်းလှစည်သူ (ပန်းတောင်းပြည်ဘုရင်)
၂။ ကူနီဒေဝီ (၎င်း၏မိဖုရားကြီး)
၃။ ကိုးမြို့ရှင် (၎င်းတို့၏သားတော် အိမ်ရှေ့မင်း)
၄။ ပုလဲယဉ် (၎င်းတို့၏သမီးတော် ပင်တိုင်စံမင်းသမီး)
၅။ ခွန်ချို
၆။ ခွန်သာ (ခွန်ချိုနှင့် ခွန်သာတို့မှာ ကိုးမြို့ရှင်၊ ပုလဲယဉ်တို့ မွေးစားသား ရှမ်းမင်းသားနှစ်ပါး)
၇။ မောင်လတ် (ပုလဲယဉ်၏ခင်ပွန်း)
၈။ သဲသဲလေး (၎င်းတို့၏သမီး)
၉။ ဦးမင်းကျော် (ပခန်းမြို့စား)
၁၀။ ဦးညို (ခေါ်) အဘညို (ဦးမင်းကျော်၏ အိမ်တော်ဝန်)
စသည်တို့ဖြစ်ပါသည်။

အတွင်း (၃၇)မင်း၊ အပြင်(၃၇)မင်း၊ အပ(၃၇)မင်း ဟူ၍ (၁၁၁)ပါးသော စာရင်းဝင် နတ်မင်းတို့အပြင် စာရင်းမဝင်ကြသော နတ်များစွာလည်း ရှိနေသေးကြောင်း ဤစာရင်းကို ကြည့်ပါက သိနိုင်ပေသည်။

အဘ ကိုးမြို့ရှင်သည် (၁၁၁)ပါးသော စာရင်းတွင် မပါဝင်သော်လည်း မြန်မာနိုင်ငံအတွင်း သိသူများလှပေသည်။ ကိုးမြို့ရှင်ကို အကြောင်းပြု၍ ပုလဲယဉ်ကို သိကြသည်။ ခွန်ချို၊ ခွန်သာကို သိကြသည်။ ဦးမင်းကျော်ကို သိသူများကြသည်။

ကိုးမြို့ရှင်

www.burmeseclassic.com

www.burmeseclassic.com



အထက်ဖော်ပြပါ နတ် (၁၀)ပါးထဲမှာ 'ဦးမင်းကျော်'သည် အပြင် (၃၇)မင်း စာရင်းဝင်နတ်ကြီးတစ်ပါး ဖြစ်ပေသည်။ နတ်သမိုင်းနှင့် ကိုးကွယ်မှုဆိုင်ရာ ရေးသားကြသော စာအုပ်စာတမ်းအတော်များများတွင် ကိုးမြို့ရှင်အကြောင်းကို တွေ့ခဲ့ပေသည်။

ယခု ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးဓားပိုင်သော (အဘ)ကိုးမြို့ရှင်နတ်သမိုင်းကို ဖော်ပြလိုက်ပါသည်။

## ကိုးမြို့ ကိုးတံခါး၊ ကိုးဖလား နှင့် ကိုးဓားရှင်

ပန်းတောင်းပြည်ကို ပိုင်သ စိုးစံတော်မူသော ဘုရင်မင်းလှစည်သူနှင့် မိဖုရားကြီး ကူနီဒေဝီတို့တွင် သားတော်တစ်ပါး၊ သမီးတော်တစ်ပါး ထွန်းကားခဲ့သည်။ သားတော်ကြီးအား အိမ်ရှေ့အရာ ပေးအပ်နှင်း၍ ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးဓားကို ပိုင်သစေသောကြောင့် ယင်းကို အစွဲပြု၍ 'ကိုးမြို့ရှင်'ကိုယ်တော်ကြီးဟူ၍ ထင်ရှားပေသည်။ သမီးတော်အမည်ကား 'ပုလဲယဉ်' ဟူ၍ဖြစ်ပြီး ပင်တိုင်စံမင်းသမီးဖြစ်ပေသည်။

ဘုရင် မင်းလှစည်သူတွင် လွန်စွာ ယုံကြည်ကိုးစားရသော အထိန်းတော်ကြီး 'ဗလကျော်ထင်' ကွယ်လွန်သွားသောအခါ ဗလကျော်ထင်၏ကိုယ်စား ၎င်း၏သားတော် ဗိုလ်မှူးမင်းကျော်စွာကို သားတော်ကြီးလေးပါးတွင် တစ်ပါးအပါအဝင် ထည့်သွင်း၍ သူကောင်းပြုတော်မူသည်။

မင်းကျော်စွာသည် မြင်းစီးကောင်းတစ်ဦးအဖြစ် ထင်ရှားသော ဗိုလ်မှူးတစ်ဦးဖြစ်ပေသည်။ မင်းကျော်စွာသည် ဘုရင့်သား



www.burmeseclassic.com

www.burmeseclassic.com


တော်အဖြစ် ရောက်သောအချိန်မှ အစပြု၍ အသောက်အစား၊ လောင်းကစားနှင့် မိန်းမမူများဖြင့်သာ ပျော်မွေ့နေပြီး နေ့စဉ် ထန်းတောထဲ၌သာ အချိန်ကုန် ပျော်ပါးလျက်ရှိနေတော့သည်။

တစ်နေ့သောအခါ ရှမ်းပြည်နယ်၊ မိုင်းပြင်စော်ဘွား စောခွန်ကြည်ကို ကျိုင်းတောင်းစော်ဘွား စောသီဟက ချီတက်တိုက်ခိုက်လာလေသည်။

စောခွန်ကြည်မှာ ပန်းတောင်းပြည့်ရှင် မင်းလှစည်သူနှင့် ရာဇမိတ်ဖက်လည်းဖြစ် သစ္စာတော်ခံလည်းဖြစ်သောကြောင့် စောခွန်ကြည်ဘက်မှ ကူညီတိုက်ခိုက်ရန်အတွက် အိမ်ရှေ့မင်း ကိုးမြို့ရှင်နှင့် ဗိုလ်မှူးမင်းကျော်စွာတို့အား တာဝန်ပေး စေလွှတ်သောအခါ နောက်ပါ ဗိုလ်ပါများစွာတို့နှင့် ရှမ်းပြည်နယ်သို့ ချီတက်သွားကြလေသည်။

သို့သော် ၎င်းတို့ ရောက်မလာမီကတည်းက စောသီဟလက်ချက်ဖြင့် စောခွန်ကြည်မှာ ကျဆုံးနေခဲ့ပြီဖြစ်သည်။ သို့သော် မိုင်းပြင်နယ်ကို ဆိုင်ရာရှမ်းမှူးမတ်များအား စီမံအုပ်ချုပ် လွှဲအပ်ထားခဲ့ပြီး စောခွန်ကြည်၏ လူမမယ်သားနှစ်ယောက်ဖြစ်သော ခွန်ချိုနှင့် ခွန်သာတို့အား ပန်းတောင်းနေပြည်တော်သို့ တစ်ပါတည်း ခေါ်ဆောင်လာခဲ့ကြသည်။

နေပြည်တော်သို့ ရောက်သောအခါ ဘုရင်ကြီးအား ဖြစ်ကြောင်းကုန်စင် သံတော်ဦးတင်ကြလေသည်။ ထိုအခါ ဘုရင်မင်းလှစည်သူသည် မိဘမဲ့ဖြစ်နေကြသော ခွန်ချိုနှင့်ခွန်သာတို့အား ကိုးမြို့ရှင်နှင့် ပုလဲယဉ်တို့အား တစ်ယောက်စီ ခွဲပေး၍ သားအမှတ်ဖြင့် မွေးစေသည်။ ထိုသို့ ခွဲဝေမွေးစေခြင်းကို ဗိုလ်မှူးမင်းကျော်


www.burmeseclassic.com

www.burmeseclassic.com



စွာက မကျေနပ်ပေ။

ရှမ်းပြည်နယ်သို့ သွားရောက်ကြသူများမှာ မိမိနှင့် ကိုးမြို့ရှင်တို့ ဖြစ်ကြသဖြင့် အကယ်၍ ရပါက ခွန်ချို၊ ခွန်သာတို့ကို ကိုးမြို့ရှင်နှင့် မိမိတို့ တစ်ယောက်စီ ရထိုက်သည်ဟု ယူဆကာ ဘုရင်ကြီးအပေါ် မကျေနပ်၍ ရန်ငြိုးဖွဲ့ခဲ့လေသည်။

ဘုရင်မင်းလှစည်သူက ခွန်ချို၊ ခွန်သာကို ဗိုလ်မှူး မင်းကျော်စွာကို ပေး၍မမွေးစေခြင်းငှာ အသောက်အစား၊ လောင်းတစားနှင့် အချိန်ကုန်ပျော်ပါးနေသော ဦးမင်းကျော်ကို ပေးလိုက်ပါက အကျင့်စာရိတ္တ ပျက်ပြားသွားမည်စိုးသောကြောင့် မပေးလိုက်ခြင်းဖြစ်သည်။

သို့သော်လည်း ဆုတော်၊ လာဘ်တော်အဖြစ် အစပြု၍ ပခန်းမင်းကျော်စွာဟူ၍လည်းကောင်း၊ ပခန်းဦးမင်းကျော်ဟူ၍လည်းကောင်း နာမည်ထင်ရှားခဲ့သည်။

ယင်းသို့ ပခန်းမြို့ကို အပိုင်စားရသော်လည်း မင်းကျော်စွာသည် ခွန်ချို၊ ခွန်သာအတွက် ရှက်လည်းရှက်၊ စိတ်လည်းနာကာ ဘုရင်ကြီးအား ရန်ငြိုးထားပြီး ထီးနန်းလုယူ၍ ပုလဲယဉ်ကိုပင် မိဖုရားမြှောက်ရန် ကြံစည်ခဲ့လေသည်။

ကာလကြာသောအခါ ခွန်ချို၊ ခွန်သာ အရွယ်ရောက်လာကြသည်။ ဘုရင့်အပါး၌ မြေးတော်များအဖြစ်နှင့် နေကြလေသည်။ ဤတွင် ဦးမင်းကျော်သည် ခွန်ချို၊ ခွန်သာ အနီးတွင်ရှိနေပါက မိမိအကြံအစည်အတွက် အနှောင့်အယှက်ဖြစ်မည် ဖြစ်သောကြောင့် ဥပါယ်တံမျဉ်ဖြင့် ကြံစည်ဆောင်ရွက်လေသည်။

ထိုအကြံကား အခြားမဟုတ်ပေ၊ ယင်း၏ အပေါင်းအ



www.burmeseclassic.com

www.burmeseclassic.com



သင်းများနှင့်တိုင်ပင်ကာ ဘုရင်ကြီးအား ယုံကြည်အောင် မလျှောက်ထားလေသည်။

"ရှမ်းပြည်နယ်၌ သူပုန်များ ထကြွသောင်းကျန်းနေကြောင်း၊ ခွန်ချို၊ ခွန်သာတို့အား အမြန်သွားရောက်နှိမ်နင်းစေသင့်ကြောင်း၊ ပြီးလျှင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးအတွက် ခွန်ချို၊ ခွန်သာတို့အား သုံးနှစ်နေထိုင် အုပ်ချုပ်သင့်ကြောင်း" မလျှောက်ထားသောအခါ ဘုရင်ကြီးက ယုံကြည်တော်မူ၍ ခွန်ချို ခွန်သာတို့အား စေလွှတ်တော်မူသည်။

ကိုးမြို့ရှင် ကိုယ်တော်ကြီးကလည်း ဟိုင်းမရောပြည်သို့ ထက် ဘုရားသာသနာ စိုးဖြန်းအားထုတ်ခြင်း အလုပ်ဖြင့်သာ ရေလျှော်နေသည်ကို အခွင့်ကောင်းယူကာ တစ်ညသောအခါ ဦးမင်းကျော်သည် နောက်လိုက်နောက်ပါများဖြင့် နန်းတော်သို့ဝင်ရောက်ကာ ဘုရင်ကြီးမင်းလှစည်သူနှင့် မိဖုရားကြီး တို့နှစ်ပါးကို လုပ်ကြံသတ်ဖြတ်ကာ ထီးနန်းလုယူလေတော့သည်။

ဦးမင်းကျော်လက်ချက်မှ ဝေးသွားပြီးနောက် ကိုးမြို့ရှင်ကိုယ်တော်ကြီးမှာ နှမပုလဲယဉ်ကို ပခုံးပေါ်မှာထမ်းပြီး လက်လွှဲထွက်ပြေးရလေတော့သည်။ ထို့နောက် သပြည်းတော်ချိ မိတ်ဆွေဟောင်းဖြစ်သူ ကျောက်ထဲချာမှ သူဌေးကြီး ဦးသာမြတ်ထံသို့ သွားရောက်ကာ မထင်မရှား ဆင်းရဲသားအသွင်ဖြင့် နေထိုင်ခဲ့ရလေသည်။

ကာလအတန်ကြာသော် ကိုးမြို့ရှင်ကိုယ်တော်ကြီးသည် နှမပုလဲယဉ်ကို သူဌေးကြီးဦးသာမြတ်ထံ အပ်နှံထားခဲ့ပြီး တိုင်းပြည်အရေးအခင်းများကို စနည်းနာရန်၍ မယင်ပြည်းတော်သို့ ခွန်ချို



www.burmeseclassic.com

www.burmeseclassic.com





သတ်ပုံအား ရွာမှလူတို့၏ သော်လည်းကောင်း ရုပ်ချက်ပြီး ရှမ်းဘုရင်ကြီး အသွင် ဝတ်ဆင်ကာ တော်ကျော်ပြက်ရွာမှ ထွက်ခဲ့လေသည်။

ကိုးမြို့ရှင် ကိုယ်တော်ကြီး မရှိသည့်နောက်ပိုင်းတွင် ပယ်ဒီပင်လောကနှင့် သူဌေးကြီးဦးသာမြတ်၏သားဖြစ်သူ မောင်ထွေးမှာ မထွားလက်ပင်ချစ်ခင်နှင့်သက်ကြပြီး ပေါင်းသင်းနေနိုင်ရာ

ကိုးမြို့ရှင်

www.burmeseclassic.com

www.burmeseclassic.com



သမီးကလေးတစ်ယောက် ဖွားမြင်ခဲ့လေသည်။ မိဘနှစ်ပါးနှင့် ဘိုးအဘွားတို့က အသည်းစွဲချစ်ခင်ကြလေသောကြောင့် 'သဲ ကလေး' ဟူ၍ ချစ်စနိုးအမည်ပေးကြလေ၏။

သုံးနှစ်ခန့်ကြာသောအခါ ခွန်ချို ခွန်သာတို့သည် တို ပြည်သို့ ပြန်ရောက်လာကြတော့သည်။

ထိုအခါ ဦးမင်းကျော်က. . .

"ထိမ်းနန်းကို လုပ်ကြံရယူခြင်းသည် ခွန်ချို ခွန်သာတို့ ဖွက်သာဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အသက်အရွယ် အိုမင်း ဖြစ်သောကြောင့် ဥပုသ်ဆောင်ဝင်ကာ တရားအားထုတ်တေ မည်ဖြစ်ကြောင်း" အယုံသွင်းပြောကြားကာ ခွန်ချို ခွန်သာတို့အ ထိမ်းနန်းတင်ပေးခဲ့သည်။

ထိုသို့ထိမ်းနန်းလွှဲမပေးမီ ခွန်ချို ခွန်သာတို့အား မိမိစကာ ကို နားထောင်၍ ခိုင်းစေသမျှ ဆောင်ရွက်ပါမည်ဟူသော က သစ္စာကို ခံစေ၍ သစ္စာရေသောက်ခိုင်းပြီးမှ ထိမ်းနန်းလွှဲပေးခြင်းဖြ သည်။ ထိုသို့သစ္စာရေတိုက်ပြီးမှ ဦးမင်းကျော်က "ကိုးမြို့ရှင်ဖ ရှာဖွေ၍ ဦးခေါင်းဖြတ်ဆက်သရန်" ခွန်ချို ခွန်သာတို့အား စေခိုင် လေတော့သည်။

ခွန်ချို ခွန်သာတို့မှာ သစ္စာရေသောက်ပြီး ကတိသစ္စာပြ ထားပြီးသောကြောင့် မတတ်သာတော့ဘဲ မွေးစားဖခင် ကိုးမြို့ရှ ရှိရာသို့ စုံစမ်းမေးမြန်းပြီး လိုက်ရလေတော့သည်။

ကိုးမြို့ရှင်ကလည်း ခွန်ချို ခွန်သာတို့ ရှိရာသို့ သတင်း စမ်းပြီး လိုက်လံရှာဖွေရင်း တောစပ်တစ်နေရာ၌ ဆုံမိကြလေ တော့သည်။

ကိုးမြို့ရှင်

www.burmeseclassic.com

www.burmeseclassic.com



ခွန်ချို၊ ခွန်သာတို့မှာ မိမိတို့၏ကျေးဇူးရှင်း မွေးစားဖခင် ြ်နေသောကြောင့် ဦးခေါင်းကိုဖြတ်၍ မသတ်ရက်ကြပေ။ အ ကြောင်းစုံကို သိရသောအခါ ကိုးမြို့ရှင်ကိုယ်တော်ကြီးသည် သား ပါး အပြစ်ရမည်စိုးသောကြောင့် ဓားကိုယူ၍ အမိဌာန်ပြုကာ ၏ဦးခေါင်းကို သူကိုယ်တိုင်ဖြတ်၍ ခွန်ချို၊ ခွန်သာတို့အား ပေး ်တ်စဉ် နေရာ၌ ဘဝပြောင်းကာ နတ်အဖြစ်သို့ရောက်လေတော့ ည်။

ခွန်ချို၊ ခွန်သာတို့လည်း မွေးစားဖခင်၏ဦးခေါင်းကို ယူ ဆောင်လျက် ငွေးချိုတောင် စကားဝါပင်စခန်း၌ ခေတ္တတဲနန်းဖြင့် သင့်စောင့်ဆိုင်းလျက်ရှိသော ဦးမင်းကျော်ထံ သွားရောက်ဆက် ကြသည်။ ထိုအခါ အရင်ကပင် ကြိုတင်စီစဉ်ထားသော ဦးမင်း ကျော်သည် ရဲမက်များဖြင့် ခွန်ချို၊ ခွန်သာတို့အား ဖမ်းဆီးစေလျက် ရှင်လတ်လတ် မီးတိုက်သတ်ဖြတ်လေရာ နေရာတွင် ပွဲချင်းပြီး ဘဝပြောင်းကာ နတ်ဘဝသို့ရောက်ကြလေတော့သည်။

ထိုအခါ ခွန်ချို၊ ခွန်သာနတ်နှစ်ပါးတို့က ဦးမင်းကျော်ကို ခြိုးဖွဲ့ကာ ဣန္ဒြိပါဒ်တန်ခိုးဖြင့် စကားဝါပင်နှင့် လှဲချသတ်ဖြတ်ရာ ဦးမင်းကျော်နှင့် အိမ်တော်ဝန် ဦးညိုတို့ နေရာတွင် စကားဝါပင်ပိ၍ သေဆုံးကြလေသော် နှစ်ဦးစလုံး နတ်ဘဝသို့ရောက်ခဲ့ကြလေ တော့သည်။ အချို့ရှေးမှတ်တမ်းများ၌ ခွန်ချို၊ ခွန်သာတို့ နတ်ဖြစ် ကြသောအခါ စီးတော်ကျားနှင့် တိုက်သတ်၍ ဦးမင်းကျော်နှင့် ဦးညိုတို့ သေဆုံးရသည်ဟူသော မှုကွဲအချို့ကို တွေ့ရပါသည်။

ကိုးမြို့ရှင် ကိုယ်တော်ကြီး နတ်ဘဝသို့ရောက်သော နှမ ဖြစ်သူ ပုလဲယဉ်ထံ ပြန်လာပြီး ကြည့်သောအခါ အိမ်ထောင်ကျ၍



www.burmeseclassic.com

www.burmeseclassic.com



သမီးကလေးတစ်ယောက်ရသည်ကို တွေ့ရသောအခါ စိတ်ထိခို
ခြင်း ဖြစ်မိလေသည်။

လူ့ဘဝ၌ရှိစဉ်က 'နှမတစ်သက်၊ မောင့်တစ်သက် ကြ
ဖက်မရှာစတမ်း' ဟူသောကတိ ပေးထားပြီးမှ ဖောက်ဖျက်ရပ်
လားဟူသောစိတ်ဖြင့် ပုလဲယဉ်ကို လူ့ပြည်လူ့ဘဝ၌ မထား
တော့သဖြင့် လိပ်ပြာနုတ်၍ခေါ်လေလျှင် သေပွဲဝင်ကာ အ
ပြောင်း၍ နတ်ဖြစ်ပြန်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နှမတော် ပုလဲရွှေယဉ် နတ်ဘဝသို့ ရောက်သောအခါ ချစ်လှစွာသောသမီးလေးကို မခွဲနိုင်သောကြောင့် ပုခက်တွင်း၌အိပ်နေစဉ် ကြောင်ယောင်ဆောင်၍ ခုန်ချရာ ကလေးလန့်၍ သေဆုံးလသော် နတ်ဘဝသို့ရောက်လေ၏။

'သဲသဲလေး'ဟူ၍သော်လည်းကောင်း 'မသဲလေး'ဟူ၍သော်လည်းကောင်း ချစ်စနိုးဖြင့် ခေါ်ဝေါ်ချော့မြူကြပြီး မသဲလေးနတ်ဝင်နေစဉ် 'ကြောင်ကြီးလာပြီ၊ ကြောင်ကြီးလာပြီ' ဟု ခြောက်လှန့်လျှင် နတ်ပြန်ထွက်သွားသည်ဟု ယုံကြည်ကြသည်။

ပုလဲယဉ်၏ခင်ပွန်းဖြစ်သူ မောင်လတ်မှာလည်း ဇနီးနှင့်သမီးငယ်တို့ ရုတ်တရက် သေဆုံးလေသဖြင့် ရင်ကွဲနာကျကာဘဝပြောင်းလေသော် နတ်ဘဝသို့ရောက်ရလေ၏။

ထို့နောက် မင်းလှစည်သူနတ်က ကိုးမြို့ရှင်ကိုယ်တော်ကြီးမှာ လူ့ဘဝတုန်းက ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးအားပိုင်သော အိမ်ရှေ့စံကိုယ်တော်ကြီး ဖြစ်ခဲ့သောကြောင့် နတ်ဘဝသို့ရောက်သောအခါ၌လည်း ပြည်သူပြည်သားလူအများကို ဘေးအန္တရာယ် မကပ်ရောက်ရလေအောင် ကာကွယ်စောင့်ရှောက်ရန် မြို့ရွာစောင့်ကြပ်ရသော နတ်ကြီးအဖြစ် တာဝန်ပေးသည်။

နှမတော် ပုလဲယဉ်၊ မောင်လတ်၊ သဲသဲကလေးနှင့် ခွန်ချိုခွန်သာနတ်တို့အားလည်း ကိုးမြို့ရှင်ကိုယ်တော်ကြီးရဲ့ အခြွေအရံအစောင့်အရှောက်အဖြစ် တာဝန်ပေးထားခဲ့ပေသည်။ ထို့ကြောင့် ကိုးမြို့ရှင်နတ်အား မြို့စောင့်နတ်အဖြစ် ပြည်သူအများက ယုံကြည်စွာ ကိုးကွယ်ကြလေသည်။ ကိုးမြို့ရှင်နတ်နှင့် တဆက်တည်းနတ်ဖြစ်ခဲ့ကြသော နတ်(၁၀)ပါးအနက် ပခန်းဦးမင်းကျော်ဇွာ အမြင်



www.burmeseclassic.com

www.burmeseclassic.com


(၃၇)မင်း စာရင်းဝင်နတ်ဖြစ်ခဲ့ပြီး ကျန်နတ်များက စာရင်းမပါဝင်ကြပေ။

သို့သော် နတ်ကနားပွဲများတွင် နတ်ထိန်းများက ယင်းတို့အတွက် ကနားပွဲ၊ ကန်တော့ပွဲပေး၍ ပူဇော်ပသပေးခဲ့ကြသည်။ ဦးမင်းကျော်နတ်ကတော့ လူ့ဘဝတုန်းက အပိုင်စားရခဲ့သော ပခန်းမြို့ကိုပင် အပိုင်စားရကာ 'ပခန်းဦးမင်းကျော်'ဟူသောအမည်ဖြင့် လူသိများပေသည်။

၎င်းသည်တို့ကား ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးဓားပိုင်သပါသော ကိုးမြို့ရှင် ကိုယ်တော်ကြီးနှင့် ကွင်းဆက်စာရင်းဝင်နတ်(၁၀)ပါးတို့အကြောင်းများပင်ဖြစ်ကြပေသည်။

ကိုးမြို့ရှင်ပွဲပြင်ဆက်ကပ်နည်း

ကိုးမြို့ရှင်ပွဲ ပူဇော်ပသရန်အတွက် အလုံးလှလှ၊ ကြွက်မြီးကောင်းကောင်း အပြစ်အနာအဆာကင်း၍ အရောင်လှသော အုန်းသီးတစ်လုံး၊ ဖီးကြမ်း (သို့) ရခိုင်ငှက်ပျောသီးစိမ်း (အပြစ်အနာအဆာကင်း၍ တစ်ဖီးလျှင် ဆယ်လုံးအထက် ရှိရပါသည်) သုံးဖီး၊ ပို၍တတ်နိုင်ပါက ငှက်ပျောဖီး ကိုးဖီး၊

သပြေပန်းခက်၊ စံပယ်ပန်း၊ အမွှေးတိုင်တို့ကို ငှက်ပျောသီးအလိုက် ဆက်သရသည်။ ငှက်ပျောဖီးသုံးဖီးထည့်လျှင် သုံးခက်၊ သုံးကုံး၊ သုံးတိုင် ထည့်၍ အကယ်၍ ငှက်ပျောဖီး ကိုးဖီးဆိုလျှင် သပြေပန်းခက် ကိုးခက်၊ စံပယ်ကုံးကိုးကုံး၊ အမွှေးတိုင်ကိုးတိုင် ဆက်သရပါသည်။

လက်ဖက်ပွဲကို သီးသန့်ဆက်လိုပါက ပန်းကန်တစ်ချပ်တွင် လက်ဖက်စသော အကြော်ထည့်၍ ဆီဆမ်းပါ၊ ဆားလုံးဝမထည့်


www.burmeseclassic.com

www.burmeseclassic.com



ရပါ။ အကယ်၍ ပန်းကန်ဖြင့် သီးသန့်မဆက်လိုပါက လက်ဖက် အသားသန့်သန့်ကို ကွမ်းရွက်ဖြင့်ထုပ်၍ ငှက်ပျောဖီးများအကြား တွင် ထိုးစိုက်ထားရပါသည်။ ကွမ်းယာကိုလည်း ထိုနည်းအတိုင်း ထုံး၊ ကွမ်းသီး ထည့်ယာ၍ ငှက်ပျော်သီးများအကြား လှပအောင် ထိုးစိုက်ပေးထားရသည်။

နံ့သာဖြူ၊ ကရမက် သွေးထားသော နံ့သာရည်ဖြစ်စေ၊ ရေမွှေးကို ရေဖြင့် ဖျော်ထား၍ဖြစ်စေ အမွှေးရည်ပန်းကန်ကို ဆောင်ထားပါ။ အမွှေးနံ့သာပန်းကန်တွင် ပက်ဖျန်းပေးရန် ပန်း တစ်ခက် စိုက်ထားပေးရပါသည်။

အားလုံး အဆင်သင့်ဖြစ်လျှင် ကန်တော့ပွဲပြင်ဆင်ရန် ဇလုံ တွင် အုန်းသီး၊ ငှက်ပျောသီး၊ ပန်း၊ ကွမ်းရွက်တို့ကို ရေစင်အောင် ဆေးကြောသန့်စင်၍ ဇလုံထဲ၌ ငှက်ပျောသီးထည့်ပါ။ ကိုးဖီးဆို လျှင် အောက်ဆုံးက လေးဖီး၊ အလယ်က သုံးဖီး၊ အပေါ်ဆုံးက နှစ်ဖီး ဆင့်တင်ပါ။ အုန်းသီးကိုထည့်ပါ။

ကွမ်းယာ၊ လက်ဖက်ထုပ်များညှပ်ပါ။ သပြေခက်၊ ပန်း ခက်များစိုက်ပါ။ စံပယ်ကုံးများကို အုန်းသီးကြွက်ညှာတွင် လှပ အောင် ချိတ်ဆွဲပါ။ အမွှေးနံ့သာ ပက်ဖျန်းပေးပါ။ ကန်တော့ပွဲပြင် ဆင်ပြီးပါက ဗလိနတ်စာပွဲအတွက်. . .

- မုန့်ဖြူ မုန့်နီ (၉)ချပ်စီ၊
- ငါးကြော်(အမြီးစုံ ခေါင်းစုံ) ၉-ကောင်၊
- လက်ဖက် (၉)ပုံ၊
- မုန့်လုံးရေပေါ် (၉)လုံး၊
- သစ်သီး(သရက်၊ လိမ္မော်၊ မာလကာ၊ ပန်းသီး) ၉-လုံး



www.burmeseclassic.com

www.burmeseclassic.com



(သို့မဟုတ်) ၉-စိပ်၊

- ပဲပုပ်(၉)ပုံ၊

- ခေါင်ရည်(၂)ခွက်တို့နှင့်အတူ ဖယောင်းတိုင်(၉)တိုင် ထွန်းညှိ၍ ဆက်သရသည်။

ကိုးမြို့ရှင်အတွက် ရည်စူး၍ ပုံတော်ကားချပ်၊ ရုပ်တုတော်များ ရှေ့သို့သော်လည်းကောင်း၊ မြို့ဦးမြို့ထိပ်၊ ရွာဦးရွာထိပ်၌ ထားရသော ကိုးမြို့ရှင်နတ်နန်းတွင် ရှမ်းဘောင်းဘီအနက်၊ အင်္ကျီအနက်၊ ပျော့ခမောက်၊ ဖိနပ်နောက်ပိတ်၊ ရှားစေးလွယ်တို့ကိုပါ ဆက်သနိုင်သည်။

ထိုသို့ပြင်ဆင်၍ ကိုးမြို့ရှင်၊ နှမတော် ပုလဲယဉ်နတ်မောင်နှမတို့အား ပင့်ဖိတ်ဆက်ကပ်ပြီး လိုရာဆုကို တောင်းနိုင်ပါသည်။

"ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးဓားကို ပိုင်သတော်မူသော အဖေကြီးပါဘုရား၊ နှမတော်ပုလဲယဉ်ပါ တစ်ပါးတည်း ခေါ်ဆောင်၍ သားတော်၊ သမီးတော်တို့ ဆက်ကပ်လှူဒါန်းသော ကန်တော့ပွဲနဲ့ ဗလိနတ်စာပွဲသို့ ကြွရောက်သိမ်းပိုက်တော်မူပါ။ ဘုဉ်းပေးသုံးဆောင်တော်မူပါ။ မင်းက မွေးတဲ့ မင်းသွေးပါတဲ့ ကိုယ်တော်ကြီးပါဘုရား၊

လူ့ဘဝကတည်းက ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနဲ့ ကိုးဓားကို အပိုင်စားခဲ့ရသည့်အတူ ယခု နတ်ဘဝမှာလည်း နယ်တော်၊ မြို့တော်များကို ပိုင်သတော်မူရပါသောကြောင့် မြို့တော်ရှင်ရယ်လို့ ပေါ်လွင်ထင်ရှားခဲ့ပါသည်ဘုရား၊

သားတို့၊ သမီးတို့အားလည်း စောင့်ရှောက် မ,စပေးတော်မူပါ။ စီးပွားဥစ္စာ တိုးပွားအောင်၊ ရာထူးဌာနန္တရများလည်း တိုးတက်



www.burmeseclassic.com

www.burmeseclassic.com



အောင် စောင့်ရှောက်ပေးတော်မူပါ၊ မြို့တော် နယ်တော်များကို အန္တရာယ် အမျိုးမျိုးမှ ကင်းဝေးအောင် စောင့်ရှောက်ဖယ်ရှားပေး သလို ယနေ့မှစ၍ သားတော်သမီးတော်တို့ရဲ့ အိမ်ဂေဟာအတွင်း ကျရောက်မည့် ဘေးဥပဒ် ရန်စွယ်၊ အန္တရာယ် အသွယ်သွယ်တို့ကို လည်း ကိုးဓားနှင့် ဖယ်ရှားပေးတော်မူပါ။

ပိတ်နေသော လာဘ်တံခါးများကိုလည်း လမ်းဖွင့်ပေး တော်မူပါ၊ ရတနာ ဥစ္စာပစ္စည်းများကိုလည်း ကိုးဖလားနှင့် သွန်းချ ပေးတော်မူပါ"

ဟူ၍ မိမိတို့အလိုရှိသမျှကို ဆုတောင်းပသနိုင်ကြပါ သည်။

## ကိုးမြို့ရှင်နန်းသို့ လမ်းညွှန်

ကိုးမြို့ရှင်ကို ရည်စူး၍ ဆောက်လုပ်ကိုးကွယ်သော နန်း များစွာရှိပါသည်။ စာရေးသူအနေနဲ့ လေ့လာမိသမျှ ပြင်ဦးလွင်မှ (၁၀)မိုင်ကွာဝေးတဲ့ သုံးတောင်ရွာ(သုံးတောင်ကွေ့ဟူ၍လည်းခေါ် သည်) အနီးက စောမွန်လှ နားတောင်းကျချောင်းအနီးက နတ် ကွန်းသည် နန်းရင်းဖြစ်မည်ဟု ခန့်မှန်းပါသည်။ ထိုနေရာတစ်ဝိုက် တွင် စောမွန်လှ တည်ခဲ့သောဘုရားနှင့် ရှေးဟောင်းဘုရားများ လည်း ရှိပါသည်။

ထိုနေရာတစ်ဝိုက်တွင် ကိုးယောက် မသွားရပါ၊ ကားပေါ် တွင် ကိုးယောက်ပါလာပါက ကျောက်တုံးတစ်တုံးကိုပါတင်၍ (၁၀ ယောက်အဖြစ် သွားရသည်။ ကိုးယောက်ဖြင့်သွားပါက ကားစက်



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ခြင်း၊ ကားမှောက်ခြင်း၊ အန္တရာယ်များ လတ်တလောကြုံတွေ့ရသည်။

ကိုးမြို့ရှင်နှင့်ပတ်သက်ခဲ့သော နေရာများသို့ ကိုးယောက်သွား၍ မရကြပါ။ မိုးညှင်းမိုးကောင်းဘက်တွင် ကိုးမြို့ရှင် ကိုယ်တော်ကြီး သက်ရှိထင်ရှားရှိစဉ်က နေသွားသော နတ်နန်းရှိသည်ဟုလည်း သိရပါသည်။

သက်ပျောက်နန်းက ပြင်ဦးလွင်မြို့၊ (၅)ရပ်ကွက်အထဲမှာရှိပါသည်။ ထိုသက်ပျောက်နန်းတွင် သိုက်နန်းရှင်မောင်တောင်နှမတော် နတ်ကွန်း၊ မိုးမိတ်စော်ဘွားကြီးနန်းနှင့် နန်းဦးဓာတ်ပေါင်းစု လေးကျွန်းစကြာ စေတီတော် ရှိပါသည်။

ကိုးမြို့ရှင်ပူဇော်တဲ့ ပွဲတော်ကို နှစ်စဉ် ဝါခေါင်လတိုင်းကျင်းပတယ်လို့ သိရပါသည်။

ပြင်ဦးလွင်မှ (၁၂)မိုင်လောက်ဝေးတဲ့ သုံးတောင်ရွာကနန်းကတော့ အနော်ရထာမင်းလက်ထက်ကတည်းက ရှိကြောင်းနန်းထိန်း အမေကြည်(ဒေါ်လှကြည်)ကပြောပြသည်။ ထိုနန်းရင်းပရိဝုဏ်ထဲမှာ ဥယျာဉ်မ နတ်ကွန်းနဲ့ ရွာတော်ရှင်နတ်ကွန်းတို့လည်း ရှိပါသည်။ ယခင်က နတ်ကွန်းအနီးတွင် မကြိုက်တာလုပ်မိပါက ချက်ချင်း ကျားထွက်လိုက်သည်ဟု အမေကြည်က ပြောပြသည်။

သုံးတောင်ရွာနှင့် ရွာနီးဝန်းကျင်တစ်ဝိုက်တွင် အလှူမင်္ဂလာဆောင်များ ကျင်းပပြုလုပ်တော့မည်ဆိုလျှင် ဦးစွာ နတ်ကွန်းကို လာရောက် ပသရသည်။ ကိစ္စပြီးမှ လာရောက်ကန်တော့သပါက အနှောင့်အယှက်များ ကြုံတွေ့ရသည်ဟုလည်း ပြောပြပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မည်သို့ပင်ဆိုစေ 'လူလိုမှ နတ်လို၊ နတ်လိုမှ ဖြိုလ်မ' ဟူသောစကားအတိုင်း မည်သည့်ကိစ္စမဆို မယုံကြည်လျှင်တောင် ဒေသအလိုက်ရှိသော မလေ့ထုံးစံများကို မလေးမစားမပြုသင့်ကြောင်း တိုက်တွန်းရင်း. . .

**ကျမ်းကိုးစာရင်း**

၁။ ၃၇-မင်းနှင့် နတ်မျိုးစုံ(ဆရာဦးကံမင်း)၊ ၁၉၄၉-ခု၊ ဩဂုတ်လ။

၂။ မှန်နန်းရာဇဝင်တော်ကြီး (မုံရွေးဆရာတော်နှင့်အဖွဲ့)



www.burmeseclassic.com

www.burmeseclassic.com



# သရဲအရုပ်လေး
# ရောဘတ်

www.burmeseclassic.com

www.burmeseclassic.com





# Robert the Haunted Doll

သ [illegible] 'Poltergeist' [illegible]

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



တရက်ပွင့်လာရင် ဘယ့်နဲ့များလုပ်ရပါ့မလဲ၊ ဟွန်းသံတွေမြည်လာရင် ဘယ်လိုတွေများဖြစ်လာမလဲ၊ အခန်းထဲက အရုပ်တွေအားလုံး ရုတ်တရက်ထပြီး တိုက်ခိုက်လာရင် ဘယ်လိုများလုပ်ရပါ့မလဲ. . စသည်ဖြင့် အတွေးတွေက ကျွန်တော့်ကို တော်တော်လေးကို ခြောက်လှန့်နေလေ့ရှိပါတယ်။

အဆိုးဆုံးကတော့ အရုပ်လေးတွေကို မျက်လုံးထောင့်ကပ်ကြည့်လိုက်တဲ့ အချိန်တစ်ခဏမှာ တွေ့မြင်ရတဲ့ခံစားမှုတွေပါပဲဗျာ။ မိန်းကလေးအရုပ်ရဲ့ဦးခေါင်းလေး လှည့်သွားတာများလား၊ မျက်တောင်များခတ်လိုက်သလား၊ မျက်စိဖွင့်လိုက်ပိတ်လိုက်များ လုပ်နေသလား၊ ခြေထောက်လေးတွေများ ရမ်းလိုက်သလား၊ ခုနက လက်ကို ဒူးခေါင်းပေါ် တင်ထားတာများလား. . ဦးနှောက်ခြောက်စရာ အတွေးတွေက ခေါင်းထဲမှာအပြည့်ပါ။

ဒါပေမဲ့ ဒါတွေက လက်တွေ့မှာ မဖြစ်နိုင်ပါဘူး။ သူတို့ဟာ အရုပ်ကလေးတစ်ရုပ်သာ ဖြစ်ပါတယ်၊ဟုတ်တယ်မလား။

အင်တာနက်ထဲမှာ သရဲခြောက်တဲ့အရုပ်တွေအကြောင်းရေးထားတဲ့ဇာတ်လမ်းတွေ ရှိပါတယ်။ ဒါတွေရဲ့ အများစုကတော့ အွန်လိုင်းကအရုပ်လေးတွေ ရောင်းကောင်းအောင်ထွင်ထားတဲ့ လံကြုပ်တွေပါ။

ဒါပေမဲ့. . . လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာတော့ ဒီအရုပ်လေးတွေထဲက တစ်ရုပ်ဟာ တကယ်ကိုကျော်ချမ်းစရာကောင်းတာကို သိလာရပါတယ်။ ဒီအရုပ်လေးဟာ တစ်ခါတုန်းကမှာ သဘာဝလွန်ဖြစ်ရပ်တွေဖြစ်တတ်လို့ တရားဝင်စုံစမ်းစစ်ဆေးခဲ့ဖူးပါတယ်။ ယခုအခါမှာတော့ ဖလော်ရီဒါပြည်နယ်တောင်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တ KeyWest ကျွန်းမြို့လေးက ပြတိုက်မှာ အဆိုပါ သရဲခြောက်တဲ့ အရုပ်ကလေးကို ထိမ်းသိမ်းထားပါတယ်။

ထိုသရဲခြောက်တဲ့ အရုပ်ကလေး'ရောဘတ်' အကြောင်းကို ပြောပြချင်ပါတယ်။

(၁၉၀၆)ခုနှစ်တုန်းကပေါ့။ အူဂီးန်အော့ထ်ဆိုတဲ့ ကောင်လေးတစ်ယောက်ဟာ ရောဘတ်လို့အမည်ပေးထားတဲ့ အရုပ်လေးကို အိမ်အကူတစ်ယောက်ဆီက လက်ဆောင်အဖြစ်ရရှိခဲ့ပါတယ်။ အဲဒီအချိန်အထိတော့ ဒီအရုပ်ကလေးရောဘတ်ဟာ ဘယ်ကနေဘယ်လို ဖြစ်လာပါလိမ့်ဆိုတာကို ဘယ်သူမှ မတွေးမိခဲ့ကြပါဘူး။

လက်ဆောင်ရပြီး မကြာမီမှာပဲ ဆန်းကြယ်တဲ့အဖြစ်အပျက်တွေ တွေ့ကြုံလာရပါတယ်။

အူးဂီးန်အော့ထ်ရဲ့မိဘတွေဟာ သူတို့သားလေးကို စည်းနဲ့ကမ်းနဲ့တင်းတင်းကျပ်ကျပ် ကိုင်တွယ်ပါတယ်။ အိမ်ကအစေခံတွေကိုလည်း မောက်မောက်မာမာ ဆက်ဆံလေ့ရှိပါတယ်။ ဒါ့ပြင်လုပ်ခနည်းနည်းလေးသာပေးပေမဲ့ ပင်ပန်းတဲ့အလုပ်တွေကို အချိန်အကြာကြီး ဆက်တိုက်ခိုင်းလေ့ရှိပါတယ်။ မကြာခဏဆိုသလိုပဲ မထင်ရင်မထင်သလို ရိုက်နှက်လေ့ရှိပါသေးတယ်။

အိမ်ကအစေခံတွေထဲမှာ 'ဘာဟင်မီးယန်း'ဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက်လည်း ပါဝင်ပါတယ်။ သူမက အောက်လမ်းနည်းတွေလည်း တတ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် သူမဟာ ရောဘတ်ဆိုတဲ့အရုပ်လေးကို အစီအရင်လုပ်ပြီး အိမ်ရှင်တွေရဲ့သားလေးကို လက်ဆောင်ပေးခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com

အရုပ်ကလေးရောဘတ်




www.burmeseclassic.com

www.burmeseclassic.com



အရုပ်ထဲမှာ လူသေွးတွေပေကျံနေတဲ့အဝတ်တွေ ထည့်သွင်းထားတယ်လို့ အချို့ကဆိုပါတယ်။ အရုပ်ကလေးရဲ့ဆံပင်တွေဟာ တကယ့်လူ့ဆံပင်အစစ်တွေလို့ ဆိုတဲ့သူတွေလည်း ရှိပါတယ်။

ကောင်လေးဟာ လက်ဆောင်ရတဲ့အရုပ်လေး ရောဘတ်ကို သဘောကျသွားပြီး သွားလေရာကို ကိုယ်နဲ့တစ်ပါတည်း ယူသွားပါတယ်။ အရုပ်ကလေးကို ထမင်းစားပွဲအောက်မှာ ညစာတွေ့တတ်သလို ညညဆို ကုတင်ပေါ်ထားပြီးလည်း အတူအိပ်တတ်ပါတယ်။

မိဘလုပ်တဲ့သူတွေဟာ အူဂျိုးနိရဲ့ အခန်းရှေ့ကဖြတ်သွားတိုင်း သားဖြစ်တဲ့သူရဲ့ အသံတိုးတိုးတိုးတိုးနဲ့ စကားတွေပြောပြောနေတာကို မကြာခဏ ကြားရတတ်ပါတယ်။ ဒါပေမဲ့ မိဘတွေကတော့ သူတို့သားလေးဟာ အရုပ်ကလေးရောဘတ်နဲ့ ဇွဆော့ကစားရင်း စကားတွေပြောနေတာပဲဖြစ်မယ်လို့ ထင်ထားခဲ့ကြပါတယ်။

မကြာပါဘူး၊ ကလေးကစားခန်းထဲမှာ ထူးဆန်းတာတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပွားလာပါတယ်။ ဘာနဲ့မျှထိခိုက်မှုမရှိဘဲ မီးလုံးတွေပြုတ်ကျပြီး ကွဲသွားတာတွေ၊ ငွေထည်ပန်းကန်ခွက်ယောက်တွေနဲ့ ဖန်ခွက်တွေဟာ ထမင်းစားပွဲပေါ်မှာ ပျံ့ဝဲနေတာတွေလည်းဖြစ်တတ်ပါတယ်။ အခန်းထဲမှာ ဘယ်ကနေရောက်လာမှန်းမသိရတဲ့ အဝတ်အဟောင်းအစုတ်တွေကိုလည်း မကြာမကြာ တွေ့လာရပါတယ်။

ထူးဆန်းတာတစ်ခုဖြစ်ပွားတိုင်း သားဖြစ်သူကို သွားသွားမေးပါတယ်။ ဒါပေမဲ့ မေးလိုက်တိုင်း 'သားလုပ်တာ မဟုတ်ဘူးမေမေဒါ. . ရောဘတ်လုပ်တာ'လို့သာ အမြဲပြန်ဖြေလေ့ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြစ်ပွားတဲ့အကြိမ်တိုင်းမှာလည်း မိဘတွေက သားဖြစ်တဲ့သူ
အပြစ်ပေးတတ်ပါတယ်။




www.burmeseclassic.com

သရဲအရုပ်လေးကျောဘက်

www.burmeseclassic.com



ဒီလိုနဲ့ နှစ်တွေအတော်ကြာလာပါတယ်။ အူဂီးန်နဲ့ အရုပ်လေးရောဘတ်တို့ဟာ သံယောဇဉ်တွေ တစ်နေ့တခြား တိုးလို့လာပါတယ်။ မိဘတွေ ကွယ်လွန်အနိစ္စရောက်သွားတော့လည်း အိမ်မှာ အူဂီးန်နဲ့ အရုပ်ကလေး ရောဘတ်တို့ပဲ ကျန်ရစ်ခဲ့ပါတယ်။

အိမ်ထဲက ထူးဆန်းတဲ့အဖြစ်အပျက်တွေကြောင့် အစေခံတွေကလည်း အဟောင်းတွေထွက်သွားလိုက်၊ အသစ်တွေရောက်လာလိုက်နဲ့ သံသရာလည်နေပါတယ်။

အခန်းထဲမှာ အူဂီးန်မှတစ်ပါး အခြားဘယ်သူမျှရှိမနေပေမဲ့ ခိုးခိုးခစ်ခစ်နဲ့ တွတ်ထိုးပြီးရယ်သံတွေ ကြားကြားနေရတတ်လို့ အစေခံတွေက ဆိုပါတယ်။ ဒါ့အပြင် . . ထူးဆန်းတဲ့အသံတွေ၊ ခြေသံတွေ၊ ဆန်းကြယ်တဲ့အဖြစ်အပျက်တွေကိုလည်း မကြာခဏ တွေ့ကြုံနေရတာကြောင့် အစေခံတွေ ထွက်ထွက်သွားကြလို့ ကြာကြာခံတဲ့အစေခံရယ်လို့လည်း မရှိတော့ပါဘူး။

တဖြည်းဖြည်းနဲ့ အူဂီးန်လေးအရွယ်ရောက်လာတော့ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဖို့ အချိန်ကျရောက်လာပါတယ်။ ဒါပေမဲ့ ဇနီးအသစ်စက်စက်ကလေးလည်း အိမ်ရောက်လို့မှ ဘာမျှမကြာလိုက်ပါဘူး၊ နေရတာ အတော်ကိုချောက်ချားလာပါတယ်။

အူဂီးန်ဟာ အရုပ်လေးရောဘတ်ကို သံယောဇဉ်ကြီးလွန်းနေတာကတစ်ကြောင်း၊ သဘာဝလွန်အဖြစ်အပျက်တွေကို မကြာခဏ တွေ့ကြုံနေလာရတာကတစ်ကြောင်းတို့ကြောင့်ပါ။

နောက်ဆုံးတော့ အရုပ်ကလေးရောဘတ်ကို သရဲဝင်ပူးနေတာကို ဇနီးဖြစ်သူက ရိပ်မိလာပါတယ်။ အူဂီးန်ဟာ အရုပ်ကလေးရောဘတ်နဲ့ပတ်သက်လာရင် ဆတ်ဆတ်ထိမခံတဲ့အပြင်



www.burmeseclassic.com

www.burmeseclassic.com


အချိုးတွေပါ ပြောင်းလာပါတယ်။

အဆိုးဆုံးကတော့ အခန်းထဲမှာ သူမနဲ့အရုပ်ကလေး နှ
ဦးတည်းရှိနေတဲ့အချိန်တွေမှာဆို အသက်အန္တရာယ် စိုးရိမ်ရတ
အခြေအနေတွေ တွေ့ကြုံလာရတာပါပဲ။

ချောက်ချားလွန်းလာတဲ့အခါမှာတော့ အရုပ်ကလေးကို
ဆက်ထားမယ်ဆိုရင် ထပ်ခိုးထဲမှာပဲထားဖို့၊ အိမ်ထဲက အခြ
ဘယ်နေရာမှာမှ မထားတော့ဖို့ အူဂီးန်ကို ဇနီးဖြစ်သူက တောင်
ဆိုပါတော့တယ်။

အရုပ်ကလေးရောဘတ်ဟာ ထပ်ခိုးထဲမှာပဲ နေရပါတော့
တယ်။ မကြာပါဘူး. .၊ အိမ်နီးနားချင်းကလေးတွေနဲ့ အိမ်ရှေ့က
ဖြတ်သွားတဲ့သူတွေဟာ ထပ်ခိုးပြတင်းပေါက်မှာ ဟိုဘက်မှသည်
ဘက် သည်ဘက်မှဟိုဘက် လမ်းလျှောက်နေတဲ့ အရုပ်ကလေး
ရောဘတ်ကို တွေ့မြင်လာကြပါတယ်။

လမ်းလျှောက်နေရုံမျှမက ပြတင်းပေါက်မှာ တခစ်ခစ်
ရယ်နေတတ်သလို တွေ့သမျှလူတွေကို လိုက်ကြည့်နေတတ်ပါ
သေးတယ်။ ထပ်ခိုးထဲမှာ ထည့်ထားခံရလို့ အရုပ်ကလေးရော
ဘတ်ဟာ တဖြည်းဖြည်းနဲ့ ဒေါသတွေထွက်လာပါတယ်။

အူဂီးန်ဟာ အရုပ်ကလေးရောဘတ်ကို ထပ်ခိုးထဲထည့်ပြီ
အပြင်ကနေ သော့ခတ်ထားတာမို့ အူဂီးန်ရဲ့ ကျန်းမာရေးဟာ
တဖြည်းဖြည်းနဲ့ ချို့ယွင်းလာပါတယ်။ နောက်တော့. . အူဂီးန်ဟာ
ဇနီးဖြစ်သူကို အတိုက်အခံလုပ်ပြီး အရုပ်ကလေးရောဘတ်ကို
အိမ်မကြီးထဲက သူ့အိပ်ခန်းထဲ ပြန်ထားခဲ့ပါတယ်။

စိတ်မကောင်းစရာကတော့ အူဂီးန်ရဲ့ ကျန်းမာရေးအခြေ


www.burmeseclassic.com

www.burmeseclassic.com

# ROBERT THE DOLL



[illegible] ရောဘတ်က ပိုပြီးကြောက်လန့်စရာ [illegible]
[illegible] နောက်ဆုံးတော့ [illegible] အိမ်ကြီးကို [illegible] ရောင်း
ချလိုက်ပြီး ထွက်သွားပါတော့တယ်။ ရောဘတ်ကိုတော့ [illegible]
[illegible] ပိုင်ရှင်အသစ်[illegible] ထားရစ်ခဲ့ပါတယ်။

[illegible] အထပ်ပေါ်ကိုတက်ပြီး သန့်ရှင်း
[illegible] သူတို့ရဲ့(၁၀)နှစ်အရွယ်သမီးလေးက ရောဘတ်ကို
[illegible] ရောဘတ်ကို [illegible]
[illegible] ဒါနဲ့ ရောဘတ်ကို [illegible]
[illegible]
[illegible]

www.burmeseclassic.com

www.burmeseclassic.com





ညာလက်ကြွက်ကိုဂျိနီဆစ်ရှာက်တော့ မိန်းကလေးရဲ့ ကြော ပင်းဘဂျက်ရဲ့ ဝယ်သံပါးအောင်မောင်လိုက်တဲ့အသံတွေ ပြို ဆိုက်ရှပါတယ်။ မိဘတွေသွားကြည့်တော့ သမီးဖြစ်သူ ကျော်ကျော်ယုန်းလို့ အသားတွေတောင် ကဆတ်ဆတ် တုန်နေ တယ်။ နောက်တော့ အိပ်ခန်းပေါ်မှာ လျှောက်သွားပြီး သူ ကိုသတ်ဖို့ကြိုးစားလာတဲ့ အကြီးကြီးကြွက်နှက်မှာတယ် လို့ ပြော ပြောပြပါတယ်။ ... ရှေ့ဆက် ဆိုးမှုမတွေ့ရဘဲတော့ပါဘူး။ ... ကြောင့် ... Key We... ... တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . ဇာတ်လမ်းက အဆုံးမသတ်သေးပါဘူး။ ရောဘတ်ကို ပြတိုက်ရဲ့ ခန်းမကြီးအလယ်မှာရှိတဲ့ မှန်သေတ္တာထဲထည့်ပြီး အပြင်က သော့ခတ်ထားပါတယ်။ အရုပ်ကလေးရဲ့ လက်တွေ၊ ခြေတွေ လှုပ်ရှားလာတာကို မြင်တွေ့ရတဲ့အကြောင်း၊ ပြတိုက်ထဲဘယ်သူမှမရှိ တော့ဘူးဆိုရင် ညညဆို အနေအထားတွေ မကြာခဏ ပြောင်းနေတတ်ကြောင်း ပြတိုက်ဝန်ထမ်းတွေက ပြောလာပါတယ်။ ပြတိုက်ထဲမှာ အစောင့်အဖြစ် ကျန်နေခဲ့တဲ့ဝန်ထမ်းတွေကလည်း ထူးဆန်းတဲ့အသံတွေနဲ့ တခစ်ခစ်ရယ်သံတွေ ကြားရတယ်လို့ ဆိုပါတယ်။ မှတ်တမ်းတင်ရိုက်ကူးတဲ့ ဗီဒီယိုမှာလဲ အရုပ်ကလေး လှုပ်ရှားသွားတာကို တွေ့မြင်ခဲ့ကြရပါသေးတယ်။



အရုပ်ကလေးရောဘတ်ကို
ပြတိုက်ထဲပြသထားပုံ



www.burmeseclassic.com

www.burmeseclassic.com



[illegible] Key West [illegible] ရှိတယ် [illegible] ပြီး [illegible] ပါတယ်။

ရောဘတ်ကို [illegible] ပါတယ်။



ပြတိုက်ထဲက မှန်အိမ်ထဲထည့်ထားသည့် အရုပ်ကလေးရောဘတ်

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကလေးရောဘတ်ကို ဓာတ်ပုံရိုက်ရင် ခွင့်တောင်းပြီးမှရိုက်ဖို့ ပြတိုက်က မေတ္တာရပ်ခံထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရောဘတ်ကို ခွင့်မတောင်းဘဲ ဓာတ်ပုံရိုက်တဲ့ ဧည့်သည်တွေဟာ ထူးဆန်းတဲ့အဖြစ်အပျက်တွေ အမျိုးမျိုးတွေ့ကြုံခဲ့ရလို့ဖြစ်ပါတယ်။

ဓာတ်ပုံရိုက်ထားပေမဲ့ ဖလင်မှာဘာရုပ်ပုံမျှမထင်ဘူးလို့ အချို့ကပြောပါတယ်။ အချို့ကတော့ ရောဘတ်ဟာ ဓာတ်ပုံရိုက်တုန်းကအနေအထားနဲ့ ဓာတ်ပုံထဲကအနေအထားတွေဟာ မတူညီဘဲ ပြောင်းနေတယ်လို့ ဆိုပါတယ်။

အချို့ကလည်း ရောဘတ်ဟာ ဓာတ်ပုံထဲမှာ မကောင်းဆိုးဝါးအမူအရာတွေ လုပ်ပြထားတာ၊ မျက်လုံးတွေ တစ်ဝက်တစ်ပျက်မှိတ်နေတာ၊ ခေါင်းက တစ်ဖက်ကိုစောင်းနေတာ၊ ဓာတ်ပုံထဲမှာ မှုန်ဝါးဝါးပဲပေါ်ပြီး ခြေထောက်တွေကလည်း အနေအထားပြောင်းနေတာတွေဖြစ်တယ်လို့ ပြောပြလာပါတယ်။

ခွင့်မတောင်းပဲ ဓာတ်ပုံရိုက်တဲ့သူတွေ ပြတိုက်ကနေပြန်သွားကြတော့ ပိုဆိုးတာတွေကို တွေ့ကြုံရတယ်လို့ ဆိုပါတယ်။ ရောဘတ်ရဲ့ဓာတ်ပုံကိုထားတဲ့ အခန်းနံရံတွေပေါ်မှာ စာလုံးတွေပေါ်လာပါသတဲ့။

ရောဘတ်ကို ခွင့်မတောင်းပဲ ဓာတ်ပုံရိုက်တဲ့သူတွေ၊ လျှပ်တစ်ပြက်ရိုက်ခဲ့တဲ့သူတွေ၊ အရုပ်ကိုကြည့်ပြီး အလေးအနက်မထားဘဲ လှောင်ပြောင်ခဲ့မိသူတွေဟာလည်း အပြန်မှာ ကားဘီးပေါက်တာတို့၊ ကားမှောက်ပြီးဒဏ်ရာရတာတို့၊ သေဆုံးတာတို့အထိတောင် ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

သရဲအရုပ်လေးရောဘတ်

www.burmeseclassic.com

www.burmeseclassic.com



ခုလိုအဖြစ်မျိုးတွေနဲ့ ကြုံကြရတဲ့သူတွေဟာ ရောဘတ်ကို တောင်းပန်တဲ့စာရေးပြီး ပြတိုက်ကိုပို့ကြပါသတဲ့။ ထိုစာတွေထဲမှာ ခွင့်မတောင်းဘဲဓာတ်ပုံရိုက်မိတဲ့အတွက် သူတို့အပေါ်ကျရောက်နေတဲ့ ကျိန်စာကို ပယ်ဖျက်ပေးဖို့ တောင်းပန်ထားတာပါ။ ထိုစာတွေဟာ ရာနဲ့ချီပြီး ပြတိုက်မှာပြသထားပါတယ်။



**ပြတိုက်သို့ရောက်လာသည့် တောင်းပန်စာများ**

ကျွန်တော့်ရဲ့ ညီမဝမ်းကွဲတစ်ယောက်ဟာ လွန်ခဲ့တဲ့(၁)နှစ်ခန့်က ဖလော်ရီဒါပြည်နယ်၊ Key West မြို့က ပြတိုက်ကို သွားလည်ခဲ့ပါတယ်။ ပြတိုက်ထဲက အရုပ်ကလေးရောဘတ်ကို ကျွန်တော့်အတွက် ဓာတ်ပုံတစ်ပုံလောက်ရိုက်ခဲ့ဖို့လည်း သူမကို မှာခဲ့ပါတယ်။

သူ၏အရုပ်လေးရောဘတ်

www.burmeseclassic.com

www.burmeseclassic.com






ဓာတ်ပုံမရိုက်မီ အရုပ်ကလေးရောဘတ်ဆီက ခွင့်တောင်းဖို့ကိုလည်း သတိပေးလိုက်ပါတယ်။ သူမကလည်း ကျွန်တော်ပြောတဲ့အတိုင်း ဓာတ်ပုံမရိုက်မီ ခွင့်တောင်းခဲ့လို့ သူမရော ကျွန်တော်ပါ ဘာပြဿနာမှ မကြုံတွေ့ရပါဘူး။ ကျွန်တော်ဆိုရင် ရောဘတ်ရဲ့ပုံကို ကွန်ပျူတာ စခရင်မ်ဆေဗာတောင် လုပ်ထားပါသေးတယ်။

ဒါပေမဲ့ ကျွန်တော်ကတော့ သရဲခြောက်တဲ့အရုပ်ကလေး ရောဘတ် ရှိတဲ့နေရာကို ဘယ်တော့မှ သွားမှာမဟုတ်ပါဘူး။ တကယ်လို့များ သူရှိတဲ့အခန်းထဲဝင်မိလို့ သူ့ရဲ့ တခစ်ခစ်ရယ်သံကို ကြားလိုက်ရမယ်ဆိုရင် ကျွန်တော်ရဲ့နှလုံးခုန်သံ ရပ်တန့်သွားမှာ အသေအချာပါပဲ။ ။


## Robert the Haunted Doll

သရဲအရုပ်လေးရောဘတ်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# The Legend of Red Ghost

အမေရိကန်နိုင်ငံ၊ အရီဇိုးနားပြည်နယ်ရဲ့ ကျေးလက်ဒေသတွေမှာ ရှေးယခင်က ကုလားအုတ်တွေမရှိပါဘူး။ သို့သော် ကုလားအုတ်ဆိုတဲ့သတ္တဝါဟာ ဘယ်လိုမြေပြင်အနေအထားမှာမဆို ကောင်းကောင်းအသက်ရှင်နေနိုင်ကြပါတယ်။ ဒါ့ကြောင့် (၁၈၅၀)ပြည့်နှစ်မှာ အမေရိကန်ကြည်းတပ်ဟာ ကုလားအုတ်တွေကို ပြည်နယ်ရဲ့အနောက်တောင်ပိုင်းကို သွင်းယူလာခဲ့ပါတယ်။

အရီဇိုးနားပြည်နယ်ရဲ့ မြောက်ပိုင်းဒေသတွေကို လှည့်လည်ရှာဖွေတော့.. ဝန်စည်စလယ်တွေကို ဒီကုလားအုတ်တွေပေါ် တင်ပြီး သွားခဲ့ကြတာပါ။ ဒါပေမဲ့ ပြည်တွင်းစစ်ဖြစ်လာလို့ ကုလားအုတ်နဲ့ နယ်ပယ်သစ်ရှာဖွေရေးလုပ်ငန်းတွေကို ရပ်ထားခဲ့ရပါတယ်။ နောက်ပိုင်းတော့ အသုံးမပြုဖြစ်တော့တဲ့ ကုလားအုတ်အများစုကို လေလံပစ်ပြီး ရောင်းချလိုက်ပါတယ်။

ကုလားအုတ်အနည်းစုကတော့ ထွက်ပြေးလွတ်မြောက်သွားပြီး အရိုင်းတွေဖြစ်သွားကုန်ပါတယ်။ ဒါကတော့.. သရဲနီဇာတ်လမ်း ဖြစ်ပေါ်လာဖို့အကြောင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com




အမေရိကန်ကြည်းတပ် ကုလားအုတ်များအသုံးပြုခဲ့ပုံ




www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က မူလဒေသခံ ရက်အင်ဒီးယန်းလူမျိုးတွေနဲ့ နောက်မှရောက်လာပြီး နယ်ပယ်သစ်ချဲ့ထွင်အခြေချလာတဲ့ လူဖြူတွေအကြား ဖြစ်ပွားခဲ့တဲ့ အပါချီစစ်ပွဲကြီး ပြီးခါနီးအချိန်ပေါ့။

တစ်နေ့ မနက်စောစောမှာ ယောကျ်ားကြီးနှစ်ယောက်က မွေးထားတဲ့တိရစ္ဆာန်တွေကို လိုက်လံကြည့်ရှုဖို့ မြင်းကိုယ်စီစီးပြီး ထွက်သွားကြပါတယ်။ မွေးမြူရေးခြံကြီးထဲမှာတော့ မိန်းမတွေနဲ့ ကလေးတွေပဲ ကျန်နေခဲ့ပါတယ်။

နေထန်းတစ်ဖျားလောက် မြင့်လာတော့ အမျိုးသမီးနှစ်ယောက်အနက် တစ်ယောက်က ရေသွားခပ်လိုက်ဦးမယ်ဆိုပြီး ရေပုံးတစ်လုံးဆွဲပြီး စမ်းချောင်းဘက်ကို ထွက်သွားပါတယ်။ ကျန်တဲ့အိမ်ထောင်ရှင်မကတော့ ကလေးတွေနဲ့ကျန်ရစ်ခဲ့ပါတယ်။

အဲဒီအချိန်လေးမှာပဲ မွေးထားတဲ့ခွေးတွေက ရုတ်တရက် ဆူဆူဝါးဝါး ထဟောင်လိုက်ကြပြီး မိန်းမတစ်ယောက် အပြင်ဘက်ကနေ ငယ်သံပါအောင် အော်လိုက်တဲ့အသံကြီးကို အိမ်ထဲမှာရှိနေတဲ့အမျိုးသမီး ကြားလိုက်ရပါတယ်။

ပြတင်းပေါက်ကနေ အပြင်ဘက်ကိုလှမ်းကြည့်လိုက်တော့ ကြောက်လန့်တကြား အော်ဟစ်နေတဲ့ အမျိုးသမီးရဲ့နောက်ကို ကြောက်မက်ဖွယ်ကောင်းတဲ့အသံကြီးနဲ့ ဧရာမ အနီရောင်သတ္တဝါကြီး လိုက်နေတာ တွေ့လိုက်ရပါတယ်။ ထိုအနီရောင်သတ္တဝါကြီးရဲ့ ကျောပေါ်မှာလည်း မကောင်းဆိုးဝါးကြီးက စီးလို့ပေါ့. . .။

ကြောက်စိတ်တွေမိုးမွှန်နေတဲ့ အိမ်ထဲကအမျိုးသမီးဟာ အိမ်တံခါးတွေအကုန်ပိတ်ပြီး ယောကျ်ားသားတွေ ပြန်အလာကို စောင့်နေရုံမှတစ်ပါး အခြားဘာမျှမတတ်နိုင်ခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ညရောက်တော့မှ ရေခပ်သွားတဲ့အမျိုးသမီးရဲ့ အလောင်းကိုရှာတွေ့ပါတော့တယ်။ အလောင်းဟာ တစ်ခုခုနဲ့ ဖိနင်းခံထားရတဲ့ပုံ ပေါက်နေပြီး ပြားနေပါတယ်။ မြင်းခွာရာထက် အဆပေါင်းများစွာကြီးတဲ့ ဧရာမခွာရာကြီးတွေကိုလည်း တွေ့လိုက်ရပါတယ်။ ခွာရာတစ်လျှောက်မှာလည်း အနီရောင်အမွေးအမှင်ရှည်ကြီးတွေကို တွေ့ရပါတယ်။

နောက်နှစ်ရက်သုံးရက်ကြာတော့ ကာလစ်ဖ်တန်အရပ်မှာ ရှေ့တူးတဲ့လူတစ်စုဟာ မြေပြင်တစ်ခုလုံး တသိမ့်သိမ့် တုန်ခါသွားတဲ့ခြေသံကြီးတွေနဲ့ နားကွဲလုမတတ်အောင် ကျယ်လောင်လှတဲ့ အော်သံကြီးတွေကြောင့် ညကြီးမင်းကြီး လန့်ဖျပ်နိုးသွားခဲ့ရပါတယ်။

ဘာတွေများဖြစ်နေတာလဲလို့ စဉ်းစားနေတုန်းမှာပဲ သူတို့နေတဲ့ရွက်ဖျင်တဲကြီးဟာ ပြိုလဲကျသွားပါတော့တယ်။ ဒါနဲ့ . . ရွက်ဖျင်တဲအပြင်ဘက်ကို ကမန်းကတန်းထွက်ကြည့်လိုက်တော့ မှုန်ဝါးဝါးလရောင်အောက်မှာ ဧရာမသတ္တဝါကြီးတစ်ကောင် ထွက်ပြေးသွားတာကို တွေ့လိုက်ရပါတယ်။

နောက်တစ်နေ့ကျတော့ ဧရာမခွာရာကြီးတွေနဲ့ ခြေရာတစ်လျှောက်က ချုံတွေမှာကပ်ငြိနေတဲ့ နီကျင်ကျင် အမွေးရှည်ကြီးတွေကို တွေ့ရပါတယ်။

လူတစ်ယောက်ကလည်း အဲဒီလိုသတ္တဝါကြီးတစ်ကောင်ဟာ ဝက်ဝံညိုကြီးတစ်ကောင်ကို သတ်စားနေတာကို မြင်ခဲ့ရတယ်လို့ ဆိုပါတယ်။ နောက်တစ်ယောက်ကလည်း အနီရောင်သရဲကြီးကိုမြင်ရလို့ လိုက်ချောင်းကြည့်နေရင်းကနေ သူ့မျက်စိအောက်မှာပဲ

ကုလားအုတ်သံရဲ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားတယ်လို့ ဆိုပါတယ်။

ရွှေတူးသမားတွေ တွေ့ကြုံခဲ့ရတဲ့အဖြစ်အပျက်ပြီးနောက် သအနည်းငယ်အကြာမှာ စော့ထ်မြစ်နားမှာ မွေးမြူရေးခြံကြီး ထောင်ထားတဲ့ ဆိုင်းရပ်စ်ဟမ်ဘလင်ဟာ မြင်းစီးပြီး နွားကျောင်း



နေပါတယ်။ ထိုအခိုက်မှာ ကုလားအုတ်ကြီးတစ်ကောင် သူတို့နဲ့ ခပ်လှမ်းလှမ်းကနေ ဖြတ်လျှောက်သွားလို့ သေသေချာချာကြည့် လိုက်တော့မှ ကုလားအုတ်လို့ထင်ထားတဲ့သတ္တဝါဟာ ကောင်း

ကုလားအုတ်သရဲ

www.burmeseclassic.com

www.burmeseclassic.com




ဆိုးဝါးကြီးတစ်ကောင် ဖြစ်နေတာကို တွေ့မြင်လိုက်ရပါတယ်။

နောက်ပြီး အဲဒီမကောင်းဆိုးဝါးကြီးရဲ့ကျောပေါ်မှာလည်း လူအရိုးစုကြီးတစ်ခု ထိုင်ပြီးလိုက်ပါနေသေးတယ်လို့ ဆိုပါတယ်။ ဆိုင်းရပ်စ်ဟမ်ဘလင်ဟာ ရိုးသားဖြောင့်မတ်သူ၊ လိမ်မပြောတတ်သူလို့ လူသိများပါတယ်။ ဒါပေမဲ့ သူပြန်ပြောပြတာကို အတော်များများက မဖြစ်နိုင်ဘူးလို့ ဆိုကြပါတော့တယ်။

တစ်လလောက် အကြာမှာတော့ ဘာဒီမြစ်နားမှာ အဲဒီကုလားအုတ်မကောင်းဆိုးဝါးကြီးကို တွေ့ရပြန်ပါတယ်။ ဒီတစ်ခါမှာတော့ အခြားရွှေတူးသမားအုပ်စုတစ်စုက တွေ့မြင်ခဲ့တာပါ။

အဲဒီသတ္တဝါကြီးရဲ့ကျောပေါ်မှာ အရိုးစုကြီးတစ်စုက ထိုင်စီးနေပါသတဲ့။ ဒါနဲ့ သူတို့လည်းသေနတ်တွေနဲ့ ဝိုင်းဝန်းပစ်ခတ်ကြပေမဲ့ မထိဘဲ လွတ်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


သတ္တဝါကြီးက ကဆုန်ဆိုင်းထွက်ပြေးသွားလို့ သူ့ကိုယ်ပေါ်က တစ်စုံတစ်ခုပြုတ်ကျကျန်ခဲ့လို့ သွားကြည့်တော့ လူခေါင်းပြုတ်ကြီးတစ်ခုကို မြေပြင်ပေါ်မှာတွေ့လိုက်ရပါတယ်။ အသားစတွေလည်း ဟိုတစ်စဒီတစ်စကပ်ကျန်နေဆဲဖြစ်ပြီး ဆံပင်တွေလည်းရှိနေပါသေးတယ်။ သတ္တဝါကြီး စားထားတဲ့ပုံပါပဲ။

ရက်အနည်းငယ်အကြာမှာ ဒီသရဲနီကြီးပေါ်လာပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ ချောင်ကျတဲ့ လမ်းတစ်လမ်းအနားမှာ စခန်းချနေသူတွေ မြင်တွေ့ကြတာပါ။ ညသန်းခေါင်ယံအချိန်လောက်မှာ အသံနက်ကြီး ကြားရလို့ သူတို့လန့်နိုးလာတယ်လို့ဆိုပါတယ်။ အလွန်ကြီးမားတဲ့ သတ္တဝါကြီးတစ်ကောင်ဟာ ကုန်တင်မြင်းရထားလုံးနှစ်စီးကို တွန်းတိုက်ပြီး ကြောက်မက်ဖွယ်ကောင်းတဲ့အသံကြီးနဲ့ အော်ဟစ်နေပါသတဲ့။

စခန်းချနေတဲ့သူတွေ အားလုံးလည်း အသက်လုပြေးကြရပြီး ချုံတွေထဲဝင်ပုန်းနေလိုက်ကြပါတယ်။ နောက်တစ်နေ့မိုးလင်းမှပြန်လာကြည့်တော့ ဧရာမခွာရာကြီးတွေနဲ့ အနီရောင်အမွေးကြမ်းကြီးတွေကို တွေ့လိုက်ကြရပါတယ်။

နောက်တစ်နှစ်အကြာမှာလည်း မြင်းစီးကောင်းဘွိုင်တစ်ယောက်ဟာ အရီဇိုးနားပြည်နယ်ရဲ့မြို့တော် ဖီးနစ်မြို့အနားက မြင်းခြံထဲက မြက်တွေကိုစားနေတဲ့ ကုလားအုတ်ကြီးကို ဘွားခနဲတွေ့လိုက်ရပါတယ်။ ကုလားအုတ်ကြီးဟာ အကောင်တော်တော်ကြီးမားပြီး အနီရောင်အမွေးကြီးတွေဟာ တစ်ကိုယ်လုံးဖုံးလွှမ်းနေတာကြောင့် ကုလားအုတ်နဲ့မတူတော့ပဲ သရဲနီကြီးနဲ့တူနေပါသတဲ့။

မြင်းစီးကောင်းဘွိုင်ဆိုတာက သတ္တဝါတွေကို မြင်ပြီဆို

www.burmeseclassic.com


ရင် ကြိုးကွင်းပစ်ဖမ်းလေ့ရှိတာမို့ အဲဒီမြင်းစီးကောင်းဘွိုင်လည် ထိုသတ္တဝါကြီးကို ကြိုးကွင်းပစ်ဖမ်းလိုက်ပါတယ်။

သတ္တဝါကြီးလည်း ကြိုးကွင်းအစွပ်ခံရတော့ ဒေါသထွက် သွားပြီး လှည့်လာကာ ခေါင်းကိုရမ်းလိုက်တော့ ကောင်းဘွိုင်ရေ မြင်းပါ ပစ်လဲကျသွားပါတယ်။ နောက်တော့ ကုလားအုတ်သရဲကြီး လည်း ကဆုန်းစိုင်းထွက်ပြေးသွားတာကို ဖုန်လုံးကြီးတွေကြားမှ တွေ့လိုက်ရပါတယ်။ ကောင်းဘွိုင်လည်း ပါးစပ်အဟောင်းသား ကြည့်နေရင်းက ကုလားအုတ်သရဲကြီးရဲ့ကျောပေါ်မှာ စီးနေတ အရိုးစုကြီးကိုလည်း ထိုအခါမှ လှမ်းတွေ့လိုက်ရပါသတဲ့။

နောက်နှစ်အနည်းငယ်အတွင်းမှာတော့ ဒီကုလားအုတ် သရဲနီကြီးနဲ့ ပတ်သက်တဲ့ဇာတ်လမ်းတွေဟာ တောမီးလိုပျံ့နှံ့နေပ တယ်။ နောက်(၉)နှစ်လောက်အကြာမှာ အရီဇိုးနားပြည်နယ် အရှေ့ပိုင်းမှာ ပေါ်လာပြန်ပါတယ်။ အဲဒီအကြိမ်ဟာ နောက်ဆုံး မြင်တွေ့ခဲ့ကြရတာပါ။

နေ့တစ်နေ့ရဲ့ မနက်စောစောမှာ မွေးမြူရေးခြံပိုင်ရှင်နိုးလာ လို့ ခြံထဲကြည့်လိုက်တော့ ခြံထဲမှာ မြက်စားနေတဲ့ ကုလားအုတ် ကြီးတစ်ကောင်ကို တွေ့မြင်လိုက်ရပါတယ်။ ဒါနဲ့ သူ့ရဲ့ လက်ဗ တော် ဝင်ချက်စတာမောင်းပြန်ရိုင်ဖယ်ကြီးကို မောင်းတင်. . ချက် ကောင်းကိုချိန်ပြီး ပစ်ချလိုက်ပါတယ်။ သတ္တဝါကြီးလည်း လဲကျ သေဆုံးသွားပါတယ်။

သွားကြည့်လိုက်တော့ လူတွေပြောပြောနေကြတဲ့ သရဲ ကြီးဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ အနီရောင်အမွေးတွေန ဒီကုလားအုတ်ကြီးရဲ့ ကျောပေါ်မှာလည်း လူအရိုးစုကြီးတစ်ခုက

www.burmeseclassic.com

www.burmeseclassic.com



သားရေကြိုးတွေနဲ့ ချုပ်ပတ်ထားပါတယ်။ အချို့သားရေကြိုးတွေဆိုရင် ကုလားအုတ်ကြီးရဲ့ အသားထဲကိုတောင် မြုပ်ဝင်နေပါတယ်။

လူတွေကိုဒုက္ခပေးပြီး သတ်ဖြတ်ခဲ့တာတွေဟာ သူ့ကျောပေါ်က ဝိညာဉ်ကြောင့်လားဆိုတာတော့ ဘယ်သူမှမသိနိုင်ပါဘူး။ အစီအရင်နဲ့ ပြုလုပ်ထားတာလို့လည်း တစ်ချို့က ထင်ကြေးပေးကြပါတယ်။ ဒါပေမယ့် ကုလားအုတ်ကျောပေါ်မှာ ဒီအရိုးစုကြီးကို ဘယ်သူက ဘယ်လိုလုပ်ပြီး ချည်ထားတယ် ဆိုတာကတော့ ယနေ့အထိ အဖြေမရှိတဲ့ပုစ္ဆာအဖြစ် ရှိနေဆဲပါ။




www.burmeseclassic.com

www.burmeseclassic.com

# Unbelievable facts

အမေရိကမှာ အိမ်ခြေယာခြေမဲ့ လူဦးရေတိုးပွားလာမှုဟာ (၃.၅) မီလီ
ထိရှိလာပါပြီ..၊ သို့သော်လည်း..လူနေထိုင်မှုမရှိသည့် လစ်လပ်နေသေ
အိမ်ပေါင်း(၁၈.၆)မီလီယံခန့်ဟာလည်း ထိုအရပ်မှာရှိနေပြန်ပါတယ်၊
တကယ်လို့...အိမ်ယာမဲ့တွေကို ထိုအိမ်တွေပေးလိုက်မယ်ဆိုရင် တစ်
-ယောက်ကို အိမ် (၆)လုံးလောက်တောင်ပိုင်သွားနိုင်ပါသတဲ့...၊



www.burmeseclassic.com

www.burmeseclassic.com

# မယုံနိုင်ဖွယ်ရာ အချက်များ

ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဟာ ယနေ့ခေတ်မှာ ဒေါ်လာ(၃)ဘီလီယံ ရတဲ့ အဗာတာ(Avatar) ရုပ်ရှင်လို့ သင်ထင်ပါလိမ့်မယ်။ ဒါပေမယ့် ငွေတန်ဘိုးဖောင်းပွမှုကို ချိန်ထိုးတွက်ချက်တဲ့အခါမှာ (၁၉၃၉) ခုနှစ်ကရုပ်ရှင်ဖြစ်တဲ့ လေရူးသုန်သုန်(Gone with the Wind)ရုပ်ရှင်ဟာ ဒေါ်လာ(၃.၄)ဘီလီယံနဲ့ ထိပ်ဆုံးမှာရပ်တည်ခဲ့ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကျော် ဘောလုံးမင်းသားနှစ်ယောက်ဖြစ်တဲ့ "ခရစ်တီယာနို ရော်နယ်ဒို" ဟာ.. "လီယိုနယ် မက်ဆီထက်" (၈၆၉) ရက် အသက်ပိုကြီးပါတယ်။ ထို့ပြင်.. ရော်နယ်ဒိုရဲ့သားဟာလည်း မက်ဆီရဲ့သားထက် (၈၆၉) ရက် အသက်ပိုကြီး နေပြန်ပါသတဲ့...။






ကမ္ဘာကျော် အက်ရှင်ဟာသမင်းသား ဂျက်ကီချန်းဟာ သူ့ရဲ့ပိုက်ဆံအားလုံး ကို လှူဒါန်းခဲ့မှာဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့သားဟာ ကိုယ်ပိုင်ဝင်ငွေနဲ့ ရပ်တည်နိုင်အောင် လုပ်ရတော့မှာဖြစ်ပါတယ်။ ဂျက်ကီချန်းက... "အကယ်၍ သူ့(သား)မှာ အရည်အချင်းရှိရင် ကိုယ်ပိုင်ဝင်ငွေရအောင် လုပ်နိုင်မှာပါ...။ အကယ်၍ အရည်အချင်းမရှိဘူးဆိုရင်တော့ သူဟာ ကျုပ်ရဲ့ပိုက်ဆံတွေကို အကျိုးမဲ့ဖြုန်းတီးတဲ့သူ ဖြစ်သွားမှာပေါ့" လို့ ပြောခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အမေရိကနဲ့အာရှ ချိတ်ဆက်ထားတဲ့ ဗက်ရင်းရေလက်ကြားဟာ အမေရိကနဲ့ အာရှ ချိတ်ဆက်
ထားတဲ့





အီတလီနိုင်ငံက ဗင်းနစ်မြို့ဟာ ကျွန်းငယ်လေး (၁၁၈) ခုပေါ်မှာ စုပေါင်း
တည်ဆောက်ထားတဲ့ ရေပေါ်မြို့လေးဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခွေးမျက်နှာနဲ့တူတဲ့ ဘာဘွန်းလို့ခေါ်တဲ့ အာဖရိကမျောက်ကြီး(မျောက်လွှဲကျော်)တစ်ကောင်ကို (၁၈၀၀)ပြည့်နှစ်ကုန်ပိုင်းမှာ မီးရထားလမ်းပိုင်းလွှဲဆက်သွယ်ရေးဝန်ထမ်းအဖြစ် ခန့်ထားခဲ့ပါတယ်။ ထိုမျောက်ထီးကြီးဟာ အသက်သေဆုံးသည်အထိ ထိုတာဝန်ကိုထမ်းဆောင်ခဲ့ပြီး၊ မီးရထားလမ်းလွှဲပြောင်းရတဲ့အလုပ်မှာ တစ်ကြိမ်တစ်ခါလေးတောင် အမှားအယွင်းမဖြစ်ခဲ့ပါဘူးတဲ့။



ကမ္ဘာ့ဈေးအကြီးဆုံး ကော်ဖီမှုန့်ဟာ ပန်ဒါဝက်ဝံရဲ့မစင်ကနေပြုလုပ်ထားပါသတဲ့....။ လက်လီရောင်းချတဲ့ဈေးနှုန်းကတော့ တစ်ပေါင်ကို ဒေါ်လာ သုံးသောင်းငါးထောင် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒိုလံပစ် လှေလှော်ပြိုင်ပွဲဝင် "ဟင်နရီ ပီရိစ်" ဟာ ပြိုင်ပွဲတဝက်အရောက်မှာ
ဘဲမိသားစု ဘေးရန်ကင်းကင်း ကူးဖြတ်သွားနိုင်ဖို့အတွက် လှေကိုရပ်ပေးခဲ့ပါ
တယ်...ဒါတောင် သူဟာ ပြိုင်ပွဲမှာ အနိုင်ရခဲ့ပါသတဲ့...။



၁၉၂၃) ခုနှစ် နယူးယောက်မြင်းပြိုင်ကွင်းမှာ ပြိုင်မြင်းစီးသူ "ဖရန့်ဟေယ်"
ဟာ အနိုင်ရခဲ့ပေမယ့်လည်း အသက်သေဆုံးနေခဲ့ပါတယ်။ ပြိုင်ပွဲတဝက်မှာ
လုံးရောဂါကြောင့် သေဆုံးသွားပေမယ့် သူ့ရဲ့ခန္ဓာကိုယ်ဟာ ကုန်းနှီးပေါ်က
ပြုတ်မကျဘဲ ပန်းဝင်ခဲ့တာပါ။ သူ့ရဲ့နိုင်ခြေကို ဒိုင်တွေက (၂၀လေး - ၁လေး)
အသတ်မှတ်ထားတာကြောင့် ပြိုင်ပွဲဝင်အားလုံးထဲမှာ အနိမ့်ဆုံးဖြစ်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဆိုဗီယက်(ရုရှား)နိုင်ငံက (၁၉၂၃)ခုနှစ်အတွင်းမှာ မွေးဖွားခဲ့တဲ့ အမျိုးသား (၈၀)ရာခိုင်နှုန်းဟာ ဒုတိယကမ္ဘာစစ်(၁၉၃၉ - ၁၉၄၅)အတွင်းမှာ သေဆုံးသွားခဲ့ကြပါတယ်။



ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်သားတွေသတ်ခဲ့တဲ့ တရုတ်လူမျိုးအရေအတွက်ဟာ နာဇီစစ်သားတွေ ဂျူးလူမျိုးတွေကို သတ်ခဲ့တဲ့ အရေအတွက် (၆)သန်းထက်ပိုများပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

အားကစားပစ္စည်းတွေ၊ ဝတ်စုံတွေ၊ ဖိနပ်တွေ အပြိုင်ထုတ်လုပ်နေတဲ့ ကမ္ဘာကျော်အမှတ်တံဆိပ်နှစ်ခုဖြစ်တဲ့ အတ်ဒိဒတ်(Adidas)နဲ့ ပူးမား (Puma)ကို စတင်တီထောင်ခဲ့ကြသူနှစ်ဦးဟာ ညီအစ်ကိုဖြစ်ပါသတဲ့။




(၂၁)အရွယ် ခြေတစ်ဖက်သာရှိတော့သော ကင်ဆာဝေဒနာခံစားနေရတဲ့ "တယ်ရီဖောက်" ဆိုတဲ့ ကနေဒါနိုင်ငံသားလေးဟာ ဘဝတူကင်ဆာဝေဒနာရှင်တွေအတွက် ရန်ပုံငွေရရှိရန် (၁၉၈၀)ခုနှစ်မှာ ကနေနိုင်ငံအားဖြတ်၍ မိုင် (၃၃၃၉)အကွာအဝေးကို (၁၄၃)ရက်တိတိ သူ့မသေခင် မာရသွန်ပြေးခဲ့ပါတယ်။ ယခုအခါ သူစတင်ခဲ့တဲ့ ဖောင်ဒေးရှင်းက ကင်ဆာဝေဒနာရှင်တွေအတွက် ဒေါ်လာ သန်း(၆၀၀)ကျော်အထိ ရှာဖွေထားနိုင်ပြီဖြစ်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

(၁၈၁၄)ခုနှစ် အောက်တိုဘာ(၁၇)က..လန်ဒန်မြို့ဘီယာချက်စက်ရုံက သိုလှောင်ကန်တွေကွဲထွက်ပြီး လီတာ(၁.၅)သန်းခန့် (ဂါလံ(၃)သိန်း) ပမာဏ ဘီယာတွေ မြို့ထဲကိုစီးဝင်လာခဲ့ပါတယ်။ အရှိန်အဟုန် ပြင်းပြင်း ဝင်လာတဲ့ ဘီယာအရည်တွေဟာ (၁၅)အမြင့်ထိရှိခဲ့ပါတယ်...။ ထိုကဲ့သို့ ရေကြီးခြင်းမဟုတ်တဲ့ ဘီယာကြီးခြင်းကြောင့် လူ(၈)ယောက်သေဆုံးခဲ့ ပါသတဲ့။




ကိုကာကိုလာရဲ့ Coke အချိုရည်မှာ ကွဲပြားတဲ့ စားသောက်ကုန်ဖျော် ရည်တွေ အများကြီး ပေါင်းစပ်ပါဝင်နေပါတယ်။ အကယ်၍..ထိုပေါင်းစပ် ထားတဲ့အရာတွေကို တစ်နေ့ကိုတစ်မျိုး သောက်မယ်ဆိုရင်...(၉)နှစ် ကျော်သောက်မှ အမျိုးကွဲအားလုံး ကုန်မှာပါတဲ့။




www.burmeseclassic.com

www.burmeseclassic.com

Hemlock ဟမ်းလောခ် လို့ခေါ်တဲ့ ပန်းပွင့်ဖြူလေးတွေပါတဲ့ ထင်ရှူးပင်လေးတွေဟာ ကြည့်ရတာ အလွန်လှပပြီး ငြိမ်းချမ်းလှပါတယ်။ ဒါပေမယ့် အဲ့ဒီ ပန်းပွင့်ဖြူလေးတွေဟာ သေစေလောက်အောင်ကို အဆိပ်ပြင်းထန်လှပါတယ်။ သူ့အဆိပ်ကြောင့် သေသွားတဲ့သူတွေရဲ့မျက်နှာဟာ...ပြုံးပြီး သေသွားကြတာပါတဲ့...။



နက္ခတ္တဗေဒ ပညာရှင်တွေဟာ အာကာသထဲမှာ ကမ္ဘာကနေ အလင်းနှစ် (၉၀၀) အကွာအဝေးမှာ ကမ္ဘာကြီးအရွယ်အစားလောက်ရှိတဲ့ စိန်တုံးကြီးကို တွေ့ရှိထားပါတယ်။ (အလင်းဟာ တစ်နှစ်ကို (၆ - ထွီလီယံ) မိုင်၊ (၆) နောက်မှာ သုည(၁၂)လုံး) သွားပါတယ်)။



www.burmeseclassic.com

www.burmeseclassic.com

Facebook ပေါ်မှာ unfriend လုပ်ခံရတဲ့အတွက်...မကျေနပ်လို့..
unfriend လုပ်သူကို သတ်တဲ့အမှုဟာ အနည်းဆုံး (၅)မှုရှိနေပါပြီတဲ့။



အမေရိကန်အစိုးရက အင်ဒီယားနားတက္ကသိုလ်အား အင်တာနက်ပေါ်က
meme တွေကို လေ့လာဖို့ ဒေါ်လာ(၁)သန်း ပေးခဲ့ပါတယ်တဲ့။







www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း(၂၀၀)အတွင်း အစ်လန်နိုင်ငံ ဝေးလော်စပ်းကျွန်း ကမ်းခြေနားမှာ သင်္ဘော(၃)စင်း ထင်ရှားစွာ နစ်မြုပ်သွားခဲ့ပါတယ်။ (၃)စင်းလုံး နှစ်အတိုင်း ခြားရှာပေမယ်...ဒီဇင်ဘာ(၅)ရက်မှာချည်း နစ်မြုပ်ခဲ့သလို...အသက်ရှင် သူ(၁)ဦးစီသာ ကျန်ခဲ့တာလည်း တူညီနေပါတယ်။ ထို့အပြင် ထိုအသက်ရှင် ကျန်သူအားလုံးဟာလည်း နာမည်တူနေကြပါတယ်။ "ဟူဂ်လီဝယ်" ပါတဲ့...။




ကမ္ဘာကျော် ရော့ခ်အဆိုတော် ဂျွန်ဘွန်ဂျိုဗီ ဟာ အမေရိကားမှာ စားသောက် ဆိုင်ဖွင့်ထားပါတယ်။ သူ့ဆိုင်မှာ ဘာအစားအသောက်ကိုမှ တန်ဖိုးသတ်မှတ် ထားပါဘူး၊ ပေးချင်သလောက်သာ ပေးလို့ရပါတယ်။ ပိုက်ဆံမပါဘူးဆိုရင် ဆိုင်မှာ တစ်ခုခု အနည်းငယ်ကူလုပ်ပြီး စားသွားလို့ရပါသတဲ့။ သူ့ရဲ့စေတနာ အကျိုးပေးကြောင့် ဘွန်ဂျိုဗီဟာ ကမ္ဘာ့အချမ်းသာဆုံးအဆိုတော် ဖြစ်နေပါပြီ။




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# လေချွန်သရဲ အယ်ဆီဗွန်

## The Whistler El Silbón

[၁၉] ရာစုနှစ်က ပြောဆိုခဲ့ကြတဲ့ လေချွန်သရဲဒဏ္ဍာရီ ဟာ ဗင်နီဇွဲလားနဲ့ ကိုလံဘီယာ နှစ်နိုင်ငံထိစပ်နေတဲ့ နယ်စပ်မှာရှိတဲ့ ကျေးလက်တောရွာတွေက စတင်ခဲ့တာပါ။ ဒဏ္ဍာရီထဲမှာပါတဲ့ လေချွန်သရဲဟာ သေမင်းရဲ့ရှေ့တော်ပြေးလို့ ခေါ်လို့ရလောက် အောင် ကြောက်စရာကောင်းတဲ့ မကောင်းဆိုးဝါးတစ်ကောင် ဖြစ် ပါတယ်။

လေချွန်သရဲဇာတ်လမ်းမှာ အဖေကို သားက သတ်တာနဲ့ ထားပါတယ်။ အဲဒီသားလုပ်သူဟာ အလွန်ဆိုးတဲ့ လူဘော်ရှော့ ပါ သူလိုချင်တာမှန်သမျှ မိဘတွေက အမြဲဖြည့်ဆည်းပေးရတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှာ . . သူက ဘာပူဆာလဲဆိုတော့ . . .

''အဖေ . . ကျုပ် သမင်အသည်းနှလုံး စားချင်တယ်' ပြောတော့ . . .၊ အဖေက 'အေး . . အဖေသွားရှာပေးမယ်' ကတိပေးပြီး အမဲလိုက်ထွက်သွားပါတယ်။ ဒါပေမယ့် ကံဆိုးစွာပဲ အဖေလုပ်သူဟာ နေဝင်မိုးချုပ်တဲ့အထိ သမင်ရှာမတွေ့တာကြောင့် အိမ်ပြန်လာခဲ့ပါတယ်။ လက်ချည်းသက်သက် ပြန်လာရမလားဆိုပြီး . . သားလုပ်သူက အဖေကိုသတ်လိုက်ပါတယ်။

ပြီးတော့ အသည်းကလီစာတွေထုတ်ပြီး အမေကိုချက်ခိုင်းတယ်။ အမေက အစကမသိပါဘူး၊ နောက်တော့မှ သိပြီး သားဖြစ်သူကို သံသရာသက်ဆုံး ဝဋ်လည်ပါစေလို့ ကျိန်စာတိုက်ပါတော့တယ်။

ဒါ့အပြင် အဖိုးလုပ်သူကိုခေါ်ပြီး တိုင်တဲ့အခါ အဖိုးကဖမ်းပြီး သစ်ပင်မှာချည်ကာ ကြာပွတ်နဲ့ရိုက်ပါတယ်။ အလွန်ဒေါသထွက်နေတဲ့အဖိုးက အားရပါးရ ရိုက်နှက်ပြီး သံပုရာသီး၊ ငရုတ်သီးမှုန့်တွေနဲ့ ဒဏ်ရာတွေကို လူးပါတယ်။ ပြီးမှ ခွေးဘီးလူးတွေလွှတ်ပြီး အသေကိုက်ခိုင်းပြီး အပြစ်ပေးလိုက်ပါတော့တယ်။

ဒါပေမယ့် သားဖြစ်သူရဲ့အပြစ်ကတော့ ကျေမသွားပါဘူး။ သူလုပ်ခဲ့တာတွေအတွက် သရဲဘဝနဲ့ ဆက်ပြီးပေးဆပ်ရပါတော့တယ်။

သရဲဖြစ်တဲ့အခါ အရိုးတွေအများကြီးပါတဲ့ အထုပ်ကြီးတစ်ထုပ်ကိုထမ်းပြီး နေရာအနှံ့ လျှောက်သွားနေရပါတယ်။ အဲဒီအရိုးတွေဟာ တစ်ခြားအရိုးတွေမဟုတ်ပါဘူး၊ သူ့အဖေအရိုးတွေဒါမှမဟုတ် 'သူ့ကြောင့်သေသွားတဲ့လူတွေအားလုံးရဲ့ အရိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



ည်း ဖြစ်နိုင်ပါတယ်။

ဒီသရဲကိုတွေ့ဖူးတဲ့လူတွေရဲ့ အပြောအရဆိုရင် သရဲဟာ လွန်အချိုးအစားမကျတဲ့ သရဲတစ်ကောင်ပါ။ ထန်းပင်လောက် ရပ်ရှည်ပြီး ပိန်တာက အရိုးကပ်နေတယ်လို့ ဆိုကြပါတယ်။

ဒီသရဲဟာ ဘယ်လိုဝင့်ခံနေရသလဲဆိုရင် ခွေးတွေက သူ့ ခက်မှာတပြုံကြီးလိုက်ပြီး ခြေထောက်ကိုကိုက်ဆွဲနေကြပါသ သရဲကြီးဝတ်ထားတဲ့အင်္ကျီက အဖြူရောင် ညစ်ထေးထေးပါ။ ဆောင်းထားတဲ့ဦးထုပ်က အတော်ကြီးပါတယ်။

ဗင်နီဇွဲလားနဲ့ ကိုလံဘီယာတွေက ထိုသရဲကို 'အယ်ဆီဗွန်' လေချွန်သရဲ'လို့ ခေါ်ကြပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ထိုသရဲကြီးဟာ 'ဒိုရေမီဖာဆိုလာ 'ဆိုတဲ့ နုတ်(၇)ခုကိုပဲ အမြဲလေချွန်နေလို့လေ။ ဖြည်းဖြည်းချင်း သံရှည်ဆွဲပြီး တစ်ခုချင်း လေချွန်တတ်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



ဒီလေချွန်သံမှာ လှည့်စားမှုတွေ ပါဝင်နေပါတယ်။ လေချွန်သံကို အနီးလေးမှာကြားရရင် သရဲဟာအဝေးကြီးမှာပါ၊ အန္တရာယ်နဲ့ အလှမ်းဝေးပါသေးတယ်။ ဒါပေမယ့် အဝေးကြီးကလာတဲ့ လေချွန်သံမျိုး ကြားရရင်တော့ အန္တရာယ်နဲ့ကပ်နေပါပြီ။ သရဲကြီးဟာ အနားမှာရောက်နေပါပြီ။ ဒါကိုနားမလည်တဲ့လူတွေ ဒုက္ခရောက်တာ မနည်းပါဘူး။

လေချွန်သရဲဟာ အရက်ကြိုက်ပုံရပါတယ်။ သူဟာ အရက်သမားတွေကို ရှာပြီးသတ်လေ့ရှိပါတယ်။ ဘယ်အချိန်မှာ သတ်သလဲဆိုတော့ အဲဒီလူတွေ အရက်မူးရူးပြီး အိပ်နေတဲ့အချိန်မှာပါ၊ ဗိုက်ဖောက်ပြီး သောက်ထားတဲ့ အရက်တွေကို စုတ်ယူပါတယ်၊ ဗိုက်ဟောင်းလောင်းနဲ့ အူထွက်ပြီး သေနေတဲ့အရက်သမားတွေကို ရွာကလူတွေ မနက်မှာ တွေ့ကြရတယ်။

နောက်ပိုင်းမှာတော့ အမေရိကန်အလယ်ပိုင်းနဲ့တောင်ပိုင်းတွေမှာ ဒီဒဏ္ဍာရီကိုပြောပြီး အရက်သမားတွေကို ဆုံးမလာကြပါတယ်။

ဒီဒဏ္ဍာရီရဲ့ ကြောက်စရာအကောင်းဆုံးအပိုင်းက လေချွန်သရဲကြီးဟာ ညအချိန်ကျမှ ရွာထဲမှာလှည့်ပြီး အိမ်ရှေ့တံခါးပေါက်မှာ သူထမ်းလာတဲ့အရိုးအိတ်ကြီးကို ကြမ်းပြင်ပေါ် ဝုန်းခနဲ ပစ်ချတတ်ပါတယ်။ ပြီးတော့ အိတ်ထဲကအရိုးတွေကိုထုတ်ပြီး ရေတွက်ပါတော့တယ်။

ဒါပေမယ့် လူတွေဟာ အိပ်မောကျနေတာကြောင့် အသံမကြားမိပါဘူး။ သို့သော်. . သင်ကြားမိပြီဆိုရင်တော့ ရေးထောင်တာကို ရပ်မပြစ်လိုက်ပါနဲ့။ ဆက်နားမထောင်ပေါ့ပဲ နားပိတ်



www.burmeseclassic.com

www.burmeseclassic.com





လိုက်ရင်ဖြစ်ဖြစ်၊ မကြားရအောင် တစ်ခုခုလုပ်လိုက်ရင်ဖြစ်ဖြစ်. . . သင့်ဆီကို ကြမ္မာဆိုးတွေရောက်လာပါလိမ့်မယ်။ ဒါမှမဟုတ် အိမ်ထဲမှာရှိတဲ့လူတစ်ယောက်ယောက် သေပါလိမ့်မယ်တဲ့။

သရဲကြီး အိမ်ပေါက်ဝရောက်မလာအောင် လုပ်တဲ့နည်းတော့ရှိပါတယ်။ ညကျရင် ဘုရားဝတ်ပြုတုန်းမှာရောပြီး သရဲကြီးနောက်ကြောင်းကိုပြော၊ သူဘာဖြစ်လို့ ကျိန်စာမိနေလဲဆိုတာ သတိပေးရပါတယ်တဲ့။

နောက်တစ်ခုက. . . လေချွန်သရဲ အလွန်ကြောက်တဲ့ ကြာပွတ်၊ ငရုတ်သီးမှုန့်နဲ့ အနည်းဆုံး ခွေးတစ်ကောင့်လောက် အိမ်ပေါက်ဝမှာထားထားရင် မလာရဲပါဘူးတဲ့. . .။

## The Whistler
## El Silbón


www.burmeseclassic.com

www.burmeseclassic.com



## ဥမင်လှိုဏ်ခေါင်းထဲက

# သရဲပြူမ



မြေအောက်ဥမင်လှိုဏ်ခေါင်းတွေထဲမှာ ကားစီးနေရပြီဆိုရင် ကျောချမ်းနေတတ်ကြပါတယ်။ ဒါဟာ နာမည်ကြီးသရဲရုပ်ရှင်ထဲမှာပါနေကျ ဥမင်လှိုဏ်ခေါင်းတွေထဲက သရဲခြောက်ပုံတွေကြောင့် သက်သက်တော့ မဟုတ်လောက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



# Belchen Tunnel Ghost

မြေအောက်ဥမင်ထဲက မှောင်မည်းနေတဲ့နေရာတွေကို ဖြတ်ရပြီဆိုရင် စိတ်ထဲက အလိုလိုကြောက်လာတတ်ကြပါတယ်။ ဒါ့အပြင် ရှေ့ကလာတဲ့ မျက်နှာချင်းဆိုင်လာတဲ့ကားနဲ့ ဘေးချင်းယှဉ်ဖြတ်သွားတဲ့အခါ ကွန်ကရစ်လိုဏ်နံရံတွေက ထွက်ပေါ်လာတဲ့ ပဲ့တင်သံကြီးတွေဟာ မကောင်းဆိုးဝါးကြီးတစ်ကောင် အော်ဟစ်ညည်းညူလိုက်တဲ့ အသံနက်ကြီးလို့ပါပဲ။

ညအချိန် ကားအသွားအလာနည်းတဲ့ အချိန်တွေများဆို ကြောက်စိတ်က ပိုဆိုးပါသေးတယ်။ ခုနေများ သွေးပျက်စရာ အဖြစ်အပျက်တစ်ခုခု ကြုံတွေ့လိုက်ရရင်ဖြင့် လွတ်လမ်းမမြင်တော့ဘူး ဆိုတဲ့စိတ် ဖြစ်ပေါ်နေတတ်လို့ပါ။ ဒီလိုအချိန်မျိုးဆို ရှေ့ပဲဆက်သွားသွား၊ နောက်ကြောင်းပဲပြန်လှည့်လှည့် ဥမင်လိုဏ်ခေါင်းကြီးထဲက အပြင်ပြန်ရောက်ဖို့ကို ကမ္ဘာနဲ့ချီပြီးတောင် ကြာတယ်လို့ ထင်မိတတ်ကြပါတယ်။

ဆွစ်ဇာလန်နိုင်ငံမှာက 'ဘယ်လ်ချန်ဥမင်လိုဏ်ခေါင်း'ဟာ နာမည်ကျော်ကြားတဲ့ မြေအောက်ဥမင်လိုဏ်ခေါင်း ကားလမ်းဖြစ်ပါတယ်။ ဘာကြောင့်နာမည်ကျော်ကြားတာလဲဆိုတော့ သူ့မှာ သရဲဇာတ်လမ်းတွေ ရှိနေလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com





ဘယ်လ်ချန်မြေအောက်ဥမင်လိုဏ်ခေါင်းဝင်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ဒီဘယ်လ်ချန်ဥမင်လိုဏ်ခေါင်းဟာ (၁၉၆၆)ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပြီး (၁၀၄၃၀)ပေ ရှည်လျားပါတယ်။

အဆိုပါ ဘယ်လ်ချန်ဥမင်လိုဏ်ခေါင်းဟာ အစပိုင်းနှစ်တွေမှာ ဘာသံမှမထွက်ခဲ့ပါဘူး။ သို့သော် (၁၉၈၀)ခုနှစ်၊ ဇွန်လလောက်ကစလို့ သရဲခြောက်တယ်ဆိုတဲ့အသံတွေ ထွက်ပေါ်လာပါတော့တယ်။

(၁၉၈၀)ပြည့်နှစ်၊ ဇွန်လထဲမှာ ဥမင်ထဲမှာ အမျိုးသားတစ်ယောက်ဟာ ကားကြုံတားစီးခဲ့ပါတယ်၊ ပြီးတော့ ထိုသူဟာ အရှိန်နဲ့မောင်းနေတဲ့ကားပေါ်မှာ ပျောက်သွားခဲ့ပါတယ်။

ဒါဟာ ဘယ်လ်ချန်ဥမင်လိုဏ်ခေါင်းရဲ့ ပထမဆုံးထွက်ပေါ်လာတဲ့ သရဲခြောက်ခြင်းဖြစ်ရပ်ပါပဲ။ သို့သော် အဆိုပါသရဲထီးအကြောင်း ပြောဆိုကြတာဟာ (၁၉၈၀)အကုန်မှာ ရပ်တန့်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သရဲအသစ် ထပ်ပေါ်လာလို့ပါပဲ။

ဒီတစ်ခါပေါ်ခာတဲ့ သရဲကတော့ အမပါ။ ထိုသရဲမဟာ ဟောင်းနွမ်းနေတဲ့ အဖြူရောင်အဝတ်အစားတွေကို ဝတ်ဆင်ထားတာကြောင့် သရဲဖြူမလို့ လူသိများလာပါတယ်။

တိတိကျကျပြောရရင် (၁၉၈၁)ခုနှစ်၊ ဇန်နဝါရီလ(၆)ရက်နေ့မှာထွက်တဲ့ ဆွစ်ဇာလန်ရဲ့ ပေါ်ပြူလာဖြစ်တဲ့ သတင်းစာတစ်စောင်က စဖွလိုက်တာပါ။ နောက်ပိုင်းတော့ အခြားမီဒီယာတွေကလည်း လိုက်ရေးတော့တာပါပဲ။

လူတစ်ယောက်ဟာ ဘယ်လ်ချန်ဥမင်လိုဏ်ခေါင်းတစ်လျှောက် ကားမောင်းလာနေတုန်း မိန်းမတစ်ယောက်က လှမ်းတားပြီး ကားကြုံစီးခွင့်တောင်းလို့ နောက်ခန်းမှာ ခေါ်တင်လာခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com


တယ်။ ကားမောင်းသူဟာ လိုဏ်ခေါင်းထဲ ကားကိုသတိနဲ့အမြန်မောင်းနေလို့ နောက်ကိုလှည့်မကြည့်မိပါဘူး။

တော်တော်လေးမောင်းပြီးတော့မှ ကားနောက်ခန်းဘက်ကို လှည့်ကြည့်လိုက်တော့ ကားတားစီးတဲ့ မိန်းမဟာ မရှိတော့ပါဘူးတဲ့။ အဖြစ်အပျက်က ရှေ့ကဖြစ်ခဲ့တဲ့ သရဲအထီးနဲ့ ခြောက်လှန့်ပုံချင်းတူပေမယ့် . . သရဲမက နာမည်ပိုကြီးသွားပါတယ်။



**သရဲခြောက်သည့် လိုဏ်ခေါင်းအတွင်းပိုင်းနေရာ**

သရဲမဟာ အဖြူရောင်အဝတ်အစားတွေကို ဖိုးရိုးဖားရား ဝတ်ဆင်ထားပြီး ဘယ်ကနေထွက်မှန်းမသိ ပေါ်ပေါ်လာတတ်တယ်လို့ ဆိုပါတယ်။

ဥမင်လိုဏ်ခေါင်းထဲက သရဲဖြူမ

www.burmeseclassic.com

www.burmeseclassic.com




ဒီလိုကားကြဲ့လိုက်စီးပြီး ကိုယ်ရောင်ဖျောက်သွားတာဟာ ဥမင်လိုဏ်ခေါင်းထဲတွင်မကပါဘူး၊ ဥမင်လိုဏ်ခေါင်းအနီးဝန်းကျင်မှာလည်း မကြာမကြာဖြစ်လာပါသတဲ့. . ။

တစ်ခါတလေများဆိုရင် လိုဏ်ခေါင်းထဲမှာ ကားမောင်းနေတဲ့ ကားသမားတွေကိုတောင် လေထဲကနေ စကားလာပြောတာတို့၊ ကားကြဲ့လိုက်ပါရစေလို့ လှမ်းပြောတာတို့ လုပ်တတ်ပါသတဲ့. . . ။

ဒေသသတင်းစာတွေထဲမှာ အပါများလာတဲ့အချိန်မှာတော့ ဝတ်ရုံဖြူသရဲမကိုတွေ့လိုက်ရတယ်လို့ ရဲစခန်းကို ဖုန်းဆက်အကြောင်းကြားတဲ့ အကြိမ်ပေါင်းဟာ ဒါဇင်ပေါင်းများစွာ ရှိခဲ့ပါတယ်။

ဥမင်လိုဏ်ခေါင်းထဲက သရဲဖြူမ

www.burmeseclassic.com

www.burmeseclassic.com



(၁၉၈၃)ခုနှစ်မှာတော့ အမျိုးသမီးသတင်းထောက်နှစ်ယောက် ဥမင်လိုဏ်ခေါင်းထဲ ကားမောင်းနေတုန်း အသားအရေဖြူဖပ်ဖြူရော်ဖြစ်နေတဲ့ အရွယ်လတ်အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရလို့ အကူအညီပေးလိုတာကြောင့် ကားနောက်ခန်းထဲတင်ပြီး လမ်းကြုံခေါ်လာပါတယ်။

ကားမောင်းရင်း 'နေကောင်းရဲ့လားလို့' ရှေ့ခန်းကနေလှမ်းမေးလိုက်တော့. . 'မကောင်းဘူး၊ ကျွန်မ လုံးဝနေမကောင်းဘူး၊ ကျွန်မကြမ္မာငင်တော့မယ်၊ တကယ့်ကို ဆိုးဝါးတဲ့ဂြိုဟ်ဆိုးပဲ' လို့ ပြန်ပြောလာပါတယ်။ ဒါနဲ့ ရှေ့ခန်းကနှစ်ယောက်သား အထိတ်တလန့်နဲ့ ကားနောက်ခန်းကိုလှည့်ကြည့်လိုက်တော့ အခုလေးတင်နောက်ခုံမှာထိုင်နေပဲ့ အမျိုးသမီးဟာ မျက်စိရှေ့တင် ထူးဆန်းစွာပျောက်ကွယ်သွားတာကို တွေ့လိုက်ရပါတော့တယ်။

• သရဲမနဲ့တွေ့ပြီး ကျိစယ်ခံရသူတွေထဲမှာ ဆွစ်ဇာလန်ကဟစ်အိချ်ရဲတိုက်ကြီးရဲ့ပိုင်ရှင် သူဌေးမကြီးကစလို့ ဆိတ်ကျောင်းတဲ့မိန်းကလေးတွေ အထိပါနေပါတယ်။



ဥမင်လိုဏ်ခေါင်းထဲက သရဲပြူမ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ထိုသရဲဖြူမ ကိုယ်ရောင်မဖျောက်ခင်မှာ ချင်လှုပ်တော့မယ်၊ လေပြင်းတိုက်တော့မယ် စသည်ဖြင့်လည်း တိပေးတတ်ပါသေးတယ်။

တစ်ချို့က သရဲဖြူမခြောက်လှန့်တာကို မယုံကြည့်ကြဘဲ းနောက်ခန်းတံခါးဖွင့်ပြီး ရှေ့ကလူ မသိအောင် ဆင်းသွားတာ မှာပါလို့ ခံငြင်းချင်ကြပါသေးတယ်။

သို့သော် ထူးဆန်းတာက ကားနောက်ခန်းတံခါး မပါတဲ့ ခုံကနေကျော်ဝင်ရတဲ့ တံခါးနှစ်ပေါက်သာပါတဲ့ ပြိုင်ကားတွေ ကတောင် ဒီသရဲမဟာ ဘယ်ကနေဘယ်လို ဆင်းသွားမှန်း သိရလောက်အောင် ပျောက်ကွယ်သွားတတ်တာပါပဲ။ ။

## Belchen Tunnel Ghost



ဥမင်လိုဏ်ခေါင်းထဲက သရဲဖြူမ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အောက်သံပေးတဲ့ အရိုးခေါင်းများ



## SKULLS:

အရိုးခေါင်းခွံဆိုတာ သေမင်းတမန်ရဲ့ သင်္ကေတပါ။ သင်လည်းပဲ တစ်နေ့သေရဦးမှာပါလို့ သတိပေးချက်လည်း ဖြစ်ပါတယ်။ ခရစ်ယာန်ဘုရားကျောင်းတွေမှာ ဦးခေါင်းခွံထားရှိတဲ့ အယူအဆကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာပြီဖြစ်ပါတယ်။ ဦးခေါင်းခွံကို သင်္ချိုင်းအုတ်ဂူပေါ်တွင် ထားရှိသည်ဖြစ်စေ၊ ဘုရားကျောင်းထဲတွင် အထိမ်းအမှတ်အဖြစ် ထားရှိသည်ဖြစ်စေ ကြည့်ရှုသူအား သေခြင်းတရားသည် အနီးအနားတွင်ရှိနေကြောင်းကို သတိပေးခြင်းဖြစ်ကြောင်း ပြသသော



www.burmeseclassic.com

www.burmeseclassic.com


ထင်ရှားလှပါတယ်။

လူ့အသက်က ဦးခေါင်းမှာတည်ရှိနေတယ်လို့ ပြောရင် မငြင်းနိုင်ပါဘူး။ ထို့အတွက်လည်း လူတစ်ယောက်သေဆုံးသွားတဲ့အခါ သူ့ဝိညာဉ်ဟာ ဦးခေါင်းခွံထဲမှာ ခိုးအောင်းနေနိုင်တယ်လို့ ယုံကြည်တဲ့သူတွေ အများအပြားရှိနေပါတယ်။

ဒါကြောင့်လည်း ဝိညာဉ်ခိုအောင်းနေသည့် 'အော်သံပေးတဲ့ အရိုးခေါင်း'တွေကို အင်္ဂလန်နိုင်ငံ နေရာအနှံ့အပြားမှာ တွေ့ရှိခဲ့ရတာ ဖြစ်ပါတယ်။ လေ့လာသူတွေဟာ အခု(၃၀)လောက်ထိ ရှာဖွေတင်ပြနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

အော်သံပေးတဲ့ ဦးခေါင်းခွံတွေဟာ ယနေ့တိုင် တည်ရှိနေဆဲ ဖြစ်ပေမယ့် ဦးခေါင်းခွံအများစုကတော့ ပျောက်ကွယ်သွားကြပြီ (သို့) မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြပြီ ဖြစ်ပါတယ်။

အော်သံပေးတဲ့ ဦးခေါင်းခွံတွေရဲ့ တွေ့ရှိပုံတွေ၊ လုပ်ဆောင်ချက်တွေဟာ အတော်တော်များများ တူညီမှုတွေ ရှိနေတယ်ဆိုတာကို ဦးခေါင်းခွံတွေကို သုတေသန ကျယ်ကျယ်ပြန့်ပြန့် လုပ်ခဲ့ကြတဲ့ မှတ်တမ်းတွေကြည့်ပြီး သိနိုင်ပါတယ်။

မဖော်ထုတ်နိုင်ခဲ့တဲ့ ဆန်းကြယ်တဲ့ဦးခေါင်းခွံတွေလည်း အများကြီးရှိနေနိုင်ပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ တွေ့ရှိရတဲ့ ဦးခေါင်းခွံအများစုဟာ မြေအောက်နက်နက်ထဲရောက်နေကြတဲ့ ထုထည်ကြီးမားတဲ့ ရှေးဟောင်းကျောက်တုံးကျောက်သားနံရံ အကျိုးအပဲတွေကြားမှာ တွေ့ခဲ့ကြလို့ပါပဲ။

လူသားတွေဟာ ဦးခေါင်းတွေနဲ့ပတ်သက်လို့ အဓိအရင် လုပ်ခဲ့ကြတာဟာ သမိုင်းမတင်မီ အချိန်ကတည်းကပါ။ ရှေးခေတ်


www.burmeseclassic.com

www.burmeseclassic.com



အနောက်ဥရောပတိုက်သားတွေဟာ ရန်သူတွေရဲ့ဦးခေါင်းကို ဖြတ်ပြီး ရန်သူများကို ပြသထားတတ်ကြတဲ့ ဓလေ့ထုံးစံရှိသလို. . ၊ နောက်ပိုင်းမျိုးဆက်တွေလည်း အဲဒီလိုမျိုး လုပ်လေ့ရှိပါတယ်။ ယင်းမှာ သူတို့၏ စွမ်းအားနှင့် သာလွန်မြင့်မြတ်မှုကို ပြသရန်ဖြစ်သည်ဟုဆိုသည်။



**ရှေးခေတ်ဗြိတိန်သားတစ်ယောက် ရန်သူဦးခေါင်းကိုယူဆောင်လာပုံ**

ဒါပေမဲ့ ရှေးလူတွေ ဦးခေါင်းခွံတွေကို ကိုးကွယ်ကြတာနဲ့ ပတ်သက်လို့တော့ အထောက်အထားအစစ်အမှန် တင်ပြနိုင်ခြင်း မရှိသေးပါဘူး။ ဒါတွေဟာ နတ်ဘုရားတွေနဲ့ တစ်မျိုးတစ်ဖုံ ဆက်

www.burmeseclassic.com



နွှယ်နေပြီး တန်ခိုးစွမ်းအားနဲ့ဆိုင်တဲ့ သင်္ကေတလည်း ဖြစ်နိုင်ပါ တယ်။

ကာဒစ်ဖ်မြို့ရှိ လန်ဒပ်ဖ်ဘုရားကျောင်း၏ ဝိညာဉ်ဗိမ္မာန် တစ်ခုအတွင်းတွင်ထားရှိသော ဘုန်းတော်ကြီး စိန့်တီလိုး၏ ဦး ခေါင်းခွံကို ယနေ့ထက်တိုင် တွေ့မြင်နိုင်ပါတယ်။ ဦးခေါင်းခွံကို ရေသောက်ရာတွင်လည်း အသုံးပြုလေ့ရှိကြပြီး၊ ရေတွင်းမှရေကို သူတော်စင်တစ်ဦး၏ ဦးခေါင်းခွံမှတစ်ဆင့် သောက်သုံးလျှင် တွင်းရေတွင်ပါရှိသော ရောဂါပျောက်စေနိုင်သည့် အာနိသင်ကို ရရှိနိုင်မည်ဟု ယုံကြည်ထားကြလို့ပါ။



ဦးခေါင်းခွံဖြင့်
ပြုလုပ်ထားသည့်
ရေသောက်သည့်ခွက်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီး စိန့်တီလိုး၏ ဦးခေါင်းခွံကို စိန့်တီလိုးရေ ဘွင်းမှုရေများကို သိဒ္ဓိတင်ရာတွင် အစီအမံအဖြစ် အသုံးပြုကြပါ တယ်။ ဖျားနာနေသူများသောက်သုံးလျှင် နေပြန်ကောင်းလာနိုင် သည်ဟူသော အယူရှိကြတာကြောင့်ပါ။

ဦးခေါင်းခွံကို အဆောက်အအုံထဲမှာထားရင် မကောင်း ဆိုးဝါးတွေ ဝင်မလာနိုင်ဘူးလို့ ယူဆမှုတွေလည်း ရှိခဲ့တာကြောင့် ဦးခေါင်းပုံသဏ္ဍာန် ထွင်းထုထားတဲ့ ရုပ်တုတွေ၊ တကယ့်ဦးခေါင်းခွံ အစစ်တွေကို အိမ်ထဲမှာ ပြသထားလေ့ရှိခဲ့ကြပါတယ်။

တစ်ခြားဘာရည်ရွယ်ချက်တွေ ပါသေးသလဲဆိုတာ အ သေအချာမသိရပေမယ့် လူ့ဦးခေါင်းခွံတစ်ခုကို ရှေးအခါက အိမ် ခန်းတစ်ခန်းထဲမှာ သိမ်းထားတယ်ဆိုတာ လာဘ်လာဘပေါဖို့နဲ့ သရဲတစ္ဆေတွေ၊ မကောင်းဆိုးဝါးတွေ အန္တရာယ်မပေးနိုင်အောင် ဆိုတဲ့ ရည်ရွယ်ချက်ပါတာကတော့ အသေအချာပါပဲ။

ထို့အပြင် အခြားအစီအရင်အဖြစ် ရှုးဖိနပ်တွေ၊ မြင်းခွာ တွေကို ဝင်ပေါက်လမ်းတွေမှာ ချည်နှောင်ထားလေ့ ရှိပါတယ်။ သစ်သားထည်ပစ္စည်းတွေကို ထွင်းထုပြီး အဆောင်လက်ဖွဲ့တွေ ထည့်သွင်းထားတာမျိုး၊ မီးခိုးခေါင်းတိုင်တွေထဲမှာ ပုလင်းတွေ ဝှက် ပြီးထည့်သွင်းထားတာမျိုး၊ ကြောင်သေတွေကို ဖွက်ထားတာမျိုး၊ မြင်းခေါင်းတွေကို မြှုပ်နှံထားတာမျိုးတွေဟာ အိမ်ကိုကာကွယ်ဖို့ ရည်ရွယ်တာပဲဖြစ်ပါတယ်။

အောက်သံပေးတဲ့ဦးခေါင်းခွံတွေမှာ ကိုယ်ပိုင်ဓလေ့တွေရှိပါ တယ်။ သူတို့ဘယ်ကလာတယ်၊ ဘယ်သူကပိုင်တယ်၊ သူတို့ကို ဖျောက်ဖျက်ဖို့ ကြိုးစားတဲ့လူတွေ ဘာဖြစ်မယ်ဆိုတာတွေကို. . .



www.burmeseclassic.com

www.burmeseclassic.com





အော်ပြောနေတယ်လို့ ပိုင်ဆိုင်သူတွေက ဆိုပါတယ်။ အော်သံပေးတဲ့ ဦးခေါင်းခွံအများစုဟာ အသတ်ခံရကာ အသေဆိုးနဲ့ သေသွားပြီး စတေးခံထားရတဲ့လူတွေရဲ့ ဦးခေါင်းတွေဖြစ်ပေမယ့်၊ အစွဲအလန်းကြီးသူတွေရဲ့ ဦးခေါင်းတွေလည်း ပါဝင်နေပါတယ်။

**အော်သံပေးတဲ့အရိုးခေါင်းများ**

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဇာတ်ကြောင်းတွေကို မျိုးရိုးစဉ်ဆက်ပြောလာကြတာ ရာစုနှစ်ပေါင်းများစွာရှိလာပါပြီ။ ဇာတ်လမ်းတစ်ခုနဲ့တစ်ခု မတူကြပေမဲ့ အခြေခံအချက်ကတော့ အတူတူပါပဲ။ သေသူရဲ့ဝိညာဉ် ပူးကပ်နေတာပါပဲ။

ဒီဓလေ့ထုံးစံမှာတော့ အော်သံပေးတဲ့ ဦးခေါင်းခွံတွေကို အိမ်ထဲမှာထားလိုက်ပြီဆိုရင် ဘယ်တော့မှ ပြန်လွှင့်မပစ်ရတော့ပါဘူး။ နှစ်ပေါင်းရာချီ ထားရှိရပါလိမ့်မယ်။ တကယ်လို့ ဆက်မထားတော့ဘူးဆိုရင် ခိုက်တတ်တယ်လို့ ဆိုပါတယ်။ ဖယ်ရှားလိုက်တဲ့ ဦးခေါင်းခွံကို အိမ်ထဲပြန်မယူလာမချင်း ပုဏ္ဏကတိုက်တာမျိုးခံရတတ်ပါသတဲ့။

အော်သံပေးတဲ့ဦးခေါင်းခွံတွေအနက်က လူသိများတဲ့ တစ်ခုကတော့ အင်္ဂလန်နိုင်ငံတောင်ပိုင်း၊ ဒေါ်စက်စီရင်စု၊ ဘက်တစ်ကုမ်ဘီအရပ်ဒေသကပါ။ အဲဒီဦးခေါင်းခွံဟာ သမိုင်းမတင်မီခေတ်တုန်းကဖြစ်ပြီး အနီးအနားရှိ တောင်ပူစာပေါ်က ယူဆောင်လာတာဖြစ်တယ်လို့ဆိုပါတယ်။

(၁၆၉၀)ပြည့်နှစ်မှာ အိမ်ကိုပြန်ပြင်ဆောက်တော့ ကံကောင်းတယ်ဆိုပြီး အဆောင်အဖြစ် အိမ်ထဲကိုယူဆောင်လာခဲ့တာသာဖြစ်ပါတယ်။ ထိုဦးခေါင်းခွံဟာ အော်သံတွေပေးနေတတ်တာကြောင့် လူသိများလာသလို အခြားသော အော်သံတွေထွက်နေတဲ့ ဦးခေါင်းခွံအကြောင်းဟာ ဟိုမှဒီမှ ပေါ်ထွက်လာပါတော့တယ်။

အင်္ဂလန်နိုင်ငံတောင်ပိုင်းက ဝေါ့ရှိုင်းယားပြည်နယ်မှ ဝင့်ခ်မီ ပန်းခြံထဲမှာ ဖျက်ဆီးပစ်လို့မရတဲ့ ဦးခေါင်းခွံတစ်ခု တွေ့ရှိခဲ့ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အစိတ်စိတ်အမြွှာမြွှာဖြစ်တဲ့အထိ တူနဲ့ထု၊ မီးနဲ့ရှို့လိုက်ဦးတော့ မူလအတိုင်း ပြန်ဖြစ်လာတယ်လို့ ဆိုပါတယ်။

ဆမ်းမားဆက်မှာရှိတဲ့ ဦးခေါင်းခွံကတော့ (၁၆၇၀)ပြည့်နှစ်မှာသေဆုံးသွားခဲ့တဲ့ ဘုန်းတော်ကြီး သီယိုဖီးလပ်စ်ဘရိုမီရဲ့ ဦးခေါင်းခွံဖြစ်ပါတယ်။ သူသေတဲ့အခါ ဘုရားကျောင်းထဲမှာ ခန္ဓာကိုယ်ကိုမြှုပ်ပြီး ခေါင်းကိုတော့ လယ်တောထဲမှာ ဘီရိုလေးနဲ့ထည့်ထားဖို့ စေခိုင်းခဲ့ပါသတဲ့။

(၁၈)ရာစုအရောက်မှာ အဲဒီဦးခေါင်းခွံကိုစတွေ့တဲ့ လယ်သမားက ဂေါ်ပြားနဲ့ ရိုက်ခွဲလိုက်တယ်ဆိုရင်ပဲ ဂေါ်ပြားကျိုးသွားခဲ့ပါတယ်၊ ဦးခေါင်းခွံကတော့ ဘာမျှမဖြစ်ပါဘူး။ ထို့နောက်မှ ဘုန်းတော်ကြီး ဦးခေါင်းခွံမှန်းသိကာ ယာတောအိမ်ထဲ သိမ်းထားလိုက်ပါတယ်။

(၁၈၂၆)ခုမှာတော့ အလုပ်သမားတွေဟာ ယာတောအိမ်ထဲမှာ ဘီယာတိုက်မယ်ဆိုပြီး ဦးခေါင်းခွံကို လှမ်းယူလိုက်တဲ့အခါမှာ ထူးဆန်းတဲ့ အသံဗလံတွေ ကြားလိုက်ရပါတော့တယ်။

ဝမ်းနည်းပြီး မပျော်မရွှင်ဖြစ်နေတဲ့ အသံမျိုးပါ။ အဲ့ဒါနဲ့ ဘီရိုထဲ ပြန်ထည့်ထားလိုက်ရပါသတဲ့။

အော်သံပေးတဲ့ဦးခေါင်းခွံတွေကို သိမ်းဆည်းထားတတ်တာက အင်္ဂလန်နိုင်ငံမြောက်ပိုင်းမှာ ပိုခေတ်စားခဲ့ပုံရပါတယ်။

ဒါဘီရှိုင်းယားက လယ်တောထဲမှာတွေ့တဲ့ ဦးခေါင်းခွံဟာ (၁၃)ရာစုကတည်းကတွေ့ခဲ့ရတာဖြစ်ပေမဲ့ (၁၈၀၇)ခုနှစ်ရောက်မှသာ ပုံနှိပ်စာတွေထဲမှာ ဖော်ပြလာခဲ့တာပါ။ 'ဒစ်ကီ'လို့ အမည်ပေးထားကြပါတယ်။

**အော်သံပေးတဲ့အရိုးခေါင်းများ**

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းခွံဟာ လယ်တောအိမ်နံ့ရံထဲမှာရောက်နေတာ ရာစုနှစ် နှစ်ခုလောက်ရှိပါပြီ။ (၁၈၀၇)ခုအရောက်မှာ သီးစားလုပ်စားတဲ့ ယာသမားတွေက ထူးဆန်းတဲ့အသံတွေ ကြားခဲ့ရတဲ့အပြင် ဝိညာဉ်တွေရှိနေတာကြောင့် သီးနှံအထွက်ပိုတိုးလာတယ်လို့လည်း ဆိုကြပါတယ်။

'တကယ်တော့ ဝိညာဉ်တွေက လူတွေကိုကူညီနေတာပါ၊ ခြောက်လှန့်နေတာမဟုတ်ပါဘူး'တဲ့. . ။

အဆိုပါဦးခေါင်းခွံဟာ ရှေးဟောင်းလယ်တောအိမ်ရဲ့ ပြတင်းပေါက်ဘောင်အောက်က ကျောက်တုံးတွေနဲ့ စီထားတဲ့ နံရံအထူကြီးထဲမှာ ထည့်မြှုပ်ထားတာကို ပြတင်းပေါက်ဘောင် ပြုပြင်တဲ့အချိန်မှာ တွေ့ခဲ့ရတာပါလို့ ရွာခံလူကြီးတွေက ပြောကြပါတယ်။ မြင်းမေးရိုးတွေကိုလည်း ထိုနေရာမှာထည့်မြှုပ်ထားတာ တွေ့ပါသေးတယ်။



အစစ်အရင်းအဖြစ် ထည့်မြှုပ်ထားသည့် မြင်းမေးရိုး



www.burmeseclassic.com

www.burmeseclassic.com



ပြသနာကတော့ ထိုဦးခေါင်းခွံကိုတွေ့ရှိပြီး ဘုရားကျောင်း သင်္ချိုင်းမှာ မြှုပ်မယ်လုပ်တော့မှ စပေါ်လာတာပါ။ အမြှုပ်မခံဘဲ သောင်းကျန်းပါတော့တယ်။ ဆည်ထဲကို ပစ်ချလိုက်တော့လည်း ပြန်ဆယ်ယူခဲ့ရပါတယ်။ အကြောင်းကတော့ ဆည်ထဲကငါးတွေ အကုန်သေကုန်လို့ပါတဲ့။ ဒါကြောင့် လယ်တောအိမ်ထဲမှာပဲ ပြန်ထားခဲ့ရပါတယ်။

ပိုပြီးထူးဆန်းတာကတော့ (၁၈၆၃)ခုနှစ်မှာ ထိုလယ်တောထဲကဖြတ်ပြီး အသစ်ဖောက်လုပ်ထားတဲ့ မီးရထားလမ်းကို လမ်းကြောင်းပြောင်းပြီး ဖောက်လုပ်ခဲ့ကြတာပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုဦးခေါင်းခွံက နှောက်ယှက်နေတယ်လို့ ခံစားကြရလို့ပါတဲ့။

(၁၉)ရာစုရောက်တဲ့အခါ အဆိုပါ လယ်တောအိမ်ကို ပြန်ပြင်ဆောက်ကြတဲ့အတွက် စတိုဂိုထောင်ထဲ ဦးခေါင်းခွံကို ယာယီရွှေ့ပြောင်းထားခဲ့ပါတယ်။ ဒါပေမယ့် မကြာခင်မှာပဲ လယ်တောအိမ်ကို ပြန်ပို့ထားခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လယ်တောအိမ်ထဲမှာ သရဲတစ္ဆေတွေ တွေ့မြင်လာရသလို ညည်းညူသံတွေပါ ကြားလာရလို့ပါ။

ဦးခေါင်းခွံအတွက် သီးသန့်ထားပေးတဲ့နေရာကတော့ လှေခါးခွင်အောက်က လယ်တောတစ်ခုလုံးကို လှမ်းမြင်နေရတဲ့ ပြတင်းပေါက်မှာဖြစ်ပါတယ်။ ထိုပြတင်းနေရာဟာ ဦးခေါင်းခွံကို တွေ့ရှိခဲ့တဲ့ နေရာဖြစ်သလို လယ်တောအိမ်ရဲ့ အချက်အချာကျတဲ့ နေရာ ဖြစ်နေတာဟာလည်း တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ပါဘူး။

ထိုပြတင်းပေါက်နေရာဟာ သရဲတစ္ဆေမကြောင်းဆိုးဝါး



www.burmeseclassic.com

www.burmeseclassic.com





တွေရဲ့ ဝင်ပေါက်ဖြစ်တာကြောင့် အထဲကိုဝင်လာမယ့် မကောင်းဆိုးဝါးပိညာဉ်တွေ၊ စုန်းမတွေ မဝင်နိုင်အောင် အစောင့်အဖြစ် အစီအရင်တွေနဲ့ထားထားတာ ဖြစ်နိုင်ပါတယ်။

ဦးခေါင်းခွံကို မှန်အိမ်လေးနဲ့ အလုံပိတ်ထည့်ထားပါတယ်။ ကြာမကြာဆိုသလိုပဲ ဦးခေါင်းခွံနောက်ဘက်ခြမ်းက မှန်ချပ်လေး




www.burmeseclassic.com

www.burmeseclassic.com



ကိုဖြုတ်ပြီး လေဝင်လေထွက်ရစေရန်ပြုလုပ်ပေးပါတယ်။ ထိုကဲ့သို့ မှန်လေးကိုဖြုတ်ပြီး တိုက်ချွတ်တဲ့ နောက်တစ်နေ့မနက်တိုင်းမှာ ထိုမှန်ချပ်လေးဟာ မြက်ခင်းပေါ်ကို မကွဲမပြုဘဲရောက်နေတာကို တွေ့ရပါလိမ့်မယ်တဲ့။



ဦးခေါင်းခွံကို မှန်အိမ်လေးထဲ ထည့်ထားပုံ

(၂၀)ရာစုရောက်တဲ့အခါမှာတော့ ဦးခေါင်းခွံကို လာကြည့်ကြတဲ့သူတွေ များလွန်းတာကြောင့် ထိုအိမ်ထဲမှာ လျှို့ဝှက်ပြီး မြှုပ်နှံလိုက်ပါတယ်။ သုသေတီတို့ရဲ့လေ့လာချက်အရ ထိုဦးခေါင်းခွံဟာ အမျိုးသမီးဦးခေါင်းခွံဖြစ်ပြီး သမိုင်းမတင်မီအချိန်က မြေပြင်



www.burmeseclassic.com

www.burmeseclassic.com


ကို တောင်ပူစာပုံစံလုပ်ပြီး မြှုပ်နှံခဲ့ကြတဲ့သချိုင်းကလို့ ဆိုပါတယ်။

ထိုနေရာတွင် ခရစ်တော်မတိုင်မီကာလက ဆက်ဇုန်ဘုရင်များကိုသာမက အချို့သော ထင်ရှားသူများကိုလည်း မြှုပ်နှံခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ဘုရင်ကို နေ့အခါတွင် မြှုပ်နှံခြင်းပြုလုပ်ပါက အမှောင်ထုအောက်တွင် ဘုရင့်အစေအပါးများကို သတ်ဖြတ်၍ မြှုပ်နှံခြင်းပြုသည်ဖြစ်ရာ စတေးခံရသူတို့ထဲမှ တစ်ယောက်ဖြစ်နိုင်သည်ဟု ခန့်မှန်းကြပါတယ်။

ဦးခေါင်းခွံ 'ဒစ်ကီ'ဟာ ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ဘယ်သူပဲဖြစ်နေပါစေ. . သူဟာ အစောင့်ဝိညာဉ်အဖြစ်တည်ရှိနေရတာတော့ အသေအချာပါပဲ။

သူစိတ်ကြိုက်နေရာဖြစ်တဲ့ ပြတင်းပေါက်ကနေ အိမ်တစ်ခုလုံးကိုသာမက လယ်တောတစ်ခုလုံးကို စောင့်ကြည့်ပြီး စောင့်ရှောက်နေတာပါ။

သူတို့ကိုသတ်ပြီး ထိုနေရာဒေသကို အစောင့်အရှောက်အဖြစ် မြှုပ်နှံထားခဲ့ရာက နောက်ပိုင်းကာလမှာ ထပ်ဆောက်ကြတဲ့ အဆောက်အအုံအသစ်တွေနဲ့ ဆက်နွယ်သွားတာဖြစ်ပါလိမ့်။

လန်ကာရှိုင်းယားရဲ့ နာမည်ကြီးလှတဲ့ ဦးခေါင်းခွံကတော့ ဝါဒ်လေးခန်းမမှာရှိပါတယ်။ အဲဒီဦးခေါင်းခွံကို တစ်ချိန်က ရော့ဂျာ ခေါင်းဆိုသူ ပိုင်ဆိုင်ခဲ့ပါတယ်။ (၁၇၉၉)မှာ ထိုသူရဲ့သချိုင်းဂူကိုဖွင့်တော့ အထဲမှာ ခရစ်ယာန်ဘုန်းတော်ကြီး အမ်ဘရို့စ်ဘာလိုးရဲ့ ဦးခေါင်းပြတ်ကို ကိုယ်ခန္ဓာနဲ့အတူ တွေ့ခဲ့ရပါတယ်။ ဘုန်းတော်ကြီးဟာ (၁၆၄၁)ခုနှစ်မှာ ခေါင်းဖြတ်သတ်ခံခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုဦးခေါင်းခွံကို မီးလင်းဖိုပေါ်မှာ တင်ထားကြပါသတဲ့။ ဒါပေမဲ့ ထူးဆန်းတဲ့အဖြစ်အပျက်တွေ ဖြစ်ပျက်ပြီး အသံတွေကြား လာရပါတယ်တဲ့။ သချိုင်းဂူထဲပြန်ထားဖို့ ဒါမှမဟုတ် မြေမြှုပ်ဖို့ ဆိုတာကလည်း မဖြစ်နိုင်တာမို့ သမ္မာကျမ်းစာအုပ်ပေါ် တင်ထား လိုက်တော့မှ ထူးဆန်းတဲ့အဖြစ်အပျက်တွေ ထပ်မကြုံရတော့ပါ ဘူးလို့ ဆိုပါတယ်။



ဘာတန်အက်နေးစ်ခန်းမ (ရော့ရှိုင်းယားပြည်နယ် အရှေ့ ပိုင်း)မှာထားရှိတဲ့ ဦးခေါင်းခွံကတော့ 'အန်းဂရစ်ဖစ်'ဆိုသူ



www.burmeseclassic.com

www.burmeseclassic.com





ခဲ့သည်ဟူ၏။

(၁၈၆၃)ခုက ဗစ်ကာ၏ဇနီးဖြစ်သူ မစ္စစ်ကလေ့ဖ်
နောင်လာနောက်သားများအတွက် မှတ်တမ်းတင်ခဲ့ပါတယ်။ မှ
တမ်းတင်ခဲ့တဲ့ အဖြစ်အပျက်အရ အစေခံမိန်းကလေးဟာ ဖု
အထပ်ထပ်တက်နေသော ဦးခေါင်းခွံကို ရှာရှာလှတာကြောင့် လ
တောထဲက ရေအိုင်ငယ်တစ်ခုထဲသို့ လွှင့်ပစ်ခဲ့ပါတယ်။

ယင်းညမှာပဲ အိမ်တစ်အိမ်လုံး အော်သံများဖြင့် ပြော
ဆန်နေခဲ့သည် ဟုဆို၏။ ထိုအခါကျမှ အဆိုပါအစေခံမိန်းကလေ



www.burmeseclassic.com

www.burmeseclassic.com



ည်း ရေအိုင်ထဲက ဦးခေါင်းခွံကို ကမန်းကတန်းသွားပြန်ဆယ် ခဲ့ရပါတယ်။ ဦးခေါင်းခွံကို သမုတ်ထားသည့်မြေမှာ မြှုပ်နှံ ဂြိုဟ်ရန် ကျိုးပမ်းခဲ့သည်ဟု ရေးသားထားပါတယ်။ ယင်းကဲ့သို့ ျိုးပမ်းမှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးခဲ့ပြီး ခြံမွေးတိရစ္ဆာန်အ ားအပြား သေဆုံးခဲ့ရသည်ဟု ဆိုထားပြန်ပါတယ်။

အော်သံပေးတယ်ဆိုတဲ့ ဦးခေါင်းခွံ ဇာတ်လမ်းတွေမှာ သဘာဝနှစ်မျိုးကို တွေ့နိုင်ပါတယ်။ လူတွေကို စောင့်ရှောက်တဲ့ ညာဉ်နဲ့ ခြောက်လှန့်တဲ့ဝိညာဉ်တွေပဲဖြစ်ပါတယ်။

ဒါကြောင့် အော်သံပေးတယ်ဆိုတဲ့ ဦးခေါင်းခွံတွေဟာ ူသားတွေရဲ့ ပယောဂယုံကြည်မှုနဲ့ လူသားသဘာဝတို့ကို ဖော် ညွှန်းနေတာသာဖြစ်ပါတော့တယ်။

## SCREAMING SKULLS:



အော်သံပေးတဲ့အရိုးခေါင်းများ

www.burmeseclassic.com

www.burmeseclassic.com



# နှစ်ကျော်ဦး

## တစ္ဆေတစ်ကောင်ရဲ့ ဒဿန



www.burmeseclassic.com

www.burmeseclassic.com





"ဒိန်း . . ဖုတ် . . ဘုန်း . . ဖွမ်း"

"သောက်ပလုတ်တုတ် . . "

"ငပေတိုး လန့်ခါပြီး သစ်ကိုင်းပေါ်တွဲလောင်းခိုမိလို့ ပင်စည်ကိုကျောမှီပြီး ငြိမ်နေသော ရုက္ခစိုးကြီးပါ လန့်သွားတယ်"

"ဘာဖြစ်တာတုန်းဟ သောက်ခွေးရ"

ငပေတိုး သစ်ကိုင်းပေါ်ပြန်ခိုတက်ပြီး ရင်တုန်ပန်းတုန်နှင့် . . .

"လန့် . . . လန့်သွားလို့"

"ဘာ့ကြောင့် လန့်စရာရှိလို့ လန့်ရတာတုန်း၊ ဒီမှာ တရားမှတ်နေတာကွ ငါ့နှယ်"

"အကယ်ဒမီဖွင့်ပွဲလေ ဘကြီးရဲ့ . . ၊ ဗျောက်အိုးတွေ ထဖောက်ပစ်တာ မပြောမဆိုနဲ့ လန့်တာပေါ့ဗျ"

"အောင်မာ အဲ့ဒါနေပြည်တော်မှာ . . မင်းကရန်ကုန်မှာ ဘာကြောင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အာ . . ဟိုမှာ အုပ်ချုပ်ရေးမှူးအိမ် ညေ့ခန်းထဲက တီး ကြီးက အကြီးကြီး၊ အသံကလည်း အကျယ်ကြီးဗျ၊ အကယ်ဒ ဘန်းကိုင်အဖွဲ့ထဲမှာ သူ့သမီးလည်း ပါတယ်ဆိုလို့ ဟိုတစ်နေ့က လက်မခြောက်ဆယ် အယ်လ်စီဒီကြီးတစ်လုံး သွားပစ်ဝယ်လာ တာ"

"အဲ့ဒါဘာဖြစ်လဲ"

"အာ . . . တီဗီအကြီးကြီးနဲ့ အသံအကျယ်ကြီးဖွင့်တော့ လန့်တာပေါ့ဗျ"

"သောက်ခွေး . . လန့်ရင် ရုပ်ကွက်ထဲကအပင်မှာ လာ နေနဲ့ကွာ၊ သွား . . ဟိုးချောင်းကမ်းဘေးက အပင်မှာသွားနေ"

"အာ . . ပိုဆိုး . . ပိုဆိုး . ."

ငပေတိုးက သစ်ကိုင်းပေါ် ထိုင်ပြီး ရက်ပါစတိုင်နှင့် ပြန် ပြောနေသေးလို့ ရုပ်ကွစိုးကြီးစိတ်တိုပြီး ထမတီးမိအောင် အတော် မျိုသိပ်လိုက်ရတယ်။

ငါဒီကောင့်ကို လက်ခံမိတာမှားပြီလားလို့လဲတွေးတယ်၊ ရုက္ခစိုးကြီးတွေးလည်း တွေးစရာပါပဲ၊ ငပေတိုးက ပြည်ပြေးတစ္ဆေ လို့ပဲပြောရမလား၊ ဒါမှမဟုတ် တစ္ဆေလောကနဲ့ ဆန္ဒသဘောထား မကိုက်ညီတဲ့ အတိုက်အခံတစ္ဆေလို့ပဲ ပြောရမလား၊ ဘယ်လိုပြော ရမှန်းကိုမသိတဲ့ တစ္ဆေခင်ဗျ. . .။

တစ္ဆေကျင့်ဝတ်နဲ့လည်းမညီတဲ့ တစ္ဆေဆိုတာ အစပထမ ပိုင်းက ရုက္ခစိုးအချင်းချင်း တီးတိုးပြောနေကြတာကို တမာပင် ရုက္ခစိုးကြီးက သိပ်မယုံချင်ပေမယ့် . . . ခုတော့ . . .။

သူထိုင်နေတဲ့သစ်ကိုင်းကြီး ငြိမ့်ခနဲဖြစ်သွားလို့ အတွေး



www.burmeseclassic.com

www.burmeseclassic.com



ဘ်ပြီး ကြည့်လိုက်တော့ သကောင့်သား ငပေတိုး အပင်အောက် ရောက်သွားပြီဗျ။

"ဟော့ကောင်. . ဘယ်လဲ"

"ဒီနားခဏ အညောင်းအညာပြေ လမ်းလျှောက်မလို့ အဘ"

"အာကွာ. . . တော်ကြာ တစ္ဆေစည်းကမ်းထိမ်းသိမ်းရေး အဖွဲ့နဲ့တိုးလို့ ငါလိုက်ပြီး အာမခံနဲ့ထုတ်နေရဦးမယ်-ပြန်တက်လာ ခဲ"

"အာ. . သူတို့ဆွဲချင်တိုင်း ဆွဲလို့ရတဲ့ခေတ် မဟုတ်တော့ ဘူး အဘရဲ့၊ အခုက ခေတ်ပြောင်းနေပြီ"

"ဟော့ကောင်. . မင်း"

ရုက္ခစိုးကြီး ဒေါပွပြီး အော်ရင်း ခုန်ဆင်းလိုက်တယ်. . ။ ပြီးမှ. . .

"မင်းပြန်တက်မလား မတက်ဘူးလား. . ဒါပဲပြော"

တမာပင်ရုက္ခစိုးကြီး ဒေါပွနေမှန်းသိတော့ ငပေတိုး မျက် နှာချိုလေးသွေးပြီး. .

"တက်ပါ့မယ် အဘရာ၊ ဒါပေမယ့် ဒီနေရာလေးတော့ ခဏလောက် ရပ်ခွင့်ပေးပါ၊ အပင်ပေါ်မှာက အဘသိတဲ့အတိုင်း ချဉ်တွေရော ပုရွက်ဆိတ်တွေရော ပြည့်နေတာ၊ ပြီးတော့ ပြန် တက်မယ်"

"အား!. ."

ရုက္ခစိုး တွန့်ပြီးအော်လို့. . .

"အဘ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

အမှန်တော့ ရုက္ခစိုးကြီးရဲ့ပေါင်ကြားထဲ ခါချဉ်ဝင်ခဲလို့ လ
အော်တာပါ။ ဒါကို ခါချဉ်ကိုက်လို့ကွလို့ပြောရင် ငပေတိုး နော
တစ်ကြိုးတက်ပြီး အရေးဆိုလာမှာကိုသိလို့ မသိဘူးလို့ပဲ ဆော
အော်ပြီး ခါချဉ်ကို စိစိညက်ညက်ကြေအောင် ပွတ်ထုတ်လို
တယ်ခင်ဗျ။

"အား!"

"အဘ ဘာဖြစ်ပြန်တာလဲ"

ဒီတစ်ခါတော့ မသိဘူးလို့ မအော်နိုင်တော့ဘူး၊ ခါချဉ်
ရုက္ခစိုးကျောဘက်က နတ်မြောက်တန်ဆာကြားထဲမှာ ဝင်ခဲ
တော့ သူ့လက်နဲ့ပွတ်လို့လည်း မမီဘူးလေ။ သစ်ပင်နဲ့ကပ်ပြီး ပွ
ပစ်ရအောင်လည်း နတ်မြောက်တန်ဆာမှာ ထိုးထားတဲ့ စီးကွ
တွေ ဘော်ကြယ်တွေ ပြုတ်ထွက်ကုန်ရင် နှမြောစရာကြီး မဟု
လား။

"လာ. . လာစမ်း၊ ငါ့ကျောကုန်းကြားမှာ ခါချဉ်ထင်တယ်"

"လာပြီအဘ. . လာပြီ"

ငပေတိုးခပ်သွက်သွက်ပဲ သွားပြီးလုပ်ကိုင်ပေးတယ်။

"အဘရေခါချဉ် တစ်ကောင်နဲ့ ပရွက်ဆိတ်အနီလေး နှ
ကောင်ဗျ"

"နည်းနည်း ကုတ်ပေးစမ်း"

"ဟုတ်. . ဟုတ်. . "

ခိုင်းရင်းလည်း သွက်လက်ချက်ချာပြီး စေတနာပါပါ လု
ပေးတဲ့ စရိုက်ကလေးရှိတော့ ငပေတိုးဆိုတဲ့ကောင်ကို မော



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ရခက်၊ ထားရခက်နဲ့ ရုက္ခစိုးကြီး ပင့်သက်ခိုးချတယ်။ ကိုယ်တိုင်ကလည်း ရုက္ခစိုးလူပျိုကြီး တစ်ကိုယ်တည်းဆိုတော့ ခုလို နှုတ်သက်ရင့်လာတဲ့အခါ ဘေးမှာ လက်တိုလက်တောင်းလေး ရှိသင့်တာတော့ အမှန်ပဲလေ။

"လိမ်လိမ်မာမာနေ ငတိုးရာ၊ ငါ့မှာသူများလို သားထောက်သမီးခံမရှိတော့ ငါသေရင် တမာပင်ကို မင်းပဲအမွေရမှာ"

"ဟုတ်. ."

"ဒီခေတ်ထဲ. . ဒီလိုသက်ရင့်အပင်ကြီးမျိုး ခံစားစံစားနိုင်ဖို့ဆိုတာ မလွယ်တော့ဘူးကွ ကြားလား"

"ဟုတ်. . အဘ"

"ဒါတောင်. . မြို့ပေါ်မှာရှိနေတဲ့အပင်မို့လို့ ကံကောင်းထောက်မပြီး. . စီမံကိန်းမြေနဲ့လည်း လွတ်နေသေးလို့ ကျန်တာတောထဲမှာဆို ဒီလောက်သက်ရင့်မဆိုထားနဲ့ ဝါဆိုဖယောင်းတိုင်လောက်အပင်တောင် ချမ်းသာပေးတာ မဟုတ်ဘူးကွ၊ မင်းနှယ်ဒီဘက်ခေတ် သစ်ခုတ်သမား စီးပွားရေးကြောင်ပါးတွေက သိပ်ကျွမ်းကျင်တာ. . တောင်ခါးပန်းမှာ ပေါက်နေတဲ့အပင်မျိုးကို ဆင်နဲ့ဆွဲချလို့မရရင် ဟာတ်စကီးနဲ့ချိတ်ဆွဲပြီးချတာ၊ တောမှာနေတဲ့ ငါ့အမျိုးထဲက ရုက္ခစိုးတွေ. . တချို့ တရုတ်ပြည်ရောက်တဲ့ကောင်ကရောက်၊ ထိုင်းဘက်ရောက်တဲ့ကောင်ကရောက်နဲ့ ဘယ်လိုတွေလုပ်ကိုင်စားသောက်ကြမလဲတော့ မသိဘူးကွ"

"အဘ သူတို့က ဗီဇာနဲ့သွားတာလား"

"မင်းကြီးတော် ဗီဇာရမလား သူတို့နေတဲ့အပင်ကို ခုတ်ပြီးယူသွားမှတော့ သူတို့ပါ ပါသွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါဆို ဒုက္ခပေါ့အဘရဲ့၊ တရုတ်မှာ လူဦးရေဒီလောက်များတာ ရုက္ခစိုးတွေ သန်းနဲ့ချီပြီး ထပ်ရောက်သွားတော့ အကုန် ပြွတ်ကျပ်နေပြီပေါ့"

"အဆင်ပြေမှာကွာ၊ တရုတ်က သူများတိုင်းပြည်က သစ်ပင်တွေသာ ချမ်းသာမပေးတာ၊ သူတိုင်းပြည်ထဲက အပင်တွေကျတော့ သဘာဝပတ်ဝန်းကျင် ပျက်စီးမှာစိုးလို့ မခုတ်ဘူးလေ၊ အဲဒါကြောင့် ဒီကပါသွားတဲ့ ရုက္ခစိုးတွေ အဆင်ပြေနိုင်တယ်လို့ပြောတာ၊

အဆင်မပြေတာက ငါတို့ပဲဟေ့၊ သစ်ပင်တွေ ကုန်တော့ ရာသီဥတုလည်း ဖောက်ပြန်လာပြီ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေ များလာလို့ အရေပြားရောဂါတွေလည်း ထူကြသကွ၊ တိုင်းပြည်အခြေအနေကလည်း ရှေ့ဖြစ်ဟောတဲ့ ဗေဒင်ဆရာတွေ ထမင်းငတ်မယ့်ကိန်းဆိုတော့. . ရုက္ခစိုးလည်း ရုက္ခစိုးအလျှောက်၊ မင်းတို့တစ္ဆေတွေလည်း တစ္ဆေအလျှောက် အနေအထိုင် အသွားအလာဆင်ခြင်မှ တော်ကာကျမယ်ကွ. . ကြားလား"

"ဟုတ်ကဲ့ပါအဘ၊ ဒါပေမယ့် လူနဲ့နာနာဘာဝက ဘဝတော့ခြားပါတယ်၊ သူတို့ဘာသာ ဘာဖြစ်ဖြစ် ကျွန်တော်တို့နဲ့ အနေသာချည်းပါအဘရဲ့၊ ကိုယ့်လောဘနဲ့ကိုယ် အီးဇီးဂိုးရင်းဖြစ်ဖို့က အဓိကပါ"

"မင်းက အဲ့ဒါပဲမြင်တာကိုးကွ. . အဲ့ဒီလူ့ဘဝက လာတဲ့ကောင်တွေ ဘယ်ဘဝထဲရောက်လာသလဲ၊ မင်းရော ဘယ်ဘဝကနေ တစ္ဆေလာဖြစ်တာလဲ"

"ကျွန်တော်လား လူ့အခွင့်အရေးတိုက်ပွဲဝင်ခဲ့တဲ့ ဒီမိုက



www.burmeseclassic.com

www.burmeseclassic.com



ရေစီ ဘက်တော်သားလေ အဘ၊ ထောင်ထဲမှာ တိုက်ပွဲဝင်ရင်း သေလို့ တစ္ဆေလာဖြစ်တာ”

“အေး အဲ့ဒါပဲ၊ ငါတို့လောကဘက်ကို ကူးပြောင်းလာတဲ့သူတွေဟာ အဲ့ဒီလူလောကဇာတ်ရှုပ်ထဲကနေ ခုန်ထွက်လာတဲ့ကောင်တွေချည်းပဲ၊ ဟိုတလောက ညောင်ပင်မှာနေတဲ့ ရုက္ခစိုးနဲ့ အသစ်ရောက်လာတဲ့ ရုက္ခစိုးတို့ ပြဿနာဖြစ်ပြီး ရုံးရောက်ကုန်ကြတယ်”

“ဗျာ!. . ဘယ်လိုဖြစ်လို့တုန်း”

“အသစ်ရောက်လာတဲ့ရုက္ခစိုးက ဗိမာန်ဖယ်ခိုင်းတာလေ၊ သူက လူ့ဘဝတုန်းက ထွေအုပ်ကတဲ့၊ အုပ်လို့ရသမျှ အကုန်အုပ်ပြီး လှူတန်သလောက်လှူခဲ့လို့ ရုက္ခစိုးလာဖြစ်တာ၊ ထွေအုပ်ရုက္ခစိုးမို့လို့ ညောင်ပင်လောက်မှ သူ့အဆင့်နဲ့ ကိုက်ညီမတဲ့ကွာ. . ကြားလို့မှမတော်၊ ရုက္ခစိုး လာဖြစ်တာတောင် ကုလားထိုင် လာလုနေသေးတယ် မခက်ဘူးလား၊

အဲ့ဒါကြောင့် လူ့လောကနဲ့ ပရလောက အညမည သဘောတရား မေ့ထားလို့မရဘူး၊ မဆိုင်ဘူးလို့မပြောနဲ့ ငါတို့ စတုမဟာရာဇ်နတ်လောကက ပိုတောင်ရှုပ်ထွေးသေး၊ အထက်အလွှာတွေသေလို့ ရောက်လာတဲ့ကောင်က ခပ်များများဆိုတော့ ပါဝါဟမ်းဂရီးတွေချည်းပဲကွ. . ချီးပဲ”

“အဘ. . အဘပြောရင်းနဲ့ နိုင်ငံရေးတွေပါကုန်ပြီနော်”

“ပါတော့ဘာဖြစ်သတုန်း. . ငါကအမှန်ပဲပြောတာ၊ အမှန်တရားဆိုတာ ခါးတယ်ကွ၊ အဲ့ဒါကြောင့် တမာပင်စောင့်ရုက္ခစိုးဖြစ်နေတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျွန်တော်လည်းထောက်ခံတယ်၊ ငပေတိုးကို ပရလောကသားတွေ ချောင်ထိုးချင်တာ အမှန်တွေပြောလွန်းလို့ အဘရဲ့. . ."

"ဟ. . အမှန်တရားဆိုတာ ပြောကောင်းတယ်ကွ"

"ဟုတ်တယ် ကျွန်တော်ကတော့ ပြောတယ်၊ အဘစဉ်းစား ကြည့် ကွင်းပိုင်ကြီးအုပ်စုဆိုရင် ဘယ်တစ္ဆေမှ မလှန်ရဲဘူး၊ ကွင်းပိုင် ကြီးပါဝါနဲ့ အနိုင်ကျင့်လား ကျင့်ရဲ၊ အပိုင်နယ်ချဲ့လား ချဲ့ရဲ၊ တစ္ဆေ ကျောမွဲ ပရတန်းစားတွေ သိမ်းနဲ့ချီပြီးရှိနေပစေ၊ အဲ့ဒီနေရာကို သူတို့လိုချင်ရင် ကွင်းပိုင်ကြီးအာဏာနဲ့. . . ကျူးကျော်လို့ အမည် တပ်ပြီး အကုန်မောင်းထုတ်ပစ်တာ၊ ပြီးရင် ကွင်းပိုင်ဧရိယာ မကျူး ကျော်ရဆိုပြီး ဆိုင်းဘုတ်ထောင်ပစ်လိုက်တယ်၊

ကွင်းပိုင်မီဒီယာကလည်း ပရလောကဘဏ္ဍာနဲ့ ချဲ့ချင် တိုင်းချဲ့၊ လိမ်ချင်တိုင်းလိမ်ပြီး သူတို့အာဏာစက် ဖြန့်ကြက်ရေးအ တွက် အသုံးချတယ်ဗျာ၊ လူ့လောကမှာတောင် ပွင့်လင်းမြင်သာတဲ့ ခေတ်ကို ဖော်ဆောင်နေပြီ. . ပရလောကယကကောင်တွေ ပရ သားတွေကို အမှောင်ချတဲ့သောက်ကျင့်ကို မဖျောက်နိုင်သေးဘူး ဗျ၊ ဒါ ကွန်ဆာဗေးတစ်ပဲ. . တစ်ကမ္ဘာလုံး လစ်ဘရယ်ဝါဒကို ထူ ထောင်နေပြီး. ."

"ဟော့ကောင်တွေ သောက်စည်းကမ်းမရှိတဲ့ကောင်တွေ"

အသံသြောကြီး ဖြတ်ဝင်လာလို့ ငပေတိုးတို့ စကားပြတ် ပြီး အသံလာရာဆီ လှည့်ကြည့်ကြတယ်။ တောင်ဘက်ခရေပင်ခွ ကမို့လို့ ခရေပင်စောင့်ရုက္ခစိုး အိပ်မရလို့ ထအော်တာဆိုတာ ရုက္ခစိုးကြီးသိပြီ။



www.burmeseclassic.com

www.burmeseclassic.com


"ကဲ. . ကဲ. . ငပေတိုး အိပ်ရာပြင်တော့ အဲ့ဒီကောင်က ခေတ်ကြမ်းပေါက်ကျိုးထဲကနေ တိုးထွက်လာပြီး ဟိုပြုတ်သွားတဲ့ ပါတီကြီးမှာ လူကြီးဖြစ်ရာက သေလို့ ရုက္ခစိုးဖြစ်တဲ့ကောင်ကွ. . ငါ သိပ်စကားမပြောချင်ဘူး"

"ဟုတ်ကဲ့အဘ ခြင်ဆေးခွေထွန်းဦးမလား"

"တော်ပါတော့ကွာ ခြင်ဆေးနံ့ကြောင့် ခြင်ရောရုက္ခစိုးပါ မူးသွားမှ ခြင်ကိုက်သက်သာတာ. . ဘာမှမထူးဘူး ခြင်ထောင်ပဲ ထောင်လိုက်"

"ဟုတ်ကဲ့အဘ"

၄. ၄. ၄. ၄.



"ရှိ. . ရှိ. ."

"ငါတို့လောက xxx ငါတို့ဘဝမှာ ဘယ်ကလာလာ xxx ဒီနေရာရောက် ဒီစိတ်ပေါက်ရင် xxx နောက်ချန်အတိတ် နေ့ရက် မှာချိတ်ခဲ့ xxx ပစ္စက္ခမှာ ဘာတွေလုပ်မလဲ xxx ရှိ. . ရှိ xxx


www.burmeseclassic.com

www.burmeseclassic.com



ငါကသရဲပဲ ဖြစ်ခဲ့ခြောက်လှန့် XXX သူများလန့်ရင် ကျေနပ်တယ်လား. . .

သွားသေလိုက်ကွာ XXX တစ္ဆေဆိုတာ နေရာမှားပြီ ကားခနဲ ငရဲကျ XXX ငရဲဘဝဆိုတာ သေချာနေပြီ XXX မရေရာမသေချာ နေစရာနတ္ထိ ဘာမှမရှိတာသေချာနေပြီ XXX သဘာဝအသိ ဘာမှမရှိရင် ရှိအောင်လုပ်ကြ XXX ကိုယ့်ဒုက္ခကို ဘယ်လိုသိမ်းမလဲ XXX ဘယ်လိုထိန်းမလဲ ဘယ်လိုတိမ်းမလဲ XXX ငပိန်းတစ္ဆေ မင်းဖြစ်နေမလား XXX ဟား XXX ဟ XXX ငါကတော့နိုးအဆိုးအကောင်း ကျိုးကြောင်းဆက်စပ် တစ္ဆေဒဿန ငါဖွင့်ချပြီ XXX သင့်နှလုံးသားကို ဖြစ်လိုက်ပါ XXX ရှိ XXX ရှိ XXX အိုXXX ဘာဒွဲ XXX ရှိ. . . ရှိ XXX ”

“ဟိတ်ကောင်!”

နားကွဲမတတ်အော်သံကြီးကြောင့် ငပေတိုး အဆိုရော အကပါ ရပ်ပြီး လှည့်တယ်. . ။ ဒီနေ့ ရုက္ခစိုးကြီး ခရီးသွားနေတုန်း လွတ်လွတ်လပ်လပ် ကဲနေရာတာခင်ဗျ။

“ဘာ. . ဘာကိစ္စလဲဗျ၊ အိမ်ရှင်တွေမရှိ. . အဲ. . အဲ. . ရုက္ခစိုးကြီး မရှိဘူး”

“သူ မရှိလည်း မင်းရှိနေတာပဲ. . မင်းတို့အပင်က လုပ်အားပေးတစ်ယောက် စာရင်းပေး”

ဘယ်လိုကြည့်ကြည့် ဘာရုပ်မှမပေါက်တဲ့ တစ္ဆေကောင်က ဟိန်းလားဟောက်လားနဲ့ ပြောလာလို့ ငပေတိုး နည်းနည်းအချဉ် ပေါက်သွားပြီး. . ။

“နေစမ်းပါဦး မင်းဘာအကောင်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ရာပင်မှူးကွ"

"ဘာ. . ဘာမှူး. . ."

"ရာပင်မှူး. . ရာပင်မှူး. . . အပင်တစ်ရာကို အုပ်ချုပ်တဲ့ ရာပင်မှူးကွ"

"ဟင်း. . မင်းတို့ဟာကလည်း ဘယ်ဘဝရောက်ရောက် လွတ်ကိုမလွတ်ပါလားကွာ. . ငါ့နှယ်၊ ဘာလုပ်အားပေးလဲ. . ဘာလုပ်ရမှာလဲ. . ဘယ်တော့လဲ. . ဘယ်အချိန်လဲ"

ဆိုတော့ကာ ရာပင်မှူးတစ္ဆေက. . .

"ဒီနေ့ည (၁၂)နာရီကျော်တာနဲ့ ကွင်းထဲမှာ စုရပ်လုပ်မယ်၊ ကွင်းပိုင်ကြီးသွားတဲ့လမ်းမှာ လူတွေ တဲလာထိုးပြီး နေနေကြတာ များနေပြီ၊ ကြာရင် ကွင်းပိုင်ကြီးပါ ဘုံပျောက်တော့မယ်၊ အဲ့ဒီလူတွေကို ငါတို့က အင်အားသုံးပြီး ခြောက်လှန့်ထုတ်ပစ်ရမယ်ကွ"

ပြောပြီးနောက်တစ်ပင်ဆီ ကော့လန်ကော့လန်နဲ့ ထွက်သွားတဲ့ ရာပင်မှူးဆိုတဲ့တစ္ဆေကို ငပေတိုး ဘုကြည့်ကြည့်လိုက်တယ်။

အဲ့ဒီနောက် မကြားတကြားအသံနဲ့. . .

"အေးပါ တီးလုံးပြောင်းနေပြီ ကကြိုးမပြောင်းချင်သေးတဲ့ မင်းတို့ကောင်တွေ ဘယ်တော့စင်ပေါ်က ဆောင့်ကန်ချခံရမလဲဆိုတာကြည့်နေ. . ."

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com




ရာပင်မှူးပြန်သွားပြီးကတည်းက တစ်နေကုန် သုန်မှုန်နေတဲ့ ငပေတိုးကို အပြင်ကပြန်လာတဲ့ ရုက္ခကြီးလှမ်းကြည့်ပြီး အံ့ဩသွားတယ်။ အမြဲတမ်း ဖြတ်လတ်ပြီး တက်ကြွနေတဲ့အကောင် အပင်ခွကြားမှာ မှိုင်နေတယ်ဆိုတော့. . .

"ဟေ့. . ငပေတိုး"

"ဟာ. . အဘ ပြန်လာပြီလား"

"အေးကွ. . . လမ်းမှာ ကားတွေကလည်း ပိတ်ကျပ်နေတော့ သွားလာရတာ မလွယ်ပါဘူးကွာ၊ လမ်းမှာအချိန်ကုန်ပြီး စိတ်ပင်ပန်းတဲ့ဒုက္ခက ပိုဆိုးသကွ၊ ရေနွေးလေး လုပ်စမ်းပါဦး"

"ဟုတ်ကဲ့အဘ. . အပေါ်မှာလား အောက်မှာလား"

"အောက်ကိုယူလာခဲ့"

ငပေတိုး ရေနွေးနဲ့ စားစရာအမြည်းလေး ပြင်ဆင်ပေးရင်း ဘေးမှာဝင်ထိုင်လိုက်တယ်

"ဒီနေ့ ဘာထူးသေးလဲ"

"ရာပင်မှူးဆိုတဲ့ကောင် လာတယ်. . လုပ်အားပေးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ဘာအတွက်တုန်း"

"ကွင်းပိုင်ကြီး လမ်းပေါ်မှာလာပြီး တဲထိုးနေတဲ့ကျူးကျော်တွေကို မနေနိုင်အောင် ခြောက်လှန့်ပေးရမယ်တဲ့"

"ဘယ်တော့လဲ"

"ဒီည အဘ"

ရက္ခစိုးကြီး သက်ပြင်းချပြီး ရေနွေးသောက်တယ်တယ်။

ပြီးမှ. . .

"အေးကွာ. . သွားပြီး လုပ်စရာရှိတာ လုပ်ပေးလိုက်ကွာ၊ ပြဿနာမဖြစ်စေနဲ့"

"ဒါပေမယ့် ကျွန်တော်မလုပ်ချင်ဘူးအဘရာ၊ တစ္ဆေဆိုတာ ခြောက်လန့်တတ်တဲ့အလုပ်ကတော့ ရိုးရာအလုပ်ပါပဲ၊ ခက်တာက သူတပါးကို အကြောက်တရားနဲ့ အနိုင်ယူလွှမ်းမိုးတဲ့အလုပ်မျိုး ကျွန်တော်အရမ်းမုန်းတယ်၊ ကျွန်တော်က ဘယ်သူ့မှလည်း ခြောက်လန့်ချင်ဘူး၊ ကိုယ့်ကိုလည်း လာမခြောက်နဲ့ မကြိုက်ဘူး"

"အေး. . . အဲ့ဒါ မင်းရဲ့စရိုက်၊ အများနဲ့လုပ်ရမယ့်အလုပ်ကတော့ ကိုယ့်စိတ်ကြိုက် မဖြစ်နိုင်ဘူးကွ၊ လောလောဆယ် ဝတ္တရားအရ လုပ်ရမှာပဲ၊ အမှန်အတိုင်းပြောရရင် ငါလည်းမကြိုက်ပါဘူး၊ မင်းရှေ့က ငါ့ဆီမှာ သရဲတစ်ကောင်နေဖူးတယ်၊ အပင်အောက်ကဖြတ်သွားတဲ့သူတိုင်းကို ခြောက်ပြီး. . လူကကြောက်ပြီး ပြေးရင် သူသဘောကျတယ်လေ. . ၊ ငါသဘောမကျလို့ အဲ့ဒီကောင်ကို မောင်းထုတ်ပစ်လိုက်တယ်၊ အလကား. . အရေမရအဖတ်မရ"

"ဟုတ်တယ် အဘ၊ ကျွန်တော်စိတ်နဲ့ အဘစိတ်က တူတယ်၊ ကံမကောင်း အကြောင်းမလှလို့ တစ္ဆေဖြစ်ပါတယ်ဆိုမှ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့ စိတ်မွေးနေရင် အမွေးတွေပေါက်ကြီး အစွယ်တွေ
သာ ကောက်ကွေးသွားမယ် တစ္ဆေဘဝက ဘယ်တော့မှကျွတ်မှာ
ဟုတ်ဘူး"

"သိပ်မှန်တာပေါ့ကွာ တစ္ဆေတိုင်း မင်းလိုစိတ်ကောင်း
ထားနိုင်ရင် ပရလောကကြီးက တကယ့်ကို နေပျော်စရာကြီးပေါ့
အေး. . အေး. . လောလောဆယ် ဝတ္တရားအရ လုပ်ပေးလိုက်ပါ
ဦးကွာ"

"ဟုတ်ကဲ့အဘ၊ ဒါဆို ကျွန်တော်သွားတော့မယ်"

"သွား. . သွား. . ငါလည်းပင်ပန်းလို့ နားလိုက်ဦးမယ်"

ဌ ဌ ဌ ဌ



အဝေးကလှမ်းကြည့်ရုံနှင့်တင် ရုတ်ရုတ်သည်း
သည်း မြင်နေရတဲ့ တစ္ဆေလုပ်အားပေးအဖွဲ့ကို ငပေတိုး စိတ်ပူ
နေမိတယ်။

ကွင်းကြီးရဲ့ပတ်ပတ်လည်မှာလည်း ရုံးတွေ၊ ရုံးတွေဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



း. . . အများကြီးပါပဲ။

တစ္ဆေသရဲဆိုတာ ဟိုတုန်းက တောပုန်းခါးပြဘဝနဲ့ ဘာ
းလို့လဲ၊ အရေအတွက်ကလည်း နည်းသေးတော့ ဒီလိုပဲ ရေ
ကြည်ရာမြက်နုရာ နေနေကြရတာပါ။ ခုတော့ တစ္ဆေသရဲတွေက
ည်း များပြားလာ၊ ခေတ်ကာလကလည်း ပြောင်းလဲလာလို့လား
သိဘူး. . တစ္ဆေအင်ဂျီအိုအဖွဲ့တွေဆိုတာလည်း မနည်းဘူး။

ဘာခေါင်းစဉ်နဲ့ ဘာတွေလုပ်ကြတယ်ဆိုတာ ငပေတိုး
ိုက်စဉ်းစားလို့တောင် မမီဘူး ထင်သဗျ၊ လောလောဆယ်
ရလောကသားတွေက 'ရုံးပေါက်'လို့ခေါ်တဲ့ ဟောဒီဘောလုံး
ွင်းကြီးပဲ ကြည့်ပါဦးတော့၊ ကွင်းပိုင်ကြီးရဲ့ဂေဟာကို ဖယ်လိုက်
င် ဒီဘက်မှာ တစ္ဆေမှုဖူလုံရေးအသင်း၊ နာနာဘာဝအုပ်ချုပ်ရေး
း ရစ်ကုတ်လို့ခေါ်တဲ့ တစ္ဆေတရားရုံး၊ တစ္ဆေထိန်းတပ်ဖွဲ့ရုံး၊
ာရုံး. . ညာရုံး. . အိုး. . စုံလို့. . စုံလို့. . .။

ကွင်းရဲ့ဒီဘက်ခြမ်းကိုလည်း ကြည့်လိုက်ဦး၊ ပြိတ္တာများတိုး
က်ရေးပါတီ(ပရပြည်)၊ သရဲထီးများဖွံ့ဖြိုးရေးနှင့် သရဲမများ
တင့်ရှောက်ရေးပါတီ၊ တစ္ဆေဒီမိုကရေစီပါတီ၊ သဘက်ခရက်တစ်
ီ၊ မှင်စာစည်းလုံးညီညွတ်ရေးပါတီ၊ တောတစ္ဆေလွတ်မြောက်
ရေးတပ်ဦး၊ ဖုတ်ဘီလူး မျိုးဆက်သစ်ပါတီ၊ ဘာပါတီ. . ညာပါတီ
ာပါတီတွေ အများကြီးမှအများကြီး. . .။

သူ တမာရုက္ခစိုးဆီ မရောက်ခင်တုန်းက ပါတီတစ်ခုက
ာပြီးစည်းရုံးသေး၊ မင်းရဲ့အပင်ခြေအကိုင်းမဲ့ဘဝက လွတ်
မြောက်ချင်ရင် ငါတို့ပါတီထဲဝင်လိုက် ပါတီဝင်ကတ်ပြားကိုတောင်
ှိုးကတ်ထူစက္ကူနဲ့ ကိုင်ရမှာမဟုတ်ဘူး စမတ်ကတ် ကိုင်ရမှာ၊



www.burmeseclassic.com

www.burmeseclassic.com



နေစရာ သစ်ပင်ပေးမယ်. . . ဘာညာပေါ့. . . ။

ငပေတိုးတို့က ဒါမျိုးစိတ်ဝင်စားတဲ့ကောင်မှ မဟုတ်တ... ပါတီဝင်ဖြစ်သွားရင် အဲဒီပါတီရဲ့ အမြင်တစ်ခုပဲမြင်မယ်၊ ဘ... ပါတီမှမဝင်တော့ အားလုံးကိုဖြန့်ကြက်ပြီး မြင်နိုင်တယ်။ ဘယ်... မှ အားနာနေစရာမလိုပဲ လွတ်လွတ်လပ်လပ် သုံးသပ်နိုင်တ...

ငပေတိုးက ဒီလိုတစ္ဆေမျိုးဆိုတော့ ပါတီတစ္ဆေတွေနဲ့ န... နည်းလိုင်းကွဲတယ်ပေါ့၊ အဲဒါကြောင့်လည်း မကြီးပွားတာလို့ ... သပ်လို့ရတယ်ခင်ဗျ၊ သူနဲ့အတူတူ တစ္ဆေဖြစ်လာတဲ့ကောင်တွေ... တစ္ဆေလူကြီးတွေ အဖွဲ့အစည်းတွေနဲ့ သင့်မြတ်အောင်ပေါင်း... နေရာတွေရ၊ အခြေတကျတွေတောင်ဖြစ်လို့၊ သူတစ်ကော... ဟိုဟာမှန်တယ်. . ဒီဟာမှားတယ်နဲ့ တော်ကီလျှောက်ပွားနေ... သောက်မြင်ကပ်ပုဒ်မနဲ့ ချောင်ထိုးခံထားရတာ။

ဒီကြားထဲ အနေအထိုင်မတတ်ပဲ အမှန်တရားဘက်... ဝင်ဝင်ရပ်ပြီး တစ္ဆေဘာမထီလိုလို ဘာလိုလိုဝင်လုပ်တော့ ... ထုတ်ခံရရော၊ သတင်းမီဒီယာတွေကလည်း ငပေတိုးကို သော... ကျင့်မကောင်းတဲ့ကောင်လိုလို ဘာလိုလို သတင်းလွှင့်လိုက်တော... ငပေတိုးကို ဘယ်သူမှလက်မခံရဲကြဘူး၊ အဲသလိုနဲ့ ထိုထို့ထိ... သွားရင်း တမာပင်ရုက္ခစိုးမင်း ကျေးဇူးရှင်နဲ့တွေ့မှပဲ အိမ်တော်... ကျွန်ရင်းကြီးဘဝနဲ့ အခစားခွင့်ရလိုက်တာလေ။

ဒါလည်း စေတနာအကျိုးပေးတာပါပဲ. . သူ တမာ... အောက်ရောက်လို့ အပေါ်မှာညည်းသံကြားတာနဲ့ တက်ကြ... တော့ ရုက္ခစိုးကြီး ရောဂါဖြစ်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲနေတာ... အဲဒါနဲ့ ငတိုးလည်း ကြည့်မနေနိုင်ပဲ ချက်ချင်း ဆေးမြစ်တွေ ဆေး...



www.burmeseclassic.com

www.burmeseclassic.com


ချက်တွေ လိုက်ရှာပြီး ထောင်းတိုက်ပြုတ်တိုက်နဲ့ ကုတော့တာပေါ့။ ...အရင်နေခဲ့တဲ့အရပ်မှာ ဆရာဝန်တစ္ဆေတွေ၊ ဗိန္ဓောတစ္ဆေတွေဆို ...အများကြီး၊ သူနဲ့တစ်ကိုင်းထဲအိပ်တဲ့ တစ္ဆေကြီးက ရုက္ခမူ ...င်းရင်းဆေးပညာ တဖက်ကမ်းခတ် တတ်ခဲ့သူလေဗျာ။

ညအိပ်ရာဝင်ပုံပြင် အမြဲတမ်း နားထောင်နေရတဲ့ ဆေး ...မ်းတွေ ဆေးအလင်္ကာတွေက သူမသင်ရလည်း နားရေဝနေ ...တော့ ဘာဖြစ်ရင် ဘာအရွက်ကို ဘယ်လိုအုပ်ပြီး ဘယ်အမြစ်ကို ...ယ်လိုပြုတ်သောက်ရတယ်ဆိုတာ သိတော့ကာ. . ရုက္ခစိုးကြီးရဲ့ ...ာဂါဝေဒနာကို အသာလေးပဲ ကုနိုင်ခဲ့တယ်၊ အဲ့ဒီမှာ ရုက္ခစိုးကြီး ... သူ့ကိုသဘောကျပြီး အိမ်တော်ပါကျွန်ရင်း စာရင်းသွင်းလိုက် ...တော့တာဗျ။

ငပေတိုးဘဝ. . အဲ့သလို. . အဲ့သလို. . .။

"ဟော့. . ဟိုကောင်၊ မင်းက ဘယ်သူလဲ"

လှမ်းမေးသံကြားလို့ ငပေတိုး အတွေးဖြတ်ပြီး လှည့်ကြည့် ...ယ်၊ ဟန်းဖုန်းလေး ခါးချိတ်ပြီး စီးကရက်တစ်လိပ်ကို ဟန်ပါပါ ...သောက်တဲ့ တစ္ဆေတစ်ကောင်ကိုမြင်လို့ မျက်မှောင်ကြုတ်ပြီး. . .

"ကျုပ်ကိုမေးတာလား"

"အေး. . မင်းကိုမေးနေတာ"

"ကျုပ်က တမာပင်တစ္ဆေ"

ဆိုတော့ကာ ဟန်တစ်လုံးပန်တစ်လုံးလုပ်နေတဲ့ တစ္ဆေက ...ကတ်လှန်ပြီး ကြည့်လိုက်တယ်။

"ဩော်. . ရာပင်မျိုးငတေ အုပ်စုထဲက တစ်ယောက်လို့ ...ကောင်ပဲ၊ အေး. . ဟုတ်ပြီ၊ မင်းရဲ့အုပ်စုက ဟိုးက တဲတန်းရဲ့


www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်ကျတယ်၊ အဲ့ဒီမှာရာပင်မျိုးရှိတယ် သူ့ဆီသတင်းပို့ပြီး သူတာဝန်ပေးတာလုပ်. . သွား. . သွား. . နောက်ကျနေပြီ"

ငပေတိုး သိပ်ခံစားလို့မရပေမယ့်လည်း စကားအပို မပြော ချင်တော့လို့ တဲတန်းတွေအရှေ့ဘက် လျှောက်လာခဲ့လိုက်တယ်။

နွေညရဲ့အိုက်စပ်ပူလောင်မှုက မေ့လောက်မှ တစ်ခါတိုက် ခတ်လာတဲ့ လေနုအေးကို လွှမ်းမက်စေတယ်။ တစ်ဆောင်းတွင်း လုံး တာပေါ်လင်စတွေ၊ မီးသွေးအိတ်ခွံ၊ ဆန်အိတ်ခွံတွေနဲ့ ... နားဖာ ဒီနားကာနှင့် မလုံမခြုံနေခဲ့ရသမျှ နွေရောက်မှ အဲ့... မလုံခြုံမှုနဲ့ အေးအေးလူလူညအိပ်နိုင်တဲ့ ကျူးကျော်တဲတန်းလေး... လှမ်းကြည့်ပြီး ငပေတိုး ပင့်သက်ချတယ်။

လူတန်းမစေ့တဲ့လူ့ဘဝကို ဘာကြောင့်များ ကုတ်ကပ်... ဖက်တွယ်နေကြပါလိမ့်။ ညီမျှခြင်းမပါတဲ့ သင်္ချာတစ်ပုဒ်ကို ... ကြွေးဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုတည်းနဲ့ တွက်ချက်အဖြေရှာ... နေရတဲ့ဘဝ၊ ဇာတ်နာတဲ့ဝတ္ထုတစ်ပုဒ်ထဲ ခပ်မွဲမွဲအခန်းကနေ အသ... တော်ခံနေရတဲ့ဘဝ၊ အခန့်မသင့်ရင် အာဏာသား၊ ပါးကွက်ကျ... တို့ရဲ့ ရိုက်ပုတ်ချုပ်နှောင်ခြင်း ခံရသေးတဲ့ဘဝ. . ၊ မင်းသားဖြစ်ရ... တောင် စိုင်းထီးဆိုင်ရဲ့ ပလက်ဖေါင်းမင်းသား ဖြစ်နေရတဲ့ဘ... ငတ်ခြင်းနဲ့ ပြေးတန်းလိုက်တန်း ကစားရတာကိုပဲ အသက်ရှင်ခ... သေးတဲ့ဘဝ. . . ငါ့နှယ် မင်းတို့ထက်နှိုင်းစားရင် ငါလိုတစ္ဆေက... နေရာကျနေသေးပါလားကွယ်တို့ရာ. . . ။

ငပေတိုးတစ်ကောင်တည်း တဲတန်းလေးရှေ့က ဖြ... လျှောက်လာရင်း တစ်နေကုန်ဆင်းရဲပင်ပန်းမှုနဲ့ အိပ်မောကျနေ... လူတွေရဲ့ဘဝကို ကြည့်မြင်ပြီး ရင်မောလာတယ်၊ ဘယ်တုန်းက...



www.burmeseclassic.com

www.burmeseclassic.com


နေမထွက်ခဲ့တဲ့ သူတို့တွေရဲ့ဘဝမှာ ဘဝနေဝင်ချိန်ဆိုတာလည်း ရှိမှာမဟုတ်တော့။ သန်းခေါင်ထက် ညဥ့်မနက်ဘူးဆိုတာ ဒါပဲလား၊ ဆန်ကောကိုဆင်နင်းလို့ တိုးပြီးပြားမသွားဘူး ဆိုတာမျိုးလားလို့ မရေမရာတွေးရင်း . . ဒီလိုသောကနဲ့ အိပ်မောကျနေတဲ့ လူတွေကို ဒုက္ခပေးဖို့ဆိုတဲ့ဆန္ဒက ဝတ္တရားအရလုပ်ရမယ်ဆိုရင်တောင် မလုပ်တော့ဖို့ သူ့စိတ်က ဆုံးဖြတ်ချင်လာတယ်။

"ဟာ. . တော်ပြီကွာ ဒီလူတွေကို ခြောက်လှန့်ဖို့ စုရုံးကြတဲ့ အစွေတွေထဲမှာ ငါမပါဘူးကွာ၊ ခြောက်ချင်တဲ့ကောင်ခြောက်. . ငါတော့ မခြောက်ဘူး. . ."

အဲ့သလိုတွေးပြီး ရပ်ကြည့်နေတုန်း သူ့ဘေးက တဲငယ်လေးတစ်လုံးထဲကနေ အမျိုးသမီးကြီးတစ်ယောက် ထဘီရင်ရှားနဲ့ ထွက်လာပြီး တစ်ချက်သမ်းဝေလိုက်တယ်။ အဲ့ဒီနောက် သူ့ခြေထောက်ဘေးမှာ လာထိုင်ပြီး အပေါ့စွန့်ပါတော့တယ်။

စိတ်ထဲမှာ ရှောင်လိုက်ချင်တာမျိုး၊ ထခုန်ပစ်ချင်တာမျိုး ဖြစ်လာပေမယ့် သူ့ကြောင့် အမျိုးသမီးကြီး ကြောက်ရွံ့ထိတ်လန့်မှာကို မလိုလားတဲ့အတွက် အသာအံကြိတ်ပြီး ငြိမ်နေလိုက်ရတယ်။ ခြေထောက်မှာ ပူနွေးနွေးကြီး မဟုတ်လား. . .။

"အဲ. . တော့. . ."

သူ့အောက်က အမျိုးသမီးကြီးရဲ့ အာမေဍိတ်သံကြောင့် သူငုံ့ကြည့်တော့ ရှူးပေါက်နေတဲ့အမျိုးသမီးကြီးက သူ့ကိုထိတ်လန့်တကြား မော့ကြည့်တယ်။ ဒီတော့မှ သူသတိရသွားတယ်၊ တစ္ဆေတွေရဲ့ ကြီးကြပ်ကန့်သတ်မှုထဲမှာ ကျင်ငယ်ရည်ကို ရှောင်ရမယ်၊ ကျင်ငယ်ရည်ထိရင် မူလရုပ်သွင် ပေါ်လာတယ် ဆိုတာကို။



www.burmeseclassic.com

www.burmeseclassic.com


ဒုက္ခပါပဲ. . အမျိုးသမီးကြီး သူ့ကိုမြင်သွားပြီ။

အမျိုးသမီးကြီးထရပ်ပြီး သူ့ကိုကြည့်တယ်။ ပြီးမှ. . .

"နင်. . နင်. . တစ္ဆေမဟုတ်လား"

သူခုမှတော့ ငြင်းမနေတော့ပဲ ယဉ်ယဉ်ကျေးကျေး ပြန်ဖြေလိုက်တယ်။

"ဟုတ်ပါတယ်ခင်ဗျာ"

"ဟင်. . ငါသေးထိုင်ပေါက်တာကို နင်မသိလို့လား"

"သိပါတယ်. . အဒေါ်လန့်သွားမှာစိုးလို့ ငြိမ်နေရတာပါခင်ဗျာ"

"အောင်မာ တစ္ဆေကိုများ ငါကလန့်စရာလား"

"ဗျာ!. ."

ငပေတိုး တကယ်ကို အံ့သြသွားတာပါ။ တစ္ဆေမကြောက်တဲ့လူဆိုတာ ရှိကောင်းရှိမှာပါ၊ ဒါပေမယ့် ဒီလောက်ရဲရင့်လိမ့်မယ်လို့ သူမထင်မိဘူးလေ။

"အဒေါ်က တစ္ဆေမကြောက်ဘူး ဟုတ်လား"

ဆိုတော့ကာ အမျိုးသမီးကြီးက ခါးထောက်ပြီး. . .

"ဒီမှာ ငါတို့မရှိဆင်းရဲသားဘဝမှာ တစ္ဆေထက် ကြောက်စရာကောင်းတဲ့ ဒုက္ခတွေ၊ သောကတွေ၊ စိတ်ဖိစီးမှုတွေ၊ အနိုင်ကျင့်ခံရမှုတွေ၊ မတရားစော်ကားခံရမှုတွေ အများကြီးမှအများကြီး၊ နင့်လိုတစ္ဆေလောက်မပြောနဲ့ အစွယ်တစ်တောင်လောက်ရှိတဲ့ ဘီလူးကြီးကလာခြောက်လည်း. . . အဲ့ဒီအစွယ်ကို ထင်းမဆိုက်မိရင်. . ကံကောင်း"

"ဟုတ်ကဲ့ပါ. . ဟုတ်ကဲ့ပါ. . ၊ ကဲကဲ. . အဒေါ်လည်း ပြန်


www.burmeseclassic.com

www.burmeseclassic.com



အနားယူလိုက်ပါဦးဗျာ၊ ကျွန်တော်လည်း ပြန်လိုက်ဦးမယ်"

အဲဒီနောက်. . ငပေတိုး ကျောခိုင်းလှည့်ပြန်လာခဲ့တယ်။ ပြန်လာရင်းနဲ့ ရာပင်မျှုတို့အုပ်စု ဒီလူတွေကိုခြောက်လှန့်ဖို့ ပြင်ဆင်နေကြတာကို တွေးမိပြီး ရယ်ချင်လာတယ်။

ဒီပွဲကတော့ ကြည့်ကောင်းမယ့်ပွဲပဲ တစ္ဆေခြောက်လို့ လူတွေပဲကြောက်မလား. .၊ လူတွေကပြန်ခြောက်လို့ တစ္ဆေတွေကြောက်ပြီး ပြန်ပြေးမလားဆိုတာ. . . အဟတ်. . ဟတ်။

၅. ၅. ၅. ၅.



"ဟေ့. . . ငပေတိုးထစမ်း"

"ဗျာ!. . ဗျာ!. . "

"ဗျာ. . မလုပ်နဲ့ မြန်မြန်ထကွာ"

ငပေတိုး အိပ်မှုန်စုန်မွှားနဲ့ ထထိုင်ပြီး ကြည့်တယ်။

"အဘ ဘာလဲဗျ"

"ဘာလဲမလုပ်နဲ့၊ မင်းကို တစ္ဆေအုပ်ချုပ်ရေးရုံးက ဆင့်ခေါ်ထားတယ်၊ မနေ့ညက လုပ်အားပေးပျက်ကွက်မှုတဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



ငပေတိုးခေါင်းကုတ်ပြီး သစ်ကိုင်းပေါ် ခြေတွဲလွဲချထိုင်လိုက်တယ်။ ပြီးတော့. . ညကကိစ္စကို ပြန်စဉ်းစားရင်း. . .

"ခေါ်တော့လည်း သွားလိုက်တာပေါ့ အဘရာ၊ စိတ်မပူပါနဲ့"

"စိတ်ပူလို့ပြောတာမဟုတ်ဘူးကွ၊ ငါ အဲ့ဒီကောင်တွေနဲ့ မဆက်ဆံချင်တာ၊ ဈေးခံတွင်းပေါက်လောက် ထိုင်ရတာလေးကို ဂုဏ်လုပ်ပြီး သောက်ကြီးသောက်ကျယ်တွေ ပြောလွန်းလို့၊ အဲဒါကြောင့် ဝတ္တရားအရပဲ လုပ်ပေးလိုက် ပြဿနာမဖြစ်စေနဲ့လို့ မင်းကိုငါမှာလိုက်တာ"

"ကျွန်တော်လည်း ပထမတော့လုပ်ပေးမလို့ပါပဲ အဘရဲ့ ဒါပေမယ့် အဓိပ္ပါယ်မရှိတဲ့အလုပ်ဆိုတော့ ကျွန်တော်စိတ်ပျက်ပြီး ပြန်လာတာ"

ဆိုတော့ကာ ရုပ်ကွဲစိုးကြီးစိတ်ညစ်ပြီး ခေါင်းကိုတအားကုတ်ပစ်တယ်။ အဲဒီနောက် ခေါင်းကုတ်မိလို့ ရွဲ့သွားတဲ့ ဦးပေါင်းစွပ်ကို ပြန်တည့်ပြီး. . .

"ဒီမှာငပေတိုး. . . ရောမရောက်ရင် ရောမလိုကျင့်ဆိုတဲ့စကားကို မင်းကြားဖူးလား"

"ဟုတ်ကဲ့ သူ့ကျောင်းနေရင် သူ့စာအံရမယ်ဆိုတဲ့ စကားနဲ့ အဓိပ္ပါယ်တူမယ် ထင်တယ်"

"အိုးပဲ. . လျှာရှည်ပြန်ပြီ၊ အဲ့ဒီတော့ ရှေ့လျှောက် တစ္ဆေကတစ္ဆေလိုပဲနေပါ ငပေတိုးရာ၊ ဟောဒီ ဩကာသလောကကြီးမှာဘဝတွေအများကြီးရှိတယ်၊ ဘယ်ဘဝမှာနေရနေရ အဲ့ဒီဘဝနဲ့ ပတ်သတ်တဲ့ ဥပဒေနဲ့ကန့်သတ်ချက်ကိုတော့ လေးစားလိုက်နာရ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ အမှန်အတိုင်းဝန်ခံရရင် ငါလည်း ရုက္ခစိုးအစဥ်အလာကြီးကို သိပ်မကြိုက်ချင်ဘူး၊ အထူးသဖြင့် ရုက္ခစိုးနတ်မြောက်တန်ဆာတွေထဲမှာ အကျီလက်ရှည်ထူထူထဲထဲ မပါတဲ့ကိစ္စ၊ ကိုးရိုးကားယားနိုင်တဲ့ နတ်သားပုံစံကွာ၊ ဘာပဲပြောပြော ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေမှု ရှိသင့်ပြီ၊ မနှစ်ကဆောင်းတွင်းဆိုတာအားအေးတာ. . ရုက္ခစိုး နတ်ဝတ်တန်ဆာက အအေးဒဏ်ကိုအသေခံစားရတာကွ၊ ခြင်ကိုက်ဖြုတ်ကိုက်ဒဏ်လည်း ခံရတယ်၊ တီဗီထဲက အိန္ဒြာကျော်ဇင်နဲ့ သွားတိုက်ဆေးကြော်ငြာထဲက ရုက္ခစိုးဝတ်စုံလောက်ဆို မဆိုးဘူးလို့ ငါတွက်မိတယ်၊

အဲ့ဒီကိစ္စ နတ်သဘင်အစည်းအဝေးမှာ တင်ပြတော့လည်း နတ်ကြီးတွေက သူတို့အရေးကိစ္စမဟုတ်တော့ သိပ်အရေးအရာမလုပ်ကြဘူးလေ၊ ဒီတော့လည်း. . ဩော်. . ငါကုသိုလ်နည်းလို့ ရုက္ခစိုးဖြစ်ရတာ ခံပေါ့ကွာဆိုပြီး. . ရိုးရာအတိုင်း နေနေရတာပဲငပေတိုးရဲ့၊

ဒါဟာ မတရားမှုလို့ ခံစားပြီးပေါက်ကွဲရင်၊ ဖောက်ထွက်ရင်. . ဒါ ဥပဒေကိုမလေးစားတာ၊ အကြမ်းဖက်တာ၊ ဆူပူတာတို့ခေါင်းစဥ်တပ်ပြီး အရေးယူခံရတယ်၊ ဒါကိုပြုပြင်ချင်ရင် နည်းမှန်လမ်းမှန်နဲ့ ချဥ်းကပ်ရတယ်၊

နတ်ကြီးတွေရဲ့ နတ်ဝတ်တန်ဆာက ထူထဲပြီး အထပ်ထပ်လုပ်ထားတော့ အအေးဒဏ်ခံရမယ်ဆိုတာ သူတို့မသိဘူး၊ အပူဒဏ်ကိုသိတယ်၊ နတ်တွေ ချွေးပြန်ရင် သေပြီ. .၊ အဲ့ဒါကြောင့်နတ်ဝတ် အထည်ချုပ်စက်ရုံတွေကို ပိတ်စပါးပါးနဲ့ချုပ်ဖို့ အကြံဉာဏ်ပေး ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com


ဥပမာ. . . မာတင်စနဲ့ပေါ့ကွာ၊ ဇာပေါက်ဆိုလည်း အကုန်အကျများတယ်လေ၊ ဒီခေတ် ပြည်သူ့ဘဏ္ဍာနဲ့ အလှူအတန်းတွေလုပ်ပြီး နတ်ကြီးလာလာဖြစ်တဲ့ ကောင်တွေများကတော့ အရင်လို ပိုးထည်ရွှေခြည်ထိုးတွေ မတတ်နိုင်တော့ဘူး၊ ဂျင်းသား အပျော့ကနေ ဆယ်လူလာစပြောင်း၊ အခုအဲ့ဒါလည်း မကိုက်လို့ မာတင်စနဲ့ ပြောင်းပြီး ချုပ်လုပ်နေရတယ်၊

ဒါဟာ. . . ရုက္ခစိုးအအေးပတ်တဲ့ဒုက္ခကို နတ်ကြီးတွေ သိလာဖို့ အခွင့်အရေးပဲ၊ အဲ့ဒီအခြေအနေကို သည်းခံပြီးစောင့်၊ အမြန်အကောင်အထည်ပေါ်အောင် အကြံဉာဏ်ပေး၊ တွန်းအားပေးရတယ်၊

သူတို့အအေးဒဏ်ခံစားရရင်. . ဩော် ကိုယ်တွင်းအကျီမပါတဲ့ ရုက္ခစိုးမင်းတွေ ဒုက္ခပေါ့လို့. . ကိုယ်ချင်းစာတတ်လာလိမ့်မယ်၊ အဲ့ဒီတော့မှ အခြေအနေအမှန်ကို တင်ပြလိုက် ကွက်တိပဲ၊ အခု မင်းက. . တက်ကြွတဲ့ကြက်ဖလို အတောင်လေး တဖတ်ဖတ်ခတ်ပြီး လှည့်ပြန်လာတော့ ရုံးရောက်ဂါတ်ရောက် ဖြစ်ရောမဟုတ်လား၊ ဒါကြောင့် ဥပဒေကို လေးစားရမှာက နံပါတ်တစ်၊ ကိုယ့်ဆန္ဒကိုဖော်ထုတ်ဖို့က နံပါတ်နှစ်၊ ဖြစ်လာအောင် နည်းမှန်လမ်းမှန် ချဉ်းကပ်ကြိုးစားရမှာက နံပါတ်သုံးကွ ရှင်းပြီလား"

ရုက္ခစိုးကြီးမောသွားလို့ ခဏစကားဖြတ်ပြီးမှ. . .

"ငပေတိုး"

"ဗျာ"

"မင်းအခုလုပ်အားပေးမသွားတာ တစ္ဆေစည်းကမ်းကို ဆန့်ကျင်တာဖြစ်လို့ တစ္ဆေအုပ်ချုပ်ရေးမှူးတွေက မင်းမှာအပြစ်ရှိ


www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ယူဆကြမှာပဲကွ၊ အဲ့ဒီတော့ ငါမှာချင်တာ မင်းဆန္ဒနဲ့မင်း ဘဝကို တစ်ထပ်တည်းကျချင်ရင် စိတ်ရှည်သည်းခံပါ"

"ပေါက်ပြီအဘ"

"အေး. . ပေါက်ရင်သွား၊ ရုံးမှာမင်းပြဿနာကို ပြေလည်အောင် ဖြေရှင်းခဲ့"

"ဟာ. . အဘ ရုံးက ညမှဖွင့်တာလေ"

"အခုက အရေးပေါ်ကိစ္စမို့လို့ ကွင်းပိုင်ကြီးအမိန့်နဲ့ (၂၄) နာရီ ရုံးဖွင့်တယ်"

"တိန်!"

၅ ၅ ၅ ၅



"တစ္ဆေကျင့်ဝတ်ကို သိလား ငပေတိုး"

ဟင်းလင်းပြင်လိုတိတ်ဆိတ်နေတဲ့ ရုံးခန်းထဲ တစ္ဆေဂျူဒို ကြီးတွေရဲ့မျက်နှာဟာ ဆီးရီးယားသမ္မတအာဆတ်လို ပျော့ ပျောင်းညင်သာမှု အလျှင်းမဲ့နေတယ်။ ပြတ်သားတည်ငြိမ်တဲ့ မေး ခွန်းတစ်ခုက ပဲ့တင်ရိုက်စရာ နံရံမရှိပေမယ့် ကျယ်လောင်မြည်



www.burmeseclassic.com

www.burmeseclassic.com



ဟိန်းနေတဲ့အတွက် ငပေတိုးစိတ်အာရုံကို ဝါးမျိုပစ်လိုက်ပါတယ်။ ဒါပေမယ့် သတ္တိကောင်းတဲ့ငပေတိုးက သူ့ကိုယ်သူ ဗိဒယ်ကက်စ် ထရိုလို တိုက်ပွဲဝင်လျှာထိုးဦးထုပ် မဆောင်းပေမယ့် လေလွင့်နေတဲ့ ဆံပင်တွေကို လက်ထိုးသပ်တင်လိုက်ပြီးမှ တည်တည်ငြိမ်ငြိမ် ပြန် ဖြေလိုက်တယ်။

"သိပါတယ်"

"သိရင်ရွတ်ပြပါ"

ငပေတိုးစဉ်းစားနေတယ်၊ သူ့ရဲ့တစ္ဆေဘဝ ဒါပထမဦးဆုံး အကြိမ် အင်တာဗျူးလုပ်ခံရတာပဲလို့ မှတ်ယူလိုက်တယ်။

"တစ္ဆေကျင့်ဝတ်မှာ အခန်း(၃)ခန်းရှိပြီး အခန်း(၁)ကို ပုဒ်မ ဆယ်ခုနဲ့ဖွဲ့စည်းထားပါတယ်၊ အခန်း(၂)ကိုပုဒ်မ အခုနှစ်ဆယ်နဲ့ ဖွဲ့စည်းပြီး၊ အခန်း(၃)ကိုပြင်ဆင်ခွင့်ဥပဒေနဲ့ ဖြည့်စွက်ခွင့်ဥပဒေ ဆိုပြီး ကဏ္ဍနှစ်ရပ် ခွဲထားပါတယ်"

အဲဒီနောက် ငပေတိုးက အခန်း(၁)ရဲ့ ပုဒ်မဆယ်ခုကို ပုဒ်မ တစ်ခုချင်းရဲ့ အပိုဒ်ခွဲပုဒ်မငယ်တွေပါမကျန်အောင် အထစ်အငေါ့ မရှိပဲ ရွတ်ပြလိုက်တယ်။ အခန်း(၁)ပြီးတော့မှ. . .

"ကျွန်တော် အခန်း(၂)ကိုမရွတ်ပြခင် တောင်းဆိုစရာ ရှိပါ တယ်"

"ပြောပါ"

"တစ္ဆေဆိုတာ တစ္ဆေကျင့်ဝတ်ကို အလွတ်ရနေမှ တစ္ဆေ ပီသပါတယ်၊ ဒီစကားမှန်ပါသလား ခင်ဗျာ"

"သိပ်မှန်တာပေါ့ကွ အလွတ်မရတဲ့တစ္ဆေ တစ်သက်တစ် ကျွန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဒါဆိုကျွန်တော်ကို စစ်မေးနေတဲ့တစ္ဆေကြီး များလည်း ကျင့်ဝတ်ကို အလွတ်ရမယ်လို့ ထင်ပါတယ်၊ ဒါမှလည်း ကျွန်တော်တို့ တစ္ဆေငယ်လေးတွေက လေးစားကြည်ညိုရတဲ့ တစ္ဆေ ကြီးများ ဖြစ်မှာပါ"

"အောင်မာ သိပ်ရတာပေါ့ကွ၊ ရလို့ မင်းကိုစစ်ဆေးနေ တာ"

"အဲ့ဒါဆိုအခု ကျွန်တော်ရွတ်ခဲ့တဲ့အခန်း(၁)က အားလုံး မှန်ရဲ့လားခင်ဗျာ"

"မှန်တယ်လေ ဘာဖြစ်လို့လဲ"

"မှားနေလို့ပါ ကျွန်တော်ပုဒ်မ(၅)ခုလောက်ပဲ အတိအကျ မှတ်မိပြီး. . ကျန်တာ ဖြီးဖြန်းရွတ်လိုက်ရလို့ပါ"

"ဟော!. . ဟမ်!. . အဲ!. . "

တစ္ဆေကြီးတွေ ထခုန်မတတ် လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြပြီး မှုန်းမင်းစေတွေ ပျာယာခတ်ကုန်တယ်။

"ကျင့်ဝတ်ကျမ်းစာအုပ် လှန်စမ်း"

"ကျမ်းစာအုပ်က ပိဋကတ်ပြတိုက်ထဲမှာ"

"ဟာ. . သွားယူစမ်း"

"ပြတိုက်သော့က အနှစ်တစ်ထောင်ကျော်လောက်က တည်းက ပျောက်နေလို့ ဖွင့်မရဘူး"

"ဒါဆိုဘယ်လိုလုပ်မလဲ"

". . . . . . . . . . . . . ."

တစ္ဆေရုံးတစ်ရုံးလုံး အုတ်အော်သောင်းတင်း ဖြစ်ကုန်ပြီး တစ္ဆေဂျူရီကြီးတစ်ကောင်က ပါးပါးနပ်နပ်ပြန်ထိုင်ကာ တူထုသံပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"တိန်!. . တိန်!. ."

"အားလုံးနားထောင် စစ်ဆေးကြားနာခြင်းအမှုကို ရမန်ကြီးနှစ်ပတ် ရွှေ့ဆိုင်းလိုက်တယ် ရုံးဆင်းပြီး"

အပြင်မှာ တီးတိုးဝေဖန်သံတွေ တစ်ယောက်တစ်ပေါက် ဆူညံပွက်လောထလာတော့မှ ငပေတိုး လှည့်ကြည့်မိပြီး လာရောက်ကြားနာကြတဲ့ တစ္ဆေပရိသတ်တွေ မနည်းပါလားဆိုတာ သတိပြုမိသွားတယ်။ သူရုံးထဲက ပြန်ထွက်လာတော့ သူ့ကိုအထင်ကြီးလေးစားတဲ့အကြည့်တွေနဲ့ ဝိုင်းကြည့်ကြတယ်လေ။ ပြောရရင် ငပေတိုး နည်းနည်းအားတက်သွားပါတယ်။ ရက္ခစိုးကြီးရဲ့ အဆုံးအမကိုလည်း ပြန်သတိရမိတယ် ဆိုတော့ကာ. . .

ဌ ဌ ဌ ဌ



ဘာမှမဟုတ်လောက်ဘူး ဆိုပေမယ့်လည်း ငပေတိုး လုပ်အားပေးပျက်ကွက်မှုနဲ့ ရုံးတင်စစ်ဆေးတဲ့ပြဿနာက တစ္ဆေလောကမှာ အတော့်ကိုရိုက်ခတ်ပြီး ပွက်လောညံသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ာစ္ဆေဖြစ်ပြီး တစ္ဆေကျင့်ဝတ်နဲ့စည်းကမ်းကိုမသိတဲ့ တစ္ဆေတွေ ရလောကမှာ ဘယ်လောက်တောင် များပြားနေပြီလဲဆိုတာထက် ာစ္ဆေအုပ်ချုပ်ရေးမှူးကိုယ်တိုင် တစ္ဆေကျင့်ဝတ်ကို မသိကြဘူးဆို ာ့ပြဿနာက ဘယ်လိုမှ ဖုံးဖိမရနိုင်အောင်ဖြစ်ပြီး ကွင်းပိုင်ကြီးဆီ အဲ့ဒီသတင်းရောက်သွားလို့ အရေးပေါ်ညီလာခံ ခေါ်ရတဲ့အဆင့် ထိ ဖြစ်ကုန်ပါတယ်"

"တစ္ဆေကြီးများ"

"ဖျား"

"ငါ ကိုယ်တော်ကြားတဲ့သတင်းဟာ အမှန်ပဲလား"

"မှန်ပါ ဘုန်းတော်ကြောင့် ရွှေနားတော်အရောက် ပေါက် ကြားရကြောင်းပါ"

"အိမ်း. . ငါကိုယ်တော် တုန်လှုပ်မိတယ် မောင်မင်းများ ရဲ့"

"မှန်ပါ"

"ဒီလိုသာဆို ပရလောကကြီးက စည်းမဲ့ကမ်းမဲ့ ဖြစ်မကုန် ဘူးလား"

"ဖြစ်နိုင်ကြောင်းပါဖျား၊ သို့ပါသောကြောင့် အုပ်ချုပ်မှုပိုင်း အကွပ်အညှပ်တင်းအောင် ကွင်းပိုင်မင်းကြီးကိုယ်တိုင် ကျင့်ဝတ်ကို ခေါ်ယူစစ်ဆေးသင့်ကြောင်းပါ"

"ကောင်းပြီ. . ဒါ့ထက် မောင်မင်းတို့ကို စစ်ဆေးရင်ကော ရနိုင်သလား"

"မှန်ပါ. . သက်တော်ရှည်တစ္ဆေကြီးများဖြစ်၍ မှတ်ဉာဏ် များနည်းပါးလို့ မေ့ကုန်ကြပါပြီဖျား"



www.burmeseclassic.com

www.burmeseclassic.com


"ဟမ်!. . မောင်မင်းတို့ကစပြီး မေ့ရသလား၊ ငါကိုယ်တော်က အစီအမံအကွပ်အညှပ်တွေများလို့ အဲ့ဒါကိုမေ့တယ်ဆို ခွင့်လွှတ်နိုင်သေး. . "

"မှန်ပါ. . ကျွန်တော်မျိုးကြီး မသေသင့်သေးပါဘူး ခင်ဗျ"

"ခက်တာပဲ အဲ့ဒီပြဿနာဘယ်လိုလုပ်ကြမလဲ၊ တစ္ဆေကျင့်ဝတ်နဲ့စည်းကမ်းဆိုတာ တစ္ဆေလောကရဲ့ အသက်ဝိညာဉ်ပဲ၊ ဒါကို ဖော်ဆောင်ရမယ်ကွဲ့. အကြံဉာဏ်ပေးကြစမ်း"

"မှန်ပါ အဟောင်းကိုပြန်တူးဖော်ဖို့ ခဲယဉ်းသည့်အတွက် အသစ်ပြန်လည် ရေးဆွဲသင့်ကြောင်းပါ"

"အိမ်း. . အဲ့ဒီအကြံလျော်ကန်တယ် ဘယ်လိုစီမံကြမလဲ"

"ကျွန်တော်မျိုး လျှောက်တင်ချင်ပါတယ်"

အသံက ညီလာခံခန်းမ၏ ဟိုးနောက်ဆုံးမှ ထွက်တဲ့အသံဖြစ်လို့ အားလုံးခေါင်းလည်ပြီး ကြည့်ကြရာကြတယ်။ အဲ့ဒီအခိုက် ကွင်းပိုင်ကြီးက. . .

"ဟဲ့. . ဘယ်သူလဲ ရှေ့တော်ဝင်ပြီး ခစားစမ်း"

ဒီတော့မှ ငပေတိုး ဦးညွှတ်ဝတ်တွားပြီး ကွင်းပိုင်ကြီးရှေ့မှာ ခစားဝင်လိုက်တယ်။

"မောင်မင်းကဘယ်သူတုန်း"

"မှန်ပါ. . တစ္ဆေတို့ရဲ့သခင် ဘဝရှင်ကွင်းပိုင်ကြီးရဲ့ အာဏာစက်အောက် ပြားပြားမှောက်ခစား အခွန်များအထမ်းမပျက် လုပ်အားပေးတစ်ရက်သာလျှင် ပျက်ကွက်ပြီး အရှင်ရဲ့ရွှေလက်တော် နေထွက်တိုင်း ရှစ်ခိုးနေတဲ့ ငပေတိုးပါခင်ဗျာ"

ကွင်းပိုင်ကြီး သဘောအကျကြီး ကျသွားဟန်နှင့် ပြုံးပြုံးကြီး


www.burmeseclassic.com

www.burmeseclassic.com



သုပ်ပြီး. . .

"အိမ်း. . အိမ်း. . ငပေတိုးတစ္ဆေက ဘာများလျှောက်တင်ချင်လို့တုန်း"

"မှန်ပါ တစ္ဆေကျင့်ဝတ်နဲ့စည်းကမ်းကို နည်းလမ်းတကျ ခက်မသုံးဖြာ လျှောက်တင်ချင်ပါတယ်ခင်ဗျား"

"ကောင်းပြီ မောင်မင်း. . . ဟဲ့ စားရေးတော်ကြီး"

"မှန်ပါ"

"သူပြောသမျှ လိုက်ရေးမှတ်ကြစမ်း"

"အသင့်ရှိကြောင်းပါ"

"ကိုင်း. . ကိုင်း. . ပြောစမ်းငပေတိုး"

ငပေတိုး လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီးမှ. . .

"မှန်ပါ တစ္ဆေရဲ့သခင်. . တစ်ရာ့တစ်ပါးသော ကွင်းပိုင်တို့ ရဲ့အရှင် ဘဝရှင်ကွင်းပိုင်မင်းကြီး၏ မေတ္တာကရုဏာတော်တို့ကို ရေလောကသားအပေါင်းတို့ကျိုးနွံစွာ ရစေခြင်းငှာ. . ဤသို့ ဥပဒေ ပြုသင့်ပါတယ်ခင်ဗျား. . .

အခန်း (၁). . .

အပိုဒ်(၁). . . တစ္ဆေသည် အကုသိုလ်အမွေခံ စံရာဘဝ ဖြစ်ကြောင်း သိရမည်။

အပိုဒ်(၂). . . လောကအလိုအရ တစ္ဆေဘဝသည် အငွေ့ သာရှိ၍ အတွေ့ဟူသော ခံစားမှုကို ရှောင်ရမည်။

အပိုဒ်(၃). . . အကုသိုလ်အမှု ပြုမိသူများ ဖြစ်ရကား အကုသိုလ်တရား ပွားစေသော ခြောက်လှန့်ခြင်း၊ အတိတ်နိမိတ် အိပ်မက်ဆိုးများပေးခြင်း၊ ဖမ်းစားပူးကပ်၊ အထပ် အမြှုံ အပူကို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေရသော အမှုအား ရှောင်ရှားရခြင်း၊

အပိုဒ်(၄)... ကုသိုလ်ပြုရာအရပ်ရှိလျှင် ကြားလျှင် ပေး လောကအားလုံး မြင်အောင် ကွင်းပိုင်မီဒီယာမှ အချိန်နှင့်တပြေ ညီ အသိပေးကြေညာခြင်း၊ ပို့ဆောင်ခြင်း...

အပိုဒ်(၅)... တစ္ဆေဘဝသည် ဘဝရှင်မင်း၏ အချုပ်အ ခြာအာဏာအောက်မှာလွတ်လပ်စွာရှိစေပြီး တန်းတူသောအခွင့် အရေးရှိနေခြင်း...

အပိုဒ်(၆)... တစ္ဆေအချင်းချင်း အနိုင်အထက်ပြုကျင့်မှု ကို ပြင်းထန်စွာ အရေးယူခြင်း...

အပိုဒ်(၇)... အနေအထိုင် အစားသောက် မျှဝေထော ရှုပြီး လုယက်မှုကင်းသော အချင်းမများစေခြင်း...

အပိုဒ်(၈)... ဘဝခြားနေသော အခြားတစ်ပါးသော လောကကိုရှောင်ခြင်း၊ အနှောင့်အယှက်မပြုခြင်း စတဲ့ ဥပဒေခန်း များဟာ တစ္ဆေများရဲ့ အခြေခံမူဝါဒလို့ အရဲစွန့်ပြီး လျှောက်တင် ပါတယ်ခင်ဗျား"

"အိမ်း... ကြားရသလောက် လျော်ကန်ပေတာပဲ၊ အိမ် ဆက်ပြီးလျှောက်တင်စမ်း"

"မှန်ပါ ဘုန်းတော်ကြောင့် အခန်း(၂)ကို အရှင်မင်းကြီးရဲ့ လက်ရုံးအုပ်ချုပ်မှု ရုံးသုံးဥပဒေများ ဖြစ်ပါတယ်ခင်ဗျား"

အဲ့ဒီနောက် ငပေတိုးက သူ့ရဲ့တစ္ဆေဘဝ တစ်လျှောက်လုံး အောင့်အည်းမျိုသိပ်ထားရတဲ့ 'ဂိုစ်ရိုက်'တွေ စနစ်တကျ အန်ထုတ် ပြီး စီကာရီကာနဲ့ အခန်း(၃)ပြီးသည်အထိ ရှည်လျားစွာ လျှောက် တင်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ငပေတိုးစကားသံ ဆုံးတာနဲ့ ကွင်းပိုင်မင်းကြီး အားပါးတရ ဖြစ်ကာ. . .

"ဟေး. . ဟေး. . ဟေး. . တော်လိုက်တဲ့ငပေတိုး၊ စီရင်ချက်ချမယ် နာခံစေ"

ကွင်းပိုင်မင်းကြီး မိန့်မှာသံကြောင့် ညီလာခံကြီးတစ်ခုလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားတယ်။

"အဟမ်း. . . မောင်မင်းတစ္ဆေကြီးများ"

"ဖျား"

"ဒီနေ့ ငပေတိုးလျှောက်လဲချက်ကို ငါကိုယ်တော်နှစ်မြို့က်တော်မူတယ်. . ဘယ်သူများကန့်ကွက်ချင်သလဲ"

"ဘုန်းတော်ကြောင့် မကန့်ကွက်ရဲပါဖျား"

"အိမ်း နာခံစေ၊ ဒီကနေ့ ငပေတိုးလျှောက်တင်ချက်အားလုံးကို တစ္ဆေကျင့်ဝတ်စည်းကမ်းအဖြစ် သတ်မှတ်စေ၊ ဥပဒေပြုလိုတ ဤအချင်းအရာကို ငပေတိုးဖြတ်ထုံးဟု ခေါ်တွင်စေပြီး ဥပဒေပြုစေ၊ အစဉ်အလာအရ. . ဥပဒေပြုသူ၏ ဥပဒေစဉ်အား အမြဲဖောက်မပျက် ထောက်ကွက်ဟူက မဖြစ်စေရန် ဥပဒေပြုသူကို ကွပ်မျက်၍ ငပေတိုးဖြတ်ထုံး ဗိမာန်စိုက်တည်စေ"

ငပေတိုး လန့်ပြီးထပြေးမယ်လုပ်တော့ သက်တော်ရှည်တစ္ဆေကြီးများနဲ့ ဝန်မင်းတစ္ဆေတွေက ဝိုင်းချုပ်ဖမ်းဆွဲကာထားတယ်။

"ဘာ. . . ဘာလုပ်တာလဲဗျ လွှတ်ပါဗျ"

အဲဒီအခါမှာ ကွင်းပိုင်ကြီးက. . .

"တစ္ဆေကလေးငပေတိုး ဒါဟာ တစ္ဆေလောကရဲ့ဂုဏ်ထူး


www.burmeseclassic.com

www.burmeseclassic.com



ဆောင်အလုပ်ဖြစ်တယ်၊ မရှိန်းပါနဲ့ အသာတကြည် ကွပ်မျက်ခံ လိုက်ပါ"

"မဖြစ်နိုင်ပါဘူး အရှင်၊ ကျေးဇူးပြုပြီး ကယ်တင်ပေးပါ"

"ငပေတိုး. . . တစ္ဆေစိတ်ဟာ မျောက်စိတ်လိုပဲ မငြိမ်ဘူး မောင်မင်းထုတ်ပြန်တဲ့ကျင့်ဝတ်ကို မောင်မင်းပြန်ဖောက်ဖျက်ရင် ဒီကျင့်ဝတ်ဟာ အသုံးမတည့်တော့ဘူး၊ အဲ့ဒါကြောင့်. . အမြဲအ သုံးတည့်အောင် ဘယ်တော့မှလည်း မဖောက်ပြန်နိုင်အောင် ဥပဒေပြုပေးတဲ့ပုဂ္ဂိုလ်ကို အပြတ်ရှင်းလိုက်ရတယ်၊ ဒါမှ နောင်လာ နောင်သား တစ္ဆေအများကို မောင်မင်းစံပြုပေးတဲ့ဥပဒေနဲ့ မဖောက်မပြန်အမှန် တိုင်းအုပ်ချုပ်နိုင်မယ်၊ ကိုင်း. . အမိန့်တော် အတိုင်း စီရင်ကြပေတော့"

ငပေတိုး ဒီထက်ပိုပြီးဘယ်လိုမှ အပြောင်းအလဲမဖြစ်နိုင် တော့မှန်းသိလို့ ရှုန်းကန်မှုတွေအားလုံး ပျော့ခွေကာ ငြိမ်ကျသွား တယ်။ တာဝန်ရှိတဲ့တစ္ဆေကြီးတွေ ဆွဲခေါ်ရာနောက် တရွတ်တွဲပါ သွားရင်း ရင်ထဲကနေ ချစ်ခင်ရင်းနှီးရှိလှတဲ့ ရုက္ခစိုးကြီးကို မြင် ယောင်ပြီး ကန်တော့လိုက်တယ်။

"အရှင်ရုက္ခစိုးကြီးရေ ကျွန်တော်ကိုကယ်တင်ပါလို့ မပူ ဆာတော့ပါဘူး၊ အခွင့်အရေးဆိုတာ တိုက်ယူရတဲ့အချိန်ရှိသလို စောင့်ယူရတဲ့အချိန်ဆိုတာလည်းရှိတယ်၊ အဲ့ဒါကို ပညာဉာဏ်နဲ့ ပိုင်းခြားဆင်ခြင်ရတယ်တဲ့၊

မှန်ပါတယ် ရုက္ခစိုးကြီးရယ်. . ကျွန်တော်က ဒီညီလာခံကို လေ့လာပြီးမှ ဘာလုပ်ရမယ်ဆိုတာကို ပြင်ဆင်ရမှာပါ၊ ခုတော့ စိတ်ရှည်သည်းခံမှုမရှိပဲ ဇွတ်တိုးလုပ်မိတဲ့အတွက် တစ္ဆေဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ငွန့်လွှတ်ရတော့မယ်ဗျ၊ တစ္ဆေလောကရဲ့ဂုဏ်ထူးဆောင်တဲ့ သေမှ အဲ့ဒီဂုဏ်ထူးကြီးက ဘာလုပ်ရမှာလဲဗျာ. . ဟီးဟီးဟီး. . အီးအီး"

၅ ၅ ၅ ၅



တစ္ဆေတရားရုံးကနေ ရမန်ကြီးရတယ်ပြောပြီး သနဲ့ချိပြီး ပျောက်ဆုံးနေတဲ့ ငပေတိုးကို ရုက္ခစိုးကြီးမျှော်ရတာ တစ်နှစ်ကုန်လို့ တစ်မိုးတောင် ရောက်တော့မယ့်အချိန် ဖြစ်လာတယ်။

အနားကဖြတ်သွားတဲ့ တစ္ဆေတွေမေးတော့လည်း မသိဘူး ပြောနေပေမယ့် သူတို့အမူအရာတွေက ယဉ်ကျေးသိမ်မွေ့နေသ ယောင်ယောင်ပဲလေ၊ တစ္ဆေရုံးကို သွားစုံစမ်းရအောင်လည်း ကိုယ်က နတ်ဆိုတော့ သိက္ခာကျရဦးမယ်မဟုတ်လား၊ ဒါပေမယ့်လည်း သံယောဇဉ်ကရှိနေတော့ တစ္ဆေအုပ်ချုပ်ရေးရုံးကို ကိုယ်တိုင်သွား ပြီး စုံစမ်းရှာပါတယ်။

ဒါပေသိ. . အရင်ရှိခဲ့ဘူးတဲ့ တစ္ဆေအုပ်ချုပ်ရေးရုံး ဆိုတာ လည်းမရှိ၊ မေးကြည့်တော့လည်း မရှိတာကြာပြီလို့လည်း ပြောသူ



www.burmeseclassic.com

www.burmeseclassic.com


ကပြော၊ ကွင်းပိုင်ကြီးဆီ တိုက်ရိုက်သွားမေးဖို့ကလည်း အဝင် ခက်အထွက်ခက်ဆိုတော့ကာ သူ့စိတ်ထဲ ဒီလိုဆင်ခြင်တယ်။

အင်း. . တန်တော့. . ငပေတိုး လုပ်အားပေးပျက်ကွက်မှုနဲ့ ပြည်နှင်ဒဏ် ပေးခံရပြီနဲ့တူတယ်ပေါ့. . .။

အဲသလိုနဲ့ပဲ ရုက္ခစိုးမင်းကြီး စိတ်လျှော့ကာ သူစံမြန်းတဲ့ တမာပင်ဗိမာန်ဆီ ပြန်ရောက်လာတယ်။ မိုးတွေလေတွေကလည်း တအားကျတော့ သူဗိမာန်လေးထဲ မီးလှုံရင်း ငပေတိုးအကြောင်း စဉ်းစားကာ လွမ်းနေမိတယ်။

"သနားစရာလည်းကောင်း၊ ချစ်စရာလည်းကောင်းတဲ့ တစ္ဆေလေးပဲ"

"ဗျို့. . ရုက္ခစိုးကြီး"

"ဟိုက်!. . ပလုတ်တုတ်"

အပင်အောက်က ခေါ်သံကြောင့် ရုက္ခစိုးကြီး ဗိမာန်ထဲကနေ ခေါင်းပြူကြည့်လိုက်တယ်။ ပေစုတ်စုတ် ညစ်ထေးထေးနဲ့ မိုးရေတွေရွှဲပြီး ချမ်းတုန်နေတဲ့ တစ္ဆေတစ်ကောင်ကိုမြင်လို့. . .

"ဟေး. . ဘာလဲကွ"

"ကျွန်တော်မှာနေစရာမရှိလို့ ဒီမှာခဏလောက် နေခွင့်ပေးပါခင်ဗျာ၊ ချမ်းလွန်းလို့ပါ"

"လာပြန်ပြီဟာတစ်ကောင်၊ ငါ့နှယ်. . အေးအေး. . ခဏပဲရမယ်နော်၊ ဒီမှာ မင်းထက်စီနီယာ တစ္ဆေတစ်ကောင် ရှိတယ်ကွ"

တစ္ဆေလေး ဝမ်းသာပြီး လှစ်ခနဲခုန်တက်လာကာ ဗိမာန်ထဲ ဖွတ်ခနဲဝင်ပြီး မီးလှုံလိုက်တယ်။

"ဟ. . ဟ. . ပေ့ကောင်၊ ဒူးနေရာဒူး တော်ရနဲ့ရာတော်


www.burmeseclassic.com

www.burmeseclassic.com



ဒါမင်းတို့နေရမယ့် နေရာလား”

“ခဏလေးပါဗျာ ချမ်းလွန်းလို့ပါ”

ရက္ခစိုးကြီးစိတ်ပျက်ပြီး. . . ‘နောက်လာတဲ့တစ္ဆေလည်း ငပေတိုးထက်ကဲ’ဆိုသလို ဖြစ်နေလို့. . .

“ငါ့နှယ်ကွာ. . မင်းတို့တစ္ဆေတွေ သောက်ချိုးကိုမပြေပါ မင်းနာမည်ဘယ်သူလဲ”

“ငပေတိုးပါခင်ဗျား”

“ဟမ်!. . ”



တစ္ဆေတစ်ကောင်ရဲ့ဒဿန

www.burmeseclassic.com